www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


■ **စာမူခွင့်ပြုချက်အမှတ်**

၅၀၁၃၃၉၀၉၀၉

■ **မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၇၉၈၀၇၁၀

■ **မျက်နှာဖုံးဒီဇိုင်း**

စောဓမ်းဓဝ

■ **စာမျက်နှာဖွဲ့စည်းမှု**

မြစ်ခွဲ၉စင်းကွန်ပျူတာ

■ **ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲအောင်စာပေ)

အမှတ်(၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

■ **ပုံနှိပ်သူ**

ဒေါ်မြမြကြွေ(၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊

အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်။

ပုံနှိပ်ခြင်း – ပထမအကြိမ်

ထုတ်ဝေခြင်း – ဩဂုတ်လ၊ ၂၀၁၀

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၄၀၀

၈၉၅.၈၃

ညီနောင်

ချစ်ခြင်းနံ့ရံကိုဖောက်ထွင်းတဲ့ရယ်သံ / ညီနောင်။ ရန်ကုန် ၊ ရဲအောင်စာပေ၊ ၇၈၂၊ ၂၀၀၉။

၁၇၀ စာ၊ ၁၃ x ၂၀ စင်တီ။

(၁) ချစ်ခြင်းနံ့ရံကိုဖောက်ထွင်းတဲ့ရယ်သံ


www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံးမှာ

သုံးခါပဲ ရယ်တယ်ဆိုတဲ့

သီလဝကို သနားလိုက်တာ...



www.burmeseclassic.com

www.burmeseclassic.com

ရယ်သောတစ်ခါဝတွင် ရတနာခုသည်တဲ့။
ဂျပန်စကားပုံတစ်ခုပါ။
ဟိုး... ရှေး... ရှေး... တုန်းက...။
လူတစ်ယောက်ဟာ မွေးကတည်းက
တစ်ခါမှ မရယ်ဘူးတဲ့။ သူ့ရဲ့မိဘတွေနဲ့
ဆွေမျိုးသားချင်းတွေက အမျိုးမျိုးရယ်အောင်
လုပ်ကိုင်ပြီး မရယ်တတ်တဲ့ရောဂါကို
နည်းလမ်းအဖုံဖုံနဲ့ ကုသကြပေမယ့်
အဲဒီလူဟာ ဘယ်လိုမှ မရယ်ဘူးတဲ့။
တစ်ခါမှာတော့ သမားတော်ကြီးတစ်ယောက်က
ဆေးလုံးကလေးတစ်လုံးကို ပေးပြီး...
'ဒီဆေးလုံးကလေးကိုသာ တိုက်လိုက်ပါ၊ မုချမသွေ
ရယ်ကိုရယ်စေရမယ်' လို့ အာမခံသတဲ့။
ဒါနဲ့ပဲ ဆေးလုံးကလေးကို တိုက်လိုက်ကြတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အဲဒီလူဟာ ဘယ်လိုမှ
အောင့်ထားလို့မရနိုင်လောက်အောင်
ရယ်ချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာပြီး
နောက်ဆုံးမှာ တဟားဟားနဲ့ အားရပါးရ
အကျယ်ကြီး ရယ်ချလိုက်သတဲ့။
သူရယ်လိုက်တိုင်း ပါးစပ်က
ပုလဲလုံးကလေးတွေ ထွက်ကျလာသတဲ့။
သူရယ်လိုက်တာကလည်း ခုနစ်ရက်ခုနစ်လီဆိုတော့
အိမ်ထဲမှာ ပုလဲလုံးတွေ ပုံနေတော့တာပေါ့။
ဒါကြောင့် ရယ်သောတံခါးဝတွင် ရတနာခုသည်လို့
စကားပုံဖြစ် လာတော့တာ။
အဲဒီတော့ လူတွေအားလုံးဟာ
အသက်ရှည်ကျန်းမာဖို့နဲ့
ချမ်းသာကြီးပွားဖို့အတွက် ရယ်ကိုရယ်ရမယ်...

www.burmeseclassic.com

www.burmeseclassic.com

လူနဲ့တိရစ္ဆာန် ခြားနားချက်ဟာ
ရယ်တတ်ခြင်းနဲ့
မရယ်တတ်ခြင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

သူ့ကို သူတို့မြန်မာစာကသာမက ဟောဒီ ဖန်ခါးမြေက ကျောင်းသားကျောင်းသူတွေ အတော်များများက သိကြတယ်။

သူဟာ ရုပ်ချောလို့လည်း မဟုတ်ဘူး။ သူ့မှာ ယောကျ်ားလေး တစ်ယောက် ရှိသင့်ရှိထိုက်တဲ့ ကိုယ်လုံးကိုယ်ထည် အရုပ်အမောင်းနဲ့ အကျည်းမတန်ဘူးလို့ ပြောလို့ရရုံ ရုပ်ရည်ပဲရှိတာ။

သူ့မှာ ချမ်းသာတာဆိုလို့လည်း ဆောင်းတွင်းပဲ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အနွေးထည်ရယ်လို့ ဟုတ်တိပတ်တိမရှိတော့ ဆောင်းတွင်းဆို အရမ်းကို ချမ်းသာတာပေါ့။

စာကလည်း သိပ်မတော်ပါဘူး။ သူလိုကိုယ်လို စာအုပ်ထဲတောင် [illegible]အောင်ရှိတဲ့သူ မဟုတ်ဘူး။ စာမေးပွဲနားနီးခါမှ ဟိုလူ့ ဆရာခေါ်၊ ဒီလူ့ ဆရာခေါ်နဲ့ ဆရာများရတဲ့သူ။

ဒါနဲ့များ ဘာလို့ တစ်ကျောင်းလုံးက သူ့ကို သိနေကြရတာလဲ။ [illegible]လှခင် များရတာလဲ။

အဖြေက ရှင်းရှင်းကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်ရွှင်ခြင်းအနုပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားလို့ သူနဲ့တွေ့ရင် တဝါးဝါး တဟားဟား ရယ်ရတယ်။ နေရာအချိန်အခါကိုလိုက်လို့ ရယ်စရာစကားပြောတတ်တယ်။

သူ့အောင်ပုဒ်ကိုက ပျော်ပျော်နေသော မောင်တော်နေရေထဲ ပျင်းပျင်းနေတော့ စင်းစင်းသေတယ်တဲ့။

သူက ရယ်စရာလုပ်တယ်ပြောတယ်ဆိုပေမယ့် သူတစ်ပါးမခံရေစ်နိုင်အောင် လုပ်တာတော့ မဟုတ်။ ခံရသူလည်း ပြုံးပြုံးကလေးနဲ့ ခေါ်သွားဖြဲရှက်ရယ် ရယ်ရရုံလောက်ပါပဲ။ ဒါပေမဲ့ ရယ်ရအောင်လုပ်ရတာဆိုတော့ တစ်ခါတလေ ကိုင်းဖျားမလွတ်တာလေးတွေလည်း ရှိတော့ရှိတယ်။ ရှားတယ်ပေါ့။

ဘာပဲဖြစ်ဖြစ် အားလုံးက သူ့ကိုနားလည်ပေးတယ်။ ခွင့်လွှတ်ကြတယ်။ ချစ်ခင်ကြတယ်ပေါ့။

သူနဲ့တွေ့ရင် ရယ်ရတာကိုး။ ရည်းစားပူမိနေသူတွေတောင်မှ သူနဲ့တွေ့ရင် ကွဲနေတဲ့အသည်းတောင်မှ ပြန်ဆက်သွားပြီလား မှတ်ရအောင် တဟီးဟီး တဟားဟားနဲ့ ဖြစ်နေတော့တာ။ စာကျက်ရလွန်းလို့ ဦးနှောက်ခြောက်နေတဲ့သူတွေလည်း လက်ဖက်ရည်ဆိုင်မှာ သူနဲ့တွေ့လိုက်ရုံပဲ။ ရယ်သံနဲ့ ဦးနှောက်ဆေးပြီးသား ဖြစ်သွားမယ်။

ဩော်… မေ့တော့မလို့။ သူ့ကို သွန်းနေရတာနဲ့ အဓိကပြောရမယ့် စကားတောင် မပြောမိသေးဘူး။

သူ့နာမည်က **နေသစ်**။

မြန်မာစာ တတိယနှစ်က ဆိုတာပါ။

✻

www.burmeseclassic.com

www.burmeseclassic.com

ဟွန်း… နာမည်ကိုက နေသစ်တဲ့။ နစ်သေမယ့်ကောင်။ မျက်နှာထိုက ကျောက်ကျောရေစွတ်ထားတဲ့ မျက်နှာနဲ့။

ကောင်မလေးတွေကလည်း သင်းနဲ့တွေ့ရင် ငြိမ်းချမ်းနဲ့ရှဲဒိုး နှစ်ဖက်ညှပ်ပြီး ကလိထိုးပေးနေတာလားကျလို့ တဟီးဟီး တခွီးခွီးနဲ့ အူတက်မတတ်ဖြစ်နေလိုက်ကြတာ တကတည်းမှပဲ။

မနက်စောစော မုန့်ဟင်းခါးသွားစားဖို့ထွက်အလာ နေသစ်နှင့်ဖွဲ့ကျနေသော မေသက်ပိုင်နှင့် ဖွန်ဖွန်တို့ကို ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေရင်းမှ စပါး ဒေါသထွက်နေမိသည်။

ပြီး မပြီးနိုင်ဘူး။ ရှည်တော်မူလိုက်တဲ့ စကားကြော။ ကိုရီးယားဇာတ်လမ်းတွဲတစ်ခုလုံးကို တစ်ထိုင်တည်းနဲ့ အစအဆုံးပြောပြရင်တောင်ဒီလောက်ကြာမှာ မဟုတ်ဘူး။ ဒီမှာဖြင့် ဗိုက်ကဆာလှပြီ။ ဟွန်း… ကောင်မချောတွေ…။

'ဟေ့… မိန်းမတွေ စကားကပြောလို့မပြီးဘူးလား'

အဲဒီလို ခပ်ဆတ်ဆတ်ကလေး စပါးက အော်လိုက်မှ မေသက်ပိုင်နှင့် ဖွန်ဖွန်တို့ သူမကို ရှိသေးပါကလားလို့ သတိရတော့တယ်။

'ဩော်… အေး… အေး… လာပြီ၊ လာပြီ'

'ဒီမှာ ညက ခေါက်ဆွဲခြောက်ပြုတ်ကလေးနဲ့ ပြီးလိုက်ရတာ ဗိုက်တာ ဆာလှပြီ'



www.burmeseclassic.com

www.burmeseclassic.com



သူမခေါ်အပြစ်ဆိုစကားကို မေသက်ပိုင်က ပြောင်ချော်ချော်နှင့် ပြန်အော်သည်။

'ကျုပ်တို့တောင် မဆာသေးဘဲနဲ့ ရှင်က…'

'ဩော်… ရှင်တို့မဆာတိုင်း ကျုပ်က မဆာရတော့ဘူးတဲ့လား၊ ဟင်း… ဟင်း… ရှင်တို့ ဗိုက်တွေဖောက်ပြီး အူနှုတ်စားမိလိမ့်မယ်နော်၊ ဟင်း…'

မေသက်ပိုင်နဲ့ ဇွန်ဇွန်တို့ကို အနိုင်ယူလိုက်တဲ့ စပါးရဲ့စကားက နေသစ်ဆိုတဲ့ သတ္တဝါရဲ့စကားနဲ့ကျမှ အရှုံးကြီးရှုံးလိုက်ရတယ်။

ကြည့်လေ… နစ်သေမယ့်အကောင်ပြောသွားပုံက…။

'ဟော့… စပါး၊ စားချင်ရင် အူတော့ဖောက်မစားပါနဲ့ဟာ၊ ဟော့… မေသက်ပိုင်နဲ့ ဇွန်ဇွန်ကလည်း နှမျောမနေကြပါနဲ့ဟာ၊ ဒီလောက်တောင် ဆာနေတဲ့ ဥစ္စာ၊ ယိုကျွေးလိုက်ကြပါ၊ သူ့ခမျာ သနားပါတယ်၊ စားချင်ပြီတဲ့'

အော်ပြောပြီး စက်ဘီးကို နင်းထွက်သွားတဲ့ နေသစ်ရဲ့ နောက်ကျောဘက်ဆီမှာ စပါးရဲ့အယုတ္တအနတ္တစကားတွေ ကပ်ပါသွားတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

ဒီပြဿနာကို ပေါ်ပေါက်လာအောင် အတို့အထောင်လုပ်သူမှာ ဝင့်အောင်ပါ။ ဘယ်ကိစ္စမဆို သူ့ဘာသူနေရင် အေးအေးဆေးဆေးနှင့် ပြီးသွားရမယ့်ကိစ္စကို ဝင့်အောင် အတို့အထောင်ဝင်လုပ်မှ ပိုရှုပ်ကုန်တတ်တာ။ ဒါကြောင့်လည်း '**အတို့အထောင်ဝင့်အောင်**' လို့ နာမည်တွင်တာ။

'ဟော့ကောင်... နေသစ်၊ မင်းကို စပါးက မျက်စိစပါးမွေး စူးနေပြီရတယ်'

နီဒါန်းမပျိုး ဘာမပျိုးနဲ့ ဝုန်းခနဲ ရောက်လာပြီး ဒိုင်းခနဲ ပြောလိုက်တဲ့ ဝင့်အောင်စကားကြောင့် သောက်လက်စလက်ဖက်ရည်တွေ ပိုချိုသွားသလားထင်လိုက်တယ်။ ဒီနေရာမှာ တခြားသူဆို လက်ဖက်ရည်တွေ ပိုခါးသွားတယ်လို့ သုံးနှုန်းမှာ ဖြစ်ပေမယ့် သူ့အဖို့တော့ အချိုမကြိုက်၍ ပေါ့ကျကျခါးခါးပြင်း သောက်တတ်သူမို့ သည်လိုသုံးလိုက်တာပါ။

နေသစ်က ပါးစပ်ထဲတွင် ချိုပျစ်ပျစ် ဖြစ်လာတဲ့ အရသာကို မြိုခနဲ ထွေးထုတ်လိုက်ပြီး...

'အေးလေ... နာမည်ကိုက စပါးဆိုတော့ မျက်စိစပါးမွေးစူးတာ ဆန်းဘူးပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတော့ အတို့အထောင် ဝင့်အောင်က…

‘အေးကွ၊ နာမည်ကလည်း ကြွံကြွံဖန်ဖန် စပါးတဲ့’

ဟု အတို့အထောင်ပေးပြန်သည်။

‘သူ့မှာ အစ်မတွေ၊ ညီမတွေရှိနေသေးရင် နာမည်တွေကလည်း ဖဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်တို့များ ဖြစ်နေဦးမလား မသိဘူး’

အတို့အထောင်ရဲ့စကားကို သဘောကျပြီး သူ ရယ်လိုက်ရသေးတယ်။

‘နေပါဦး၊ စပါးက ငါ့ကိုကြည့်မရဖြစ်နေတယ်လို့ မင်းက ဘာလို့ ပြောနိုင်ရတာလဲ’

ဝင့်အောင် စောင့်နေတဲ့ အမေးစကား။

တကယ်လို့ နေသစ်က မမေးလည်း ဝင့်အောင်က ဒီစကားကို ပြောပြပြီး အတို့အထောင် လုပ်တော့မှာ။

‘မင်းပဲ သတိထားကြည့်လေ၊ ကင်တင်းမှာပဲဖြစ်ဖြစ်၊ မြို့ထဲက စားသောက်ဆိုင်မှာပဲဖြစ်ဖြစ်၊ မင်းတို့အဖွဲ့နဲ့ စားပွဲချင်းကပ်ထိုင်ကြပြီဆိုရင် စပါးက မင်းမျက်နှာမှုတဲ့လက်ကို ကျောပေးထိုင်နေကျ၊ တစ်စားပွဲတည်း ထိုင်ကြပြီဆိုရင်လည်း မေသက်ပိုင်တို့ ဇွန်ဇွန်တို့ကသာ မင်းစကားကို အရေးစိုက်နားထောင်ပြီး ရင်းရင်းနှီးနှီး ရယ်လား မောလားနဲ့ ဆက်ဆံကြတာ၊ စပါးကတော့ မင်းကို ဖုတ်လေတဲ့ငါးပိ နံတယ်လို့ သဘောထားပြီး နှာခေါင်းရှုံ့ချင်ချင်ရယ်၊ မင်းကို ဘယ်တုန်းက မျက်နှာချင်းဆိုင်ဖူးလို့လဲ’

‘အေး… အဲဒါကတော့ ဟုတ်တယ်ကွ၊ အခုဘဝမှာ သူနဲ့ငါ မျက်နှာချင်းမဆိုင်ချင်တာက ဟိုးဘဝတုန်းက ဆိုက်ကားအတူတူ စီးခဲ့ဖြ ဖူးတဲ့အထုံကြောင့် ဖြစ်မယ်’

ခပ်ပေါ့ပေါ့ ပြောလိုက်တဲ့ နေသစ်စကားကြောင့် ဝင့်အောင်ခမျာ မချင့်မရဲ ဖြစ်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အေး… မျက်နှာချင်းမဆိုင်ချင်လို့ မဆိုင်ရုံလောက်ဆို ငါ မပြောချင်ပါဘူး၊ ဒါပေမဲ့…'

'ဒါပေမဲ့ ဘာဖြစ်လဲ၊ သူက ငါ့ကို ကန့်တင်းလာရင် လူသာလာပါ မျက်နှာခေါ်မလာပါနဲ့လို့ ပြောနေလို့လား၊ အဲဒါတော့ မရဘူး၊ ပါးစပ်ပါ မလာရင် ငါ ဘာနဲ့လက်ဖက်ရည်တို့ မုန့်တို့ စားလို့သောက်လို့ဖြစ်တော့ မလဲ'

'မဟုတ်ဘူး၊ မဟုတ်ဘူး'

ဝင့်အောင် ခေါင်းယမ်းလိုက်တယ်။

လက်ထဲကဆေးလိပ်ကိုဖွာရင်း ဝင့်အောင်ရဲ့စကားကို စောင့်နေလိုက်တယ်။

'စပါးက မင်းကို လူပေါ့လူရွှတ်တဲ့'

ဝင့်အောင်အပြောကြောင့် သူ မျက်လုံးကို တမင်ပြူးပြလိုက်ပြီး…

'ဟ… သူက ငါ့ကို ဘယ်တုန်းက မြည်းကြည့်လိုက်လို့ ပေါ့တယ်၊ ငန်တယ် ပြောနိုင်ရတာတုန်း'

နေသစ်က သူ့အကျင့်အတိုင်း ပြောင်ချော်ချော် ပြောနေတာနဲ့ ဝင့်အောင်စကားက လိုရင်းမရောက်ဘဲ ချော်ထွက်သွားပြန်ရော။ ဒါပေမဲ့ ဝင့်အောင်က သူများတွေ ထမင်းဟင်းလိုက်စားနေပြီး အလကားနေရင်း (အဲ… အလကားနေတာတော့ မဟုတ်ဘူး၊ အဆောင်လခပေးပြီးနေရင်း) သူများတွေကို အတို့အထောင်လုပ်နေချင်တဲ့သူဆိုတော့ စိတ်ရှည်ရှာပါတယ်။

'စပါးက မင်း စကားပေါ့ရွှတ်ရွှတ်ပြောတာကို ပြောတာကွ'

'ဩော်… ငါက စကားကို လေးလေးပင်ပင်ဖြစ်အောင် အသံငှဲ ငှဲ ပြောရမှာလား၊ ဒါမှမဟုတ် ခဲဆွဲပြီး ပြောရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ မင်းအပိုင်းလေ၊ မြသလွန်ကုန်းပေါ်က ကျောက်ဖျာကြီးရှက်ပြောရင်တောင် စပါးက မယ်ကုဝဏ်ရုပ်မှတ်ပြီး ဆွမ်းတော်တင်ရှန့်သွားလိမ့်မယ်"

ဝင့်အောင်ရဲ့စကားကြောင့် နေသစ်မျက်နှာက တရုတ်မီးပုံးခေါက်ထားသလို တွန့်လိမ်သွားရတယ်။ သူ့မျက်စိထဲမှာလည်း ဆောင့်ကြောင့်ကြီးထိုင်ပြီး ကျောက်ဖျာကြီးကို ရှက်ထားတဲ့ ဘီလူးမ မယ်ကုဝဏ်ရဲ့ပုံကိုမြင်ယောင်လိုက်မိတယ်။ ဘီလူးချင်းအတူတူ ရင်ပြင်တော်ဦးက ဘောသောဘောကြွယ်လောက်ဆိုတော်သေး။ သူတို့ကမှ ပေါ့ပေါ့ပါးပါး သံလျက်ကလေးလောက်တင် ထမ်းထားရတာဆိုတော့ ကျောက်ဖျာကြီးရှက်ရတာနဲ့စာရင် တော်တော်သက်သာတာပေါ့။ လူ့လောကမှာမှ မဟုတ်ဘူး။ ဘီလူးလောကမှာလည်း မောင်တစ်ထမ်း မယ်တစ်ရွက်က ပိုပြီးလေးနက် နေတတ်တာမျိုးတွေရှိတာပဲ။

"ထားပါတော့၊ ငါ့ဘာငါ ပေါ့ပေါ့ လေးလေး သူနဲ့ဘာဆိုင်လို့လဲ၊ သူက ရှက်နေရတာမို့လို့ ပြောတာလား"

သူ့ရဲ့အငေါ့စကားအတိုင်း ဝင့်အောင်က လိုက်အတို့ထောင်တယ်။

"အဲဒါပေါ့၊ စပါးက မဆိုင်တဲ့အပေါက်ကို ဂလိုင်နဲ့ခေါက်ချင်တာ၊ ငါကလည်း အဲဒါကို မကျေနပ်လို့ မင်းကို လာပြောရတာ၊ မင်းကို စပါးက အပေါစားရယ်သံတွေနဲ့ လောကကို (ဟောဒီဖန်ခါးမြေ)ကို ဆူညံအောင် လုပ်နေတဲ့ သတ္တဝါတဲ့"

"ဘာ..."

နေသစ်ရဲ့ အော်သံကြောင့် တခြားစားပွဲက ကျောင်းသူကျောင်းသားတွေ လှည့်ကြည့်ကြတယ်။ တစ်စားပွဲကျော်က ကျောင်းသူကလေးတွေဆို ပြဇာတ်တိုက်နေတာလား မသိဘူးဆိုပြီး စိတ်ဝင်တစားအောင် လှမ်းကြည့်နေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူက ငါ့ကို အဲဒီလိုပြောတယ် ဟုတ်လား'

'အေးကွ'

'အေး… အဲဒီမအောင်မဖျင်းဖြစ်နေတဲ့ စပါးကို ပြောလိုက်၊ လူမှန်ရင် ရယ်တတ်ကြတယ်လို့၊ ခွေးတို့ နွားတို့ ကြောင်တို့ဆိုတဲ့ တိရစ္ဆာန်မျိုးနွယ်တွေသာ သူများရယ်လို့ မရယ်တတ်တာလို့'

*

www.burmeseclassic.com

www.burmeseclassic.com

"ဘာ… ရယ်သံနဲ့နှစ်သေမယ့် နေသစ်ဆိုတဲ့ ငနဲကို ပြန်ပြောလိုက်၊ လှုပ်ခနဲရှိ ထရယ်၊ လှုပ်ခနဲရှိ ထရယ်နဲ့ ဦးတည်ဘွားရုပ်လို လှုပ်တိုင်း ထရယ်တတ်တာ ဦးနှောက်ကျပ်မပြည့်တဲ့ အရူးမို့လို့"

*

www.burmeseclassic.com

www.burmeseclassic.com

'ဘာ… ကွ…၊ စပါးကို ပြောလိုက်
………………………………'

*

'ဘာ… ၊ အဲဒီကောင်ကို ပြောလိုက်…
………………………………'

*

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့…။

နေသစ်နဲ့စပါးတို့ရဲ့ ပဋိပက္ခက ပိုမိုပြင်းထန်လာတယ်။

ပြဿနာက အထွတ်အထိပ်ရောက်လာတယ်။

ကိုယ်မွေးတဲ့မီး ကိုယ်မနိုင်ဖြစ်ရရှာတဲ့ အတို့အထောင် ဝင့်အောင်လည်း ပြေးပြီ။ ဒါမှ သူပါ မလောင်မှာကိုး။

နေသစ်နဲ့စပါးမှာတော့ ဘာပြောကောင်းမလဲ။

ဒေါသမီးတွေ တဟုန်းဟုန်းပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

နေသစ်နဲ့ စပါးတို့ ထိပ်တိုက်တွေ့ကြတဲ့ပွဲ။

တကယ့် ပွဲကြီးပွဲကောင်းပေါ့။

နေရာက ဖန်ခါးမြေဝန်းကျင် စားသောက်ဆိုင်ကလေးမှာ။ ဆိုင်နာမည်က မွန်းတည့်တဲ့။

အချိန်ကလည်း နေ့ခင်းဆယ့်နှစ်နာရီတိတိ။

စားပွဲရဲ့ တစ်ဖက်တစ်ချက်မှာ နေသစ်နဲ့ စပါးတို့ တစ်ယောက်ကို တစ်ယောက် စူးစူးရဲရဲ စိုက်ကြည့်ပြီး မလှုပ်မယှက် ထိုင်နေကြပြီး တစ်ယောက်နဲ့တစ်ယောက် အကဲစမ်းနေကြတယ်။

လေအဝှေ့မှာ လွင့်ဝဲသွားတဲ့ တမာရွက်၊ စိန်ပန်းရွက်၊ မယ်ဇလီရွက်ကြွေတို့က တရုတ်သိုင်းကားထဲက ဓားသမားနှစ်ယောက် ယှဉ်ပြိုင်ခါနီး အတွင်းအားတွေ ကိုယ်စီသုံးလိုက်ကြလို့ လွင့်ဝဲကြွေကျလာတဲ့ မြင်ကွင်းလို။

ဓားသမားတွေသာဆို ဝတ်ရုံထဲက ဓားတွေကို ရှမ်းခန်နေအောင် ဆွဲထုတ်လိုက်ကြပြီးပြီ။ သူတို့မှာတော့ ဓားနဲ့တူတာဆိုလို့ ပေတံတောင်မပါ။ ...လ သူတို့က ဓားချင်းခုတ်မှာမှ မဟုတ်ဘဲကိုး။ စကားချင်းခုတ်ကြမှာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့အကြားက စားပွဲပေါ်မှာ အရုပ်အပြည့်နဲ့ စစ်တုရင်ခုံတစ်ခုံ။ မသိတဲ့သူဆို သူတို့အချင်းချင်း စစ်တုရင်ပြိုင်ထိုးကြလိမ့်မယ်လို့ ထင်စရာ။ ဒါပေမဲ့ နေသစ်အဖို့ စစ်တုရင် မကစားတတ်သလို စပါးကလည်း လုံးလုံးနားမလည်ပါ။ တကယ်တော့ ဒီစစ်တုရင်ခုံက စောစောက နေသစ်နဲ့အတူ တစ်ဝိုင်းတည်းထိုင်နေတဲ့ သူငယ်ချင်းတွေ ကစားလက်စပွဲပါ။ စပါးရောက်လာတာနဲ့ ဒီအတိုင်းထားပစ်ခဲ့ကြပြီး ထွက်သွားကြတာ။

အဲဒါကို နေသစ်က ခပ်တည်တည်နဲ့ စပါးဘက်ရောက်နေတဲ့ ရဲတိုက်ကြီးတစ်ခုကို ဆွဲလှဲပစ်လိုက်တယ်။ ဇမ္ဗူထိပ်နိမိတ်တဲ့ မဟုတ်လား။

စပါးကလည်း အောက်ကျမခံ။ နေသစ်ဘက်က ရဲတိုက်တစ်ခုကို ပြန်လှဲလိုက်တယ်။ ဇမ္ဗူထိပ်နိမိတ်ဆိုတာ သူမလည်း အယူရှိတယ်လေ။

စပါးက သူမရှေ့က ရဲတိုက်ကို ပြန်ထောင်လိုက်တယ်။ နေသစ်ကလည်း သူ့ရှေ့က ရဲတိုက်ကို ပြန်ထောင်တယ်။ ဇမ္ဗူထိပ် နိမိတ်။

သူတို့တိုက်ပွဲက စပြီ။

'နင် ငါ့မကောင်းကြောင်းတွေကို ဝင့်အောင်ကို ပြောတယ်ဆို'

'အောင်မာ... နင်ကရော ငါ့မကောင်းကြောင်းတွေကို ဘာလို့ ဝင့်အောင်ကို သွားပြောရတာတုန်း'

'နင်ပြောလို့ပေါ့'

'ငါကလည်း နင်ပြောလို့ပေါ့'

'နင်က စပြောတာ'

'မဟုတ်ဘူး၊ နင်က စပြောတာ'

'မဟုတ်ကဟုတ်က မပြောနဲ့၊ နင်က စပြောတာ'

'ဟော့... နင်က စတာ၊ ငါက စတာတွေလုပ်မနေနဲ့ လာ- နင်နဲ့ငါနဲ့ချမယ်၊ မကျေနပ်ရင် အခုထွက်လိုက်'



www.burmeseclassic.com

www.burmeseclassic.com



စပါးရဲ့ စိန်ခေါ်စကားကြောင့် နေသစ် ဖြုံသွားရတယ်။ သူမက တိုက်ကွန်ဒိုသင်တန်းဆင်းကိုး။ အားနွဲ့တဲ့ယောကျ်ားသားဆိုပြီး စမ်းဘာ ပေါ့လေ။ ဘယ်ရမလဲ။

နေသစ်ကလည်း ခါးပတ်နက်ပဲ။ ဟိုတစ်နေ့ကမှ ဂျင်းဘောင်းဘီ ယယ်ရင်း တစ်ခါတည်းဝယ်လာခဲ့တာ။ အနက်ရောင်မှ အနက်ရောင်စစ်စစ်။

နေသစ်ကလည်း စားပွဲခုံက ယိုးဒယားကလေးနဲ့ ထလိုက်တယ်။

စပါးကတော့ သူမကိုယ်သူမ မီးရှဲယိုများ အောက်မေ့နေသလား သိဘူး။ ခြေထောက်ကို ကားကားရပ်။ လက်သီးကလေးနှစ်ဖက်ဆုပ်ပြီး ထိုးသွင်းထားလိုက်ပုံများ အီးအီးတွေထွက်ကျတော့မလား အောက်မေ့ရတယ်။

သူလည်း အသက်ကို ဝဝရှူပြီး ငါဟဲ့ နေသစ်ဆိုပြီး သတ္တိတွေ ချစ်ညှစ်ထုတ်ရတယ်။ စပါးက ဘာမို့လို့ ကြောက်ရမှာလဲ။ ခွေးကလေး နဲ့လို့ ဖုန်မထ၊ ကြက်မတွန်လို့ မိုးမလင်းပါဘူး။ ငါက ယောကျ်ားပဲ။ ထားဥသြဆွဲလို့ ဘူတာရုံလွင့်သွားတာမရှိဘူး။ ကျီးကန်းအာလို့ ထွက် သတ်စနေ ပြန်ဝင်သွားတယ် မရှိဘူး။ ငါဟဲ့ယောကျ်ား အမေကြီးမွေးတဲ့သား သူ့အမေက သူ့ကိုမွေးတော့ အသက် ငါးဆယ်ကျော်ပြီလေ။)

'ဟော့… စပါး နင့်ကိုယ်နင် တိုက်ကွမ်ဒိုတတ်တယ်ဆိုပြီး ဖင်ခေါင်း ကျယ်နဲ့၊ ငါလည်း သိုင်းတတ်တယ်၊ ဒီမှာကြည့်'

ပြောပြောဆိုဆိုနဲ့ ထိုင်ခုံပေါ်တက် မတ်တပ်ရပ်ပြီး ခါးက ပုဆိုးကို ကျွယ်သိုင်းပြလိုက်တယ်။ (ရှိင်းတယ်လို့တော့ မထင်ပါနဲ့၊ အောက်မှာ ဘောင်းဘီ ပါပါသေးတယ်)

'ဟဲ့… ဟဲ့… ဘယ်လိုဖြစ်ကြတာလဲ၊ နေကြပါဦး'

'ဟာ… နေသစ်နဲ့စပါးကလည်းဟာ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ဖြစ်နေပြီ၊ မနေ့ကမှ မူကြိုလာအပ်တဲ့ ကလေးတွလို ရန်ဖြစ် နေကြတယ်ဟာ၊ မရှက်ကြဘူးလား၊ ထိုင်… ထိုင်… နေသစ် စပါး လည်း ပြန်ထိုင်'



www.burmeseclassic.com

www.burmeseclassic.com



မေသက်ပိုင်နဲ့ ဇွန်ဇွန်တို့ရောက်လာပြီး သူတို့နှစ်ယောက်ကို ဖျန်ဖြေကြတယ်။

'ငါတို့လည်း ဝင့်အောင်ဆီက သတင်းကြားလို့ လိုက်လာတာ၊ တော်သေးတာပေါ့ဟယ်၊ ကျော်မကောင်း ကြားမကောင်း၊ လွန်လွန်ကျူးကျူး ဖြစ်ကြသေးလို့၊ နို့မို့ဆို ဖုံးမရ ဖိမရနဲ့ ဒုက္ခပဲ၊ ပုပ်ရင်ပေါ် ဟုတ်ရင်ကျော် တတ်သတဲ့'

မေသက်ပိုင်ရဲ့ လေးလေးနက်နက် စကားအဓိပ္ပာယ်တွေကြောင့် စပါး ဈေ့ဈေ့ခုန်သွားရပြန်တယ်။

'ဒေါ်မေသက်ပိုင်၊ သူနဲ့ကျုပ်နဲ့က ရန်ဖြစ်ပြီး ဖိုက်တင်ပလေးဖို့ တာဆူနေတာ၊ တော်ပြောပုံက ဟင်း… ဟိုဒင်းဟိုဟာ့ဖြစ်စွလိုလိုနဲ့ စကားကို ဆင်ခြင်ပြောနော်၊ ဟင်း… ကျုပ် ဒေါ်သမုန်တိုင်းက တော့်ဆီလမ်းကြောင်း ပြောင်းသွားမယ်၊ ဟင်း… ဟင်း…'

စပါးက အဲ့ဒီလိုကြိမ်းလိုက်မှ မေသက်ပိုင်ခမျာ ဇက်ကလေးပုသွားတယ်။ ဇွန်ဇွန်ကတော့ မေသက်ပိုင်ဘက်က ရှေ့နေလုပ်လိုက်သေးတယ်။

'မေသက်ပိုင် စိုးရိမ်တာကို တစ်မျိုးပါ'

'ဘာတစ်မျိုးလဲ'

'သြော်… တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းအတွက် ကာတွန်းစောကြီးက ရေးကွက်လိုက်ရှာနေတာမဟုတ်လား၊ ခုနက နေသစ်ပုဆိုးစလွယ်သိုင်းပြီး ထိုင်ခုံပေါ်တတ်ရပ်နေတဲ့ ပုံကိုများ မြင်သွားပြီး ကာတွန်းရေးထည့်လိုက်ရင် တစ်ကျောင်းလုံး သိသွားပြီ'

'တော်စမ်းပါ ပေါက်တက်ကရတွေ'

စပါးက ဟောက်လိုက်မှ မေသက်ပိုင်ရော ဇွန်ဇွန်ရော ငြိမ်ကျသွားတယ်။

'နေပါဦး၊ နင်တို့က ဘယ်လိုကနေ ဘယ်လို ရန်ထဖြစ်ကြတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဖွန်က စစ်ဆေးရေးဝင်ပါတော့တယ်။

စပါးက ဦးအောင်ဖြောင့်ချက်ပေးတယ်။

'အလကားပါ၊ ငပြူးက ပြဲတယ်ပြောပြီး ယာရှင်ကို မျောက်က ခေါင်းလုပ်တာပါဟာ'

'ဟော့… စပါး၊ လိမ်မပြောနဲ့၊ မြွေကမရှည် ခရုကရှည်ချင်မနေနဲ့'

စပါးနဲ့ နေသစ်တို့က မြန်မစာသမားတွေပီပီ ဝက်ဝုဏ္ဏအလင်္ကာတွေနဲ့ ရန်ပွဲကို တစ်ကျော့ပြန်တယ်။ မေသက်ပိုင်က အီးသမားပီပီ…

'တော်ကြပါတော့ဟာ၊ ဒါသကို Return ပြန်မလုပ်ကြပါနဲ့တော့'

ဒါပေမဲ့ အီကိုသမား ဖွန်ဖွန်ကတော့ ကိုယ်လိုင်းကိုယ့်အထာမဟုတ်တာကို အမှားမှားအယွင်းယွင်းနဲ့ တစ်လွဲဝင်ပြောပြန်တယ်။

'ကျေနပ်ကြပါတော့ဟာ၊ အာကာသရေးတွေ မထားကြပါနဲ့တော့'

'အာဃာတ၊ အာဃာတ'

စိတ်တိုနေတဲ့ကြားက မနေသာလို့ နေသစ်က ဝင်ထောက်ပေးလိုက်တယ်။

'အေး… အေး… အဲဒီ… အာ… ဃာ… တ တရားတွေထားဘဲ ပြဿနာကို ရထားဘူတာကျကျ ဖြေရှင်းကြစမ်းပါဟာ'

'ယထာဘူတ… ယထာဘူတ'

မေသက်ပိုင်ပြောနေပုံက နေသစ်ရဲ့ တိုနေတဲ့စိတ်ကို အဖျားလာတာတီပေးနေသလိုလို။

'ဘာမှလာပြီး တရားတွေ နှစ်ရားတွေ ချမနေနဲ့၊ ငါပြန်တော့မယ်၊ ထမင်းချိန်နီးနေပြီ'

မဟုတ်က ဟုတ်က ညာပြောပြီး ဝုန်းခနဲ ထလိုက်တယ်။

ထပ်ဆင့် ဝုန်းဆိုတဲ့အသံကြီးကြားလိုက်ရပြီး နေသစ် ပက်လက်ခေါင်းလာ ရေမြောင်းထဲ ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်တဲ့ပုံနဲ့ ထလိုက်တာ စားပွဲခုံစွန်းကို တိုက်မိပြီး အိုဗာ အိုက်တင်ဖြစ်ပြီး ဘေးကရေမြောင်းထဲ ကျသွားရတာပါ။

မေသက်ပိုင်နဲ့ဖွန်ဖွန်တို့က အရေးပေါ်ကယ်လိုက်လို့ ရေမြောင်း ပေါ်ပြန်တက်လာနိုင်ပေမယ့် သူ့တစ်ကိုယ်လုံးမှာနွံပုပ်တွေပေလို့။ ဒါကိုကြည့် ပြီး ဖွန်ဖွန်က နေသစ်ကို အရှက်ပြေအောင် အားပေးစကား ပြောလိုက်သေး တယ်။

'ယောကျ်ားမှန်ရင် နွံမနစ်စတမ်းပါဟယ်'

'ပတ္တမြား၊ ပတ္တမြား၊ နင့်ကြီးတော် ယောကျ်ားရမှာလား'

နေသစ်လည်း ရှက်ရှက်နဲ့ စွတ်ဟောက်လိုက်ရတယ်။ တဆက် တည်း စပါးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆက်ဟောက်လိုက်တယ်။

'ဟေ့… စပါး၊ ငါ တက္ကသိုလ်ရောက်တာ သုံးနှစ်ရှိပြီ၊ မိန်း တစ်ယောက်အတွက်နဲ့ လမ်းဘေးရေမြောင်းထဲ ရောက်ရတာမျိုး မကြုံ ဖူးဘူး၊ ဒါ… ပထမဆုံးပဲ၊ ငါ့ဘဝကို လမ်းဘေးရေမြောင်းထဲရောက်အောင် လုပ်ခဲ့တဲ့ နင့်ကို ငါ မကျေနပ်ဘူး၊ ကျောက်ခဲကို ယာဂုကျိုလို့ ဆန်ကွဲဖြစ် တောင် ငါ မကျေနပ်ဘူးမှတ်'

စပါးကလည်း အကြောမခံ။

'ဟေ့… နေသစ်၊ ငါ့ကို သစ်စိမ်းချိုးချိုးတဲ့ နင့်ကို ကျောက်ခဲမှ ထိုးပြီး ပေါင်မုန့်ခြောက်လို မွရှနေရင်တောင် မကျေဘူးလို့ မှတ်ထား'

မြန်မာစာသမားတွေ ရန်ဖြစ်နေတာကတော့ စံပဲ။ ဘေးကလူကြား ရင် အသက်ရှူမှားလောက်အောင် အနက်ယူလွဲသွားနိုင်တယ်။

နေသစ်ကလည်း နေသစ်။ စပါးကလည်း စပါး။

ခေသူတွေမှ မဟုတ်ကြတာ။

✻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

နေသစ်နဲ့ စပါးတို့ရဲ့ရန်ပွဲဟာ ဘာရဲ့အစလည်းတော့ မသိဘူး။

သူတို့နှစ်ယောက်ကတော့ ရန်ပွဲရဲ့အစဟာ ရန်ပွဲလို့ပဲ ထင်မှတ်ထားကြပုံရတယ်။

ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် မတွေ့ရ မနေနိုင်။ မမြင်ရ မနေနိုင်အောင် ဖြစ်လာကြတော့တယ်။

အဲဒီစကားကြောင့် ဘယ်နှယ်ပါလိမ့်ဆိုပြီး နားရှုပ်သွားကြပြီလား သေိဘူး။

ဒီလိုလေ။

ပြဿနာဖြစ်အပြီး နောက်တစ်နေ့မှာ စပါးက နေသစ်တို့ရှိတဲ့ဆိုင်ကို မေသက်ပိုင်တို့ ဖွန့်ဖွန့်တို့ ခြံရံပြီး သွားတယ်။ နေသစ်နဲ့ မျက်နှာချင်းဆိုင်မှာပဲ ထိုင်တယ်။ သူမ သဘောက နေသစ်ကို သူမက ရှောင်နေလိုက်ရင် ကြောက်ရာကျမှာစိုးလို့ နေသစ်ကို တည့်တည့်ဝင်တိုးနေတာတဲ့။

နေသစ်ကလည်း စပါးက သူ့ကို မထီမဲ့မြင်လုပ်နေတာ။ စိန်ခေါ်နေတာဆိုတာကို သိတယ်။ နေသစ်ကိုတော့ သွေးတိုးမစမ်းနဲ့။ (စပါးက အရာဝန်မှ မဟုတ်တာကိုး)။ ဒီမိန်းမက ဘာသားနဲ့ ထုထားတာမို့လို့လဲ




www.burmeseclassic.com

www.burmeseclassic.com



နေသစ် ရယ်စရာပြောတာကို ဘာလို့မရယ်ဘဲ နေနိုင်ရတာလဲ။ ချက်ကြော နဲ့ ရယ်ကြောကို မှားဖြတ်ခဲ့မိတဲ့ သတ္တဝါမလေးလို့လည်း မထင်ပါဘူး။

စပါး... မင်း ငါ ရယ်စရာပြောရင် မင်း ရယ်ကိုရယ်ရမယ်။

နေသစ်ကလည်း အဲဒီလို ကြုံးဝါးပြီး ရယ်စရာတွေကို အာပေါင် အာရင်းသန်သန်နဲ့ ပြောတယ်။

ဒါပေမဲ့ စပါးက မရယ်ရေးချ မရယ်။

စပါးက မရယ်လေ နေသစ်က စိတ်တိုလေ။

ရယ်စရာတွေကို ဖိပြောလေလေ။

စပါးကတော့ ရယ်ဖို့ဝေးရော ပြုံးပင်မပြုံး။

ဒီတော့ နေသစ်ကလည်း စပါးရယ်ရအောင် ပြောနိုင်ဖို့ ရယ်စရာ တွေ အမျိုးမျိုးတွေး၊ စကားလုံးတွေ အမျိုးမျိုး တီထွင်၊ ရယ်စရာစတန့်တွေ အမျိုးမျိုးလုပ်ပြနဲ့ ရယ်ရွှင်ခြင်းကမ္ဘာ့ဒွန်းကိုသာ တိုးတိုးပြီး စီးဖြန်းနေရတော့ တယ်။ ရယ်စရာတစ်ခု စိတ်ကူးရတိုင်း ပထမဆုံး စပါးဆီ အပြေးလာပြီး မှတ်ကျောက်တင်ရတယ်။

စပါးကတော့ ရယ်စရာမဖြစ်။ ရယ်ရွှင်ဖွယ် စံချိန်စံညွှန်းနှင့်မကိုက် ညီပါသဖြင့် ဝမ်းနည်းပါတယ်ပဲ လုပ်လိုက်တာချည်း။

တစ်ဖက်က စပါးကလည်း နေသစ်ရှိတဲ့နေရာကို ခဏခဏ သွား ရတယ်။ ဒါမှ မရယ်ဘဲမနေနိုင်လို့ ရှောင်ထွက်ပြေးတာလို့ နေသစ်က တွေးပြီး ဘဝင်မမြင့်နိုင်မှာကိုး။ ပြီးတော့ သူပြောတိုင်း မရယ်တဲ့ စပါးကို ကြည့်ပြီး ဒေါသဖြစ်၊ စိတ်ပျက်နေတဲ့ နေသစ်ရဲ့မျက်နှာကို အရသာခံပြီး ကြည့်နေချင်သေးတာကိုး။

ဒီလိုနဲ့ နေသစ်နဲ့စပါး။ စပါးနဲ့နေသစ် တွေ့ဖန်မြင်ဖန်များလာကြ တော့ကာ တချို့ကျောင်းသား ကျောင်းသူတွေကဆို သူတို့နှစ်ယောက်ကို အတွဲတွေဖြစ်နေကြပြီလို့တောင် ထင်နေကြတာ။ ဒါပေမဲ့ ပတ်ဝန်းကျင်အမြင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူတို့အဖြစ်က ပါချဲရှိဘော်ဒီပေါ် ဂျစ်ကားအင်ဂျင်တင်ထားသလို…။

'ဘုရားရှင်လက်ထက်တုန်းက ရာဇဂြိုဟ်နဲ့ပြည်မြို့ အဆက်အသွယ်ရှိတယ်ကွဲ'

နေသစ်ရဲ့စကားကြောင့် တစ်ဖွဲ့လုံး ဆူညံသွားရတယ်။

'ဟာ… မဟုတ်တာ'

'ပေါက်ကရတွေ'

'မဖြစ်နိုင်ပါဘူး'

အဲဒီငြင်းဆန်သံတွေကို နေသစ်က လက်ကာပြပြီး ငြိမ်ခိုင်းတယ်။

'အိန္ဒိယက ရာဇဂြိုဟ်မြို့နဲ့ မြန်မာနိုင်ငံက ပြည်မြို့ကို ဆက်သွယ်ထားတဲ့ လမ်းမကြီး ရှိတယ်'

နေသစ်က အဲဒီလိုအတည်ပေါက်ကြီးနဲ့ ပြောနေတာ…

ဇွန်ဇွန်က…

'သွားလေသူဆရာကြီးဖြစ်တဲ့ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းတို့တောင် ရှာဖွေတွေ့ရှိမသွားတဲ့ ကိစ္စကို'

လို့ ပြောတဲ့အခါ နေသစ်က…

'ဒါ… ပညာရှိ သတိဖြစ်ခဲဆိုသလို ဒေါက်တာသန်းထွန်းတို့ လျှော်စိလျှမ်းသွားလို့ပါ၊ ရာဇဂြိုဟ်မြို့နဲ့ ပြည်မြို့ အဆက်အသွယ်ရှိခဲ့ကြောင်း အထောက်အထားတွေ အထင်အရှားရှိတယ်'

'ဒါဆိုလည်း လုပ်စမ်းပါဦး၊ ငါတို့ မှတ်ရသားရတာပေါ့'

မေသက်ပိုင်က အဟုတ်မှတ်ပြီး မှတ်စုစာအုပ်တွေဘာတွေနဲ့ ရေးဖော်ဖို့ပြင်တယ်။

'ငါ့အထင်တော့ လယ်ကိုင်းမြို့ဟောင်းအနားက စန္ဒကူးကျောင်းတော်ရာကို ဗုဒ္ဓမြတ်စွာဘုရားနဲ့ တပည့်သာဝကငါးရာ ကြွချီလာတာ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ရာစကြိုဟ်မြို့နဲ့ ပြည်မြို့ကို ဆက်သွယ်ထားတဲ့ လမ်းအတိုင်း ကြွလာတာ ဖြစ်မယ်'

နေသစ်အပြောကို ဘာသာရေးဗဟုသုတ နည်းနည်းရှိတဲ့ ဖွန်ဖွန် စောဒကတက်တယ်။

'ဟာ... မြတ်စွာဘုရားက ကောင်းကင်ခရီးကနေ ဘုံပြသာဒ် တွေနဲ့ ကြွလာတာ မဟုတ်လား၊ ရွှေစက်တော်ဘုရားပုံတော်ထဲမှာတောင် ပါတယ်လေ၊ အဲဒီကနေမှတစ်ဆင့် ကျောင်းတော်ရာကိုရောက်ပြီးတော့ မကွေး မြသလွန်ကို ရောက်၊ နောက်ပြီးမှ စစ်ကိုင်းတောင်ရိုးအတိုင်း ကြွတော်မူပြီး မန္တလေးတောင်ပေါ်မှာ ဘီလူးမကို ဗျာဒိတ်ပေး၊ ပြီးတော့မှ တန့်ကြည့်တောင် ပေါ်ကနေ ပုဂံကိုဗျာဒိတ်ပေး... ပေး...'

'တော်ပါတော့ဟာ၊ နင်တို့ အဲဒီလို စောဒကတက်မယ်ဆိုတာ ငါသိတယ်၊ ငါ့မှာ ဒီအထောက်အထားတစ်ခုတည်းတင် မဟုတ်ဘူး၊ နောက် အထောက်အထားတွေ အများကြီးရှိသေးတယ်'

မေသက်ပိုင်ကတော့ နားကလေး အစွင့်သားနဲ့ အားတက်သရော။

'ပြောပါဦး'

'ဟိုသီချင်း မကြားဖူးဘူးလား၊ အောင်ခြင်းရှစ်ပါး သီချင်းလေ'

'အင်း... ပြော၊ အောင်ခြင်းရှစ်ပါးတွေပါ ဆွဲထည့်လာပြီ၊ ဘာ တွေ မဟုတ်က ဟုတ်က လျှောက်ပြောမယ်မသိဘူး'

သူ့အထာကို ကြိုသိနေတဲ့ ဖွန်ဖွန်ရဲ့အပြောကို မျက်စောင်းထိုးရင်း နေသစ်က ဆက်ပြောတယ်။

'မြတ်စွာဘုရား ရှင်နာဠာဂီရိဆင်ကို အောင်တော်မူခန်းမှာလေ'

'အင်း'

'ဒေဝဒတ်က နာဠာဂီရိဆင်ကို အရက်ကိုးဂျားတိုက်ပြီး မြတ်စွာ ဘုရားကို နင်းဖို့ကြံတော့'



www.burmeseclassic.com

www.burmeseclassic.com



'အရက်ကိုးမောင်း လုပ်ပါဟာ'

'အဲဒီခေတ်က အခုခေတ် တစ်ဂျူး နှစ်ဂျူးဆိုတာကို တစ်မောင်း နှစ်မောင်းလို့ခေါ်တာ၊ အဲဒီခေတ်က သေတင်းကုပ်တွေမှာဆို ဘီယာတစ်မောင်း၊ နှစ်မောင်း အဲဒီလိုခေါ်ကြတာ'

'နင့် ဘယ်သူက ပြောလဲ'

'ဘယ်သူမှ မပြောဘူး၊ ပညာရှိများ တွေးကြည့်ရင် မြေးကြည့်တာထက် ခြေညောင်းသက်သာတာပေါ့ဟာ'

နေသစ်ရဲ့ ကိုယ်ရည်သွေးစကားကြောင့် ဖွန်ဖွန်ရော မေသက်ပိုင်ရော ပြုံးမိကြတယ်။

'ကဲပါ၊ ဟိုလမ်းကိစ္စ ဆက်ပြောပါ'

ဖွန်ဖွန်က စာအုပ်ကလေး တပြင်ပြင်နဲ့ တိုက်တွန်းတယ်။

'အေး… နင်တို့သတိထားကြည့်ရင် အသိသာကြီးပါ'

'အင်း… ပြော'

'သီချင်းထဲမှာလေ၊ ရှင်းရှင်းကလေးရယ်၊ သေချာ နားထောင်'

'အင်း'

နေသစ်က သီချင်းကို အသံနေအသံထားနဲ့ အော်ဆိုလိုက်တယ်။

'ရာဇဂြိုဟ်ပြည်လမ်းမှာ ဆွမ်းခံကြွလာခိုက်…'

'ဟီး… ဟီး…'

'ခွီး… ခွီး…'

အတွေးခေါင်ပုံဖမ်းနေတဲ့ နေသစ်စကားကြောင့် ဖွန်ဖွန်ရော၊ မေသက်ပိုင်ပါ ထရယ်တယ်။

စပါးကတော့ ခပ်တည်တည်။

နေသစ်က ရယ်စရာကို တစ်ဆင့်တင်လိုက်တယ်။

'အဲဒါဟာ အဲဒီလမ်းက အခုမရှိတော့ဘူး၊ အင်္ဂလိပ်ခေတ်ပြေး ရှုတ်



www.burmeseclassic.com

www.burmeseclassic.com



အတက်မှာ ပျက်သွားတာလား၊ ဂျပန်အခြေး အင်္ဂလိပ်ပြန်အဝင်မှာပဲ ပျက်သွားတာလားဆိုတာ ကွင်းဆက်ပြတ်နေတယ်၊ အဲဒါ ငါ့မှာ သုတေသနပြုဖို့ တာဝန်ရှိတယ်"

နေသစ်ရဲ့ မှင်သေသေနဲ့ပြောလိုက်တဲ့ စကားကြောင့်ထပ်ပြီး ရယ်ကြပြန်တယ်။

ဒါပေမဲ့ အဲဒီထဲမှာ စပါးတော့ မပါဘူး။

*

www.burmeseclassic.com

www.burmeseclassic.com

'ငါ့မိဘတွေက တောသူတောင်သားပီပီ တော်တော်ရိုးကြတာဟ'

နေသစ်က ရွာမှာကျန်နေရစ်ခဲ့တဲ့ သူ့မိဘတွေအကြောင်းကို ပြောဖို့ အဲဒီလို နိဒါန်းချီတယ်။

'ရွာကနေပြီး ဘယ်မှသွားဖူးကြတာ မဟုတ်ဘူး၊ တစ်ခါတစ်ခါ တွေးတော့လည်း စဉ်းစားမိတယ်၊ အဲဒီလို တောကြိုအုံကြားက ယာတွေလယ် တွေကို ထွန်ယက်ရင်း ငါ့ကို တက္ကသိုလ်ရောက်အောင် ကျောင်းထားပေး နိုင်တဲ့ မိဘတွေရဲ့မေတ္တာနဲ့ ပေးဆပ်မှုကိုတော့ အံ့သြချီးကျူးလို့မကုန် ဖြစ်ရတယ်'

သူ့ရဲ့စကားကြောင့် ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့လည်း သူမတို့မိဘတွေ အကြောင်းကို ကိုယ်စီ စဉ်းစားမိကြသလို ငေးရီနေကြတယ်။ စပါးကတော့ သူ့ခြေမပျက် ဖျော်ရည်ကို ငုံ့သောက်လို့။

'ထားပါလေ၊ ငါပြောချင်တာက မနှစ်က ဝါအဝင်တုန်းက ဝါဆို သင်္ကန်းကပ်ဖို့ သင်္ကန်းလာဝယ်ရင်းနဲ့ ငါ့ဆီ အလည်လာတဲ့အကြောင်း ပါ'

'ဘာတွေများ မဟုတ်ကဟုတ်က ဖြစ်ဦးမယ် မသိဘူး၊ နင့်မိဘ တွေတာလည်း ခေမှာတော့မဟုတ်ဘူး ဟီး... ဟီး...'

မေသက်ပိုင်က သူမရဲ့ထိုင်ခုံကို ရှေ့ကိုတိုးရင်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ကတော့ ငါ့ဆီကိုရောက်အောင် မလာတတ်ကြဘူးပေါ့ဟာ၊ နည်းနည်းကလေး လူရည်လည်တဲ့ ဦးလေးတစ်ယောက်ကို ဂိုက်လုပ်ပြီး ခေါ်ခဲ့ကြတာ၊ ဦးလေးကလည်း ဟိုမှာဆိုင်ကယ်နှစ်စီး ယှဉ်မောင်းလာတယ်၊ ငါ အလယ်ခေါင် ကြားတည့်တည့်က ရှောင်ပြေးမယ်ဆိုပြီး မီးနှစ်လုံးထိုး လာတဲ့ ကားရှေ့တည့်တည့်မှာ ယွားရပ်မယ့် တောသားလူလည်မျိုး'

'အဟီး'

'အဟဲ'

ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့ ရယ်ကြပေမယ့် စပါးကတော့ ဖျော်ရည် ကိုပဲ ငုံ့သောက်နေတယ်။

'တော်သေးတာပေါ့ဟာ၊ ငါတို့ရွာက လူကြီးတစ်ယောက်လို မြို့ တက်လာပြီး ကားစီးလာတာ မီးပွိုင့်ရောက်တော့ ဘာမပြော ညာမပြောနဲ့ ကားပေါ်က ခုန်ချပြီး တာဝန်ကျယာဉ်ထိန်းရဲကို 'ဟေ့လူ… ကားတွေ ဒီလောက်ရှုပ်နေတာ လမ်းလည်ခေါင်မှာ လက်မြှောက် ခြေမြှောက်နဲ့ ဘာ လုပ်နေတာလဲ၊ ကားတိုက်ခံရလိမ့်မယ်'ဆိုပြီး သွားဆွဲလို့ အချုပ်ကားပေါ် ပါသွားပါလေရော'

'ငါ့ဦးလေးက အဲဒီလိုတော့ မဟုတ်ဘူး'

'ဟီး… ဟီး…'

စပါးကတော့ နေမြဲအတိုင်း။

'အဲဒါကို နောက်ပြီးမှ ပြောမယ်၊ အခုဟာက ငါ့အဖေအကြောင်း ခုနက ပြောခဲ့သလိုပေါ့၊ ဦးလေးရဲ့ဦးဆောင်မှုနဲ့ ငါ့မိဘတွေကို ဒီကိုရောက် လာတာပေါ့၊ ငါလည်း သကာန်း လိုက်ဝယ်ပေး၊ မြသလွန်ပို့ပေးနဲ့ လှူရတာ ပေါ့၊ ပြီးလို့ လည်ပတ်စရာနေရာစုံတော့ အဖေကပြောတယ်၊ သူတို့ ဒီကို လာတုန်းက ဖြတ်ခဲ့တဲ့ တံတားကြီးကို ကြည့်ချင်တယ် တဲ့၊ အဲဒါနဲ့ ငါလည်း

www.burmeseclassic.com



ရောဝတီတံတားကြီးဆီ လိုက်ပို့ရတာပေါ့လေ၊ အဖေက ခေတ်နောက်ကျတော့ မြစ်ကို တံတားနဲ့ဖြတ်ကူးရတယ်ဆိုတာ သူများပြောဖူးလို့သာ ကြားဖူးတာ၊ လက်တွေ့ မမြင်ဘူး၊ မကြုံဖူးဘူးလေ၊ အဲဒီမှာ အဖေက မြစ်ကူးတံတားကြီးကို တအံ့တဩကြည့်ပြီး ဝမ်းသာအားရနဲ့ ပြောလိုက်ပုံက…

'ကားတွေ နှစ်စီးသုံးစီး ပြိုင်တူဖြတ်မောင်းနိုင်လောက်အောင် နိုင်ခံ့တာလည်း မပြောနဲ့ဟော့၊ တို့ရွာက ချောင်းကူးတံတားလို လျှော်နဲ့တုပ်ထားတာ တစ်ချက်မှ မပါဘဲကိုးတဲ့'

'ဟီး… ဟီး…'

'အဟား… ဟား… သွေးထွက်အောင် မှန်လိုက်တဲ့စကား၊ မှတ်သားလောက်ပါပေတယ်'

စပါးကတော့ ပူတင်းတစ်ခုကို ကောက်ဝါးနေတယ်။

နေသစ် မချင့်မရဲနဲ့ သူ့ဦးလေးအကြောင်းကို ဆက်ပြောရတယ်။

'ငါ့ဦးလေးက နည်းနည်းပါးပါး သောက်တတ်တော့ မိဘတွေ သိအောင် လက်တို့ခေါ်ထုတ်သွားရတယ်၊ ငါကလည်း များများအရက် ဖွဲ့ချင်တော့ စေတနာပိုပြီး မိုးနာလီဇာဆိုင်ကိုမှ ခေါ်သွားမိတယ်၊ ပထမ သောက်နေစားနေတုန်းတော့ ကိစ္စမရှိသေးဘူး၊ နည်းနည်းမူးလာတော့မှ အရက်ကွဲရတော့တာပဲ၊ ငါတို့မြည်းနေတဲ့ ဘဲဥသုတ်ပေါ်လာနားတဲ့ ယင်ကို ငါက လက်နဲ့ခပ်ပြီး ခြောက်လိုက်တာကို မြင်တော့ ငါ့ဦးလေးက အော်ကြီးဟစ်ကျယ် အလန့်တကြားနဲ့ ဟော့ကောင်… နေသစ်၊ မင်းတော့ ဖမ်းခံရတော့မှာပဲတဲ့၊ ဟာ… ငါလည်း လန့်သွားတာပေါ့၊ ငါ့ကို ဘာလို့ ရဲက ဖမ်းရမှာလဲ၊ ဘာအပြစ်ရှိလို့လဲလို့ပြောတော့ ဦးလေးက နေ့လည်က မြို့ထဲမှာ ဆိုင်းဘုတ်တစ်ခုမြင်ခဲ့တယ်တဲ့၊ အဲဒီဆိုင်းဘုတ်မှာ ရေးထားတာက [illegible] ဖြတ်နေစဉ် ယာဉ်မမှန်မောင်းရတဲ့၊ သရော'

www.burmeseclassic.com



'ခွီး... ခွီး... ခွီး...'

'ဟီး... ဟီး...'

အဲဒီရယ်သံတွေထဲမှာ စပါးရယ်သံ မပါဘူး။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

စပါး...

မိန်းကလေးတစ်ယောက်ကိုချစ်ရင် ရည်းစားစာပေးရတယ် ဆိုတာ ဘယ်ခေတ်ကစပြီး ဖြစ်လာတာလဲ မသိပါဘူးဟာ။ နင်က သိပ်လှတာပဲ။

ငါ့အထင်တော့ စာပေဆိုတာ စပြီး ပေါ်ပေါက်လာတဲ့အချိန်နဲ့ မရှေးမနှောင်း ဖြစ်လိမ့်မယ်ထင်တာပဲ။

ငါ နင့်ကိုချစ်တယ်။

မြန်မာနိုင်ငံ ကုန်းဘောင်မင်းရဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းရဲ့မိဖုရား စုဖုရားလတ်ကတော့ သီပေါမင်းကို အင်္ဂလန်နိုင်ငံကမှာယူထားတဲ့ စာရေးစက္ကူလှလှလေးတွေနဲ့ ချစ်သဝဏ်လွှာပေးခဲ့သတဲ့။ နင် ဘာလို့ ဒီလောက် မာနကြီး နေရတာလဲ။

ထားပါတော့ဟာ။ မနေ့ညက တန်းကြိုးပေါ်မှာလှမ်းထားတဲ့ ငါ့ ပုဆိုးသုံးထည် သူခိုးအခိုးခံလိုက်ရတယ်။ ကြော်ငြာသင်ပုန်း မှာ လက်ကိုင်ပဝါတစ်ထည်ကောက်ရတယ် ဆိုလဲ



www.burmeseclassic.com

www.burmeseclassic.com



*ဒါ... ငါတို့အဆောင်ရှေ့မှာ ရေဗွက်ကြီးဖြစ်နေတာနဲ့ တိုက်ဆိုင်လိုက်တာလို့ ပါမောက္ခချုပ်က မပြောပါဘူး။*

*ရည်းစားစာပေးတဲ့ခေတ်က ကုန်ပြီတဲ့။ အကြော်တစ်ခုကို (၅၀)ကျပ်ဖြစ်သွားတာ နင် ငြင်းချင်သေးလားဟင်။ နင့်ကို ငါ အရမ်းချစ်တာပဲဟာ။*

*ဘာပဲဖြစ်ဖြစ် ငါ နင့်ကိုချစ်ကြောင်းရည်းစားစာ မပေးချင်ပါဘူးဟာ။*

*တည်တည်တံ့တံ့ နှုတ်ကပဲ ဖွင့်ပြောတော့မယ်လို့ စဉ်းစားတယ်။*

*မှတ်ချက်... ရည်းစားစာဟု မမှတ်ယူပါနှင့်...။*

**နေသစ်**

/

စာကိုဖတ်ကြည့်ပြီး စပါးနှုတ်က ရေရွတ်လိုက်တယ်။

'အလကား ငပေါ အရူး'

စပါးလုံးချေပစ်လိုက်တဲ့စာကို ဖွန့်ဖွန့်နဲ့ မေသက်ပိုင်တို့က ကောက်ယူဖတ်ကြည့်ကြတယ်။ ခေါင်းချင်းဆိုင်ဖတ်ပြီး တဟိဟိ၊ တခွိခွိ ရယ်ကြပြီးမှ...

'ဒါ... ရည်းစားစာပေးတာလား စပါး'

'မပြောတတ်ဘူး၊ သမားရိုးကျက ဖောက်ထွက်ပြီး အသစ်ထွင်ထားတဲ့ ရည်းစားစာပဲလား၊ ဒါမှမဟုတ် ငါ့ကို တမင်စတာနဲ့ထွင်ပြီး ရယ်စရာလုပ်တာလားတော့ မသိဘူး'

စပါးက စိတ်မပါသလို ပြောရင်း စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး၊ ဒီစာက နင့်ဆီ ဘယ်လိုလုပ်ရောက်လာတာလဲ၊ နေသစ် ယ်တိုင် လိုက်ပေးတာလား'

'မဟုတ်ဘူး၊ အန်တီမြကတစ်ဆင့် ပေးတာ'

'ဘာ'

'အန်တီမြကိုယ်တိုင် ပေးတာ'

စပါးရဲ့အဖြေစကားကြောင့် ဇွန်ဇွန်ရော၊ မေသက်ပိုင်ရော အံ့ဩ ားကြတယ်။ အန်တီမြက အလွန်စည်းကမ်းကြီးတဲ့ အဆောင်မှူးကိုး။ ဆောင်မှာရှိတဲ့ မိန်းကလေးတွေအားလုံးကို သမီးအရင်းလို သဘောထား ဆောင့်ရှောက်လာခဲ့တဲ့ ဘွားတော်ကြီး။ ယောကျ်ားကလေးတွေနဲ့ မပတ် ်ဖို့ အမြဲတရားဟောတတ်တာ။ ဖိုဆို မီးဖိုတာတောင် ကြိုက်တာ တ်ဘူး။

အခုတော့ ယောကျ်ားကလေးတစ်ယောက်ရဲ့စာကို အန်တီမြကိုယ် ပေးတာဆိုတော့ သူမတို့ အံ့ဩရပြန်တယ်။

ဇွန်ဇွန်က...

'အန်တီမြ ဘယ်လိုစိတ်ကူးပေါက်သွားတယ် မသိဘူး'

'အန်တီမြ ဘယ်လိုစိတ်ကူးပေါက်တာ မဟုတ်ဘူးဟ၊ နေသစ် အရှုးလုပ်သွားတာ'

စပါးရဲ့စကားကြောင့် သူမတို့နှစ်ယောက် စိတ်ဝင်စားသွားကြ ။

'နေသစ်က ဘယ်လို အရှုးလုပ်တာလဲ'

'ဘယ်လိုရမှာလဲ၊ ဆရာလေးသုမနစာရီက ပေးခိုင်းလိုက်တာပါ လာပေးသွားတာလေ၊ ဒီတော့ အန်တီမြကလည်း ရည်းစားစာ (အဲ ဟုတ်ပါဘူး)၊ အရှုးချေးပမ်းလျှောက်ရေးထားတဲ့စာလို့ မထင်မိတော့ သယရှင်းရှင်းနဲ့ လှမ်းပေးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ခွန်ခွန်နဲ့ မေသက်ပိုင်တို့ ဗိုက်နှိပ်ရယ်ကြတော့တာပေါ့။

'ဟဲ့… ကလေးမတွေ စာမကျက်ဘဲ တဟီးဟီး တဟားဟား ဘယ်လိုဖြစ်နေကြတာလဲ'

ခပ်ငေါက်ငေါက်အသံနဲ့အတူ တံခါးပေါက်ဝရောက်လာတဲ့ အန် မြကိုတွေ့လိုက်ရတော့ သူမတို့အားလုံး အသံတိတ်ကာ ဖက်ကလေး မှသွားရတယ်။

'စပါး…'

အန်တီမြရဲ့ ခေါ်သံကြောင့် စာဖတ်ချင်ယောင်ဆောင်ထားတဲ့ စ က စာအုပ်က မျက်နှာကိုခွာပြီး အန်တီမြကို လှမ်းကြည့်လိုက်ရတယ်။

'ဖုန်းလာတယ်၊ ဆရာလေး ဒေါ်သုမနစာရီတဲ့'

'ရှင်'

*

www.burmeseclassic.com

www.burmeseclassic.com

အမှန်အတိုင်း ရှင်းပြလိုက်လျှင် သူမကို ရှုပ်ရှုပ်ယှက်ယှက်နိုင်ရန် ...သဟု တွေးကာ အထင်လွဲသွားမှာစိုးတာနဲ့ ဣန္ဒြေမပျက်စေဘဲ အန်တီမြ ...တ်ကလိုက်သွားကာ ဖုန်းကိုင်လိုက်ရတော့တယ်။

'ဟဲလို'

'နင်တို့ဘွားတော်ကြီးကတော့ ငါ့အသံတုလုပ်လိုက်တာ ယုံသွား ...ယ်၊ ခုန်ဆွ ခုန်ဆွနဲ့'

'...'

သတိလက်လွှတ် ဆဲရေးလိုက်မိတဲ့ သူမအသံကို နားစွန်နားဖျား ...သွားတဲ့ အန်တီမြက မယုံသင်္ကာနဲ့ လှမ်းကြည့်တယ်။ ကြည့်လက်စ ...ယားဇာတ်လမ်းတွဲထက် သူမကို အာရုံစိုက်လာပုံရတယ်။

သူမလည်း လွှတ်ခနဲဆဲမိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်ရင်း ...စ်ကိုလည်း စိတ်ထဲက ထပ်ခါဆဲမိတယ်။ နှုတ်ကလည်း ခပ်တည် ...ည်နဲ့...

'ပြောပါ ဆရာလေး'တဲ့။

သူမအဖြစ်ကိုရိပ်မိတဲ့ နေသစ်ကတော့ တဟားဟားရယ်တာပေါ့။ ...... အားရအောင်ရယ်ထားနှင့်ဦးပေါ့။ အံကြိတ်ပြီး အသံတိတ်ကြိမ်းမိ ...ပါ။

ပါးစပ်ကတော့...



www.burmeseclassic.com

www.burmeseclassic.com



'ဆရာလေး ဆုံးမသွန်သင်တာကို တပည့်တော်မ လိုက်နာပါတယ်
ဘုရား'

တစ်ဘက်က နေသစ်အဖို့တော့ စပါးအခက် နေသစ်အကွက်ဖြ
လို့ပေါ့။ အခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချလိုက်ပုံက…

'စပါး နင့်ကို ငါချစ်တယ်'

'ဘာ'

သူမ ဒုတိယအကြိမ် သတိလက်လွတ်ဖြစ်သွားရပြန်တယ်။ ဒါ
မဲ့ အချိန်မီ ပြန်ထိန်းလိုက်ပါတယ်။

'ကောင်းပါတယ်ရှင်'

'စပါး… ငါ… နင့်ကို သိပ်သိပ်ချစ်တာပဲ'

'ဟုတ်ကဲ့ပါ ဆရာလေး'

'ငါ့ကို ပြန်ချစ်ပါလား စပါးရယ်'

'တပည့်တော် ကြိုးစားနေပါတယ်ရှင်'

'အေးကွယ်… သာဓု… သာဓု… သာဓု…'

❋

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာ…

သူငယ်ချင်းတစ်ယောက်ဆီက ငှားလာတဲ့ ဆိုင်ကယ်ဦးထုပ်ကြီးကို ဆောင်းပြီး ကန်တင်းဆီကို ခြေလျင်လိမ့်လာတဲ့ နေသစ်ကို ငပေါကြီး စတိုင်လ်နဲ့ တွေ့ရတယ်။ တချို့က တွေးတယ်။ ဒီကောင် ဘာတွင်လာပြန် ပြီလဲလို့။

တကယ်တော့ နေသစ်က ကိုယ့်အကြောင်းနဲ့ကိုယ်။ ကန်တင်းမှာ စပါးက ရှားသားနှစ်တုတ်ကြီးကိုကိုင်ပြီး နေသစ်ခေါင်းကို ရှစ်စိတ်ကွဲအောင် ရိုက်ဖို့စောင့်နေတယ်ဆိုတဲ့သတင်းကို ခိုင်လုံတဲ့ သတင်းရပ်ကွက်က ရထား ပြီးသား။ ဒါကြောင့် ဒါကြီးကို ခေါင်းအလေးခံပြီး ဆောင်းလာရတာ။

မျှော်လင့်ထားတဲ့အတိုင်းပဲ။ မယ်မင်းကြီးမ စပါးက ရှားသားနှစ် တုတ်ကြီးကို အုတ်နံရံမှာ မှီထောင်ပြီး အဆင်သင့်စောင့်နေလေရဲ့။

နေသစ်လည်း မေးသိုင်းကြိုးက ချိတ်ကို ခိုင်မခိုင် ပြန်စစ်ဆေးပြီး လုံခြုံစိတ်ချစွာနဲ့ စပါးဆီကို တန်းတန်းကြီး လျှောက်လာခဲ့တယ်။ လာမယ့် ဘေး တည့်တည့်တွေ့ရတော့မှာပေါ့။

အန္တရာယ်မှ မရှိနိုင်တော့တာကို။

စပါးကလည်း နေသစ်ကို မြင်မြင်ချင်း တုတ်ကို ဆွဲကိုင်လိုက် တယ်။ အနားမှာရပ်နေတဲ့ မအတ္တာနှစ်ယောက်ကလည်း စပါးခေါ်သံကို

www.burmeseclassic.com

www.burmeseclassic.com



လို့ ခွဲမထားရဲကြဘူး။ စပါးက လုပ်ချင်တဲ့သူကို မလုပ်ရရင် အနားက ခွဲထားတဲ့သူကို ရန်ပြုတတ်သတဲ့။

နေသစ်ကတော့ အေးအေးဆေးဆေးပါပဲ။ စပါးနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး လက်ဖက်ရည်တောင် လှမ်းမှာနေလိုက်သေးတယ်။ ဗီစီဒီစက်ကဖွင့်ထားတဲ့ ငါ မင်းကိုသတ်ချင်တယ်လို့ အော်နေတဲ့သီချင်းကို နားထောင်ပြီး ခေါင်းတလှုပ်လှုပ် ဖင်တလှုပ်လှုပ်နဲ့ စည်းချက်တောင် လိုက်နေလိုက်သေးတယ်။

စပါးက စိတ်မရှည်နိုင်တော့ဘဲ ခပ်ငေါက်ငေါက်မေးလိုက်တယ်။

'နေသစ်... နင့်အပြစ်ကို နင် ဝန်ခံသလား၊ ပြော'

'ငါ ဘာအပြစ်လုပ်မိလို့လဲ စပါးရယ်'

အခု နေသစ်ပုံစံက အပြစ်မဲ့တဲ့ သိုးငယ်တစ်ကောင်လို...။

'အခုမှ ဘာရှုးချင်ယောင်ဆောင်နေတာလဲ၊ မနေ့ကစာနဲ့ ဖုန်းပြောတဲ့ ကိစ္စလေ'

နေသစ်မျက်နှာက အောက်ငုံ့သွားပြီး မိနစ်ဝက်လောက် ငြိမ်သက်သွားတယ်။

ပြီးမှ ရုပ်ရှင်မင်းသားတစ်ယောက်လို လေသံမျိုးနဲ့...

'ယောကျ်ားတစ်ယောက်က လွတ်လပ်တဲ့ မိန်းမပျိုတစ်ယောက်ကို ချစ်မိတာ အပြစ်လို ဘယ်နိုင်ငံ ဘယ်ဥပဒေမှာမှ သတ်မှတ်ပြဋ္ဌာန်းမထားပါဘူး စပါးရယ်၊ ပြီးတော့ လူတွေအားလုံးမှာ ရင်ထဲက အချစ်ကို ဘာသာစကားမျိုးစုံ နည်းမျိုးစုံနဲ့ ထုတ်ဖော်ပြသခွင့်ရှိပါတယ် စပါးရယ်၊ ဒါကို နင်က အပြစ်လို့ ယူဆရင် ငါ့ခေါင်းတင် မဟုတ်ဘူး၊ အသည်းပါကွဲသွားအောင် ရိုက်ချလိုက်ပါ စပါးရယ်'

နေသစ်ရဲ့ စကားကြောင့် စပါး တစ်ချက်တွေသွားတယ်။

'သက်သက်မဲ့ ရယ်စရာလုပ်တာ မဟုတ်ဘူးပေါ့'

www.burmeseclassic.com



စပါးရဲ့အမေးကို နေသစ်က ဟုတ်တယ်၊ မဟုတ်ဘူးလို့ တိုက်ရိုက်မဖြေ။

'အဲသလို ထင်ရင် ငါ့ခေါင်းကိုသာ ရိုက်ချလိုက်ပါဟာ'

တုတ်ကိုကိုင်ထားတဲ့ စပါးရဲ့လက်တွေဟာ ပြေလျော့သွားတယ်။

အဝါရောင်တောက်နေတဲ့ မျက်လုံးတွေဟာ ပျော့ပျောင်းနူးညံ့သွားတယ်။

စားပွဲပေါ်မှာတင်ထားတဲ့ လွယ်အိတ်ကို ကောက်ယူလိုက်ပြီး ပိုက်ဆံအိတ်သေးသေးကလေးတစ်ခုကို ထုတ်ယူလိုက်တယ်။ တစ်ထောင်တန်တစ်ရွက်ကို အကြမ်းပန်းကန်တစ်လုံးနဲ့ ဖိထားလိုက်ပြီး မတ်တပ်ရပ်လိုက်တယ်။

'ငါ သွားတော့မယ်၊ နင့်အတွက်ပါ ရှင်းခဲ့ပြီးသားနော်'

ငြင်သာနူးညံ့တဲ့ ခြေလှမ်းတွေနဲ့ ဆိုင်ထဲက ထွက်ခွာသွားတယ်။

ဗွန်ဗွန်နဲ့ မေသက်ပိုင်လည်း နေသစ်ကို လှည့်တောက်ပြောင်ပြပြီး စပါးနောက်ကို စာကလေးတွေ ပျံသလို လစ်ခနဲ ပြေးလိုက်သွားတယ်။

'ဟူး...'

လေပူမှုတ်သံနှင့်အတူ နေသစ်လည်း မနည်းသွင်းယူထားတဲ့ အိုက်တင်တွေကို ခွာချလိုက်တယ်။ ခေါင်းက ဦးထုပ်ကြီးကို ချွတ်လိုက်တယ်။ ပြီးတော့ နေသစ်မျက်နှာဟာ ထုံးစံအတိုင်း စပ်ဖြီးဖြီးပြန်ဖြစ်လာတယ်။

အပေါ်ယံ မျက်နှာပြင် တင်းမာနေပြီဖြစ်တဲ့လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်တယ်။ လည်ချောင်းတစ်လျှောက် စီးဆင်းသွားတဲ့ လက်ဖက်ရည်ဟာ ပိုခါးသွားတယ်လို့ ထင်လိုက်တယ်။ (သူက လက်ဖက်ရည်ခါးခါးကြိုက်တယ်လို့ ပြောခဲ့ပြီးပြီနော်)။

လက်ဖက်ရည်ဆိုင်က အပြန်မှာ စပါးမေ့ကျန်ခဲ့တဲ့ မြှားသားတုတ်ကြီးကို ယူလာခဲ့တယ်။ အမှတ်တရ သိမ်းထားဖို့တော့ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီရှားသားတုတ်ကြီးကို အစဖျောက်ထားမှ သူ့ခေါင်းဟာ မိမွေးတိုင်း ဖမွေးတိုင်း၊ အဲ… တစ်ခုကျန်သေးတယ်။ သားဖွားဆရာမမွေးတိုင်း အကောင်းပကတိ ရှိနေနိုင်မှာမဟုတ်လား။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

'ကောင်စုတ်... ကောင်ပဲ့'

စပါးက သူမ အတတ်နိုင်ဆုံး (အညစ်ညမ်းနိုင်ဆုံး) အဲသည် စကားစုကလေးနှင့် နေ့သစ်ကို ဆဲလိုက်တယ်။

နေ့သစ်လုပ်ပုံက စပါးတို့မျိုးရိုးက ဘုန်းကြီးမျိုး၊ သီလရှင်မျိုးလို့ အနိုင်တိမြထင်မယ်ဆိုရင်လည်း ထင်စရာ။ ကြည့်လေ ဒုတိယမ္ပိရောက်လာတဲ့ စာရဲ့လိပ်စာက ဦးခေမာစာရတဲ့။

'အလကား အကောင်စုတ်... ပေါက်တက်ကရ လုပ်လိုက်ပြန်ပြီ'

စပါးက စာကို အိပ်ရာပေါ်ပစ်ချလိုက်ပြီး မေသက်ပိုင်နဲ့ ဖွန်ဖွန် တို့ကို ပြောလိုက်တယ်။

ဖွန်ဖွန်နဲ့မေသက်ပိုင်က ခေါင်းချင်းဆိုင်ပြီး စာကို အသံထွက်ဖတ် ကြလေရဲ့။

'ဟဲ့... ဘာစာတွေလဲဟ၊ ဘန်းစကားနဲ့ ရေးထားတာလား မသိ ဘူး'

မေသက်ပိုင်က စာရွက်ခေါက်ကို ဖြည့်ကြည့်ပြီး ထအော်တယ်။ ဖွန်ဖွန်က မေသက်ပိုင်ပခုံးကို ပုတ်လိုက်ပြီး...

'ဆက်ဖတ်တော့ ကြည့်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'အေးဟ ဖတ်ကြည့်လိုက်ဦးမယ်၊ ဘာတဲ့… အဲ… ကသေကာ မယက မာနံမံ့နှာကာမသိ ကိန္နိဒံတဲ့၊ တွေမှန်းလည်း မသိဘူး'

'ဆက်ဖတ်ပါ၊ အောက်မှာ မြန်မာလိုရေးထားတာ ပါတယ်ဟ'

မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ စာကို ဆက်ဖတ်ကြပြန်တယ်။

'ကသေ-အပျို၊ ကာမယမာနံ-သင့်ကိုချစ်နေသော၊ မံ-ကျွန်ုပ်ကို၊ တွံ-သင်သည်၊ နကာမယသိ-မကြိုက်၊ ကိန္နိဒံ-ဤသို့ ကျွန်ုပ်က သင့်ကို ကြိုက်နေပါလျက် သင်က ကျွန်ုပ်ကို ပြန်မကြိုက်ခြင်းသည်၊ ကိံနု-အဘယ် ကြောင့်ပါနည်း။ ပထမကြီးအလင်္ကာကျမ်းတဲ့'

ဖွန်ဖွန်ရော မေသက်ပိုင်ပါ ခွက်ထိုးခွက်လန် ရယ်ကြရရှာတယ်။

စပါးမှာတော့ ရယ်ရအခက် အငိုရခက်။

'ဒါ… ရည်းစားစာလား'

ဖွန်ဖွန်နဲ့ မေသက်ပိုင်က စပါးကို မျက်စပစ်ပြီးမေးတယ်။

စပါးက သူတို့အမေးကို မဖြေဘူး။ ရင်ခွင်ထဲမှာထည့်ထားတဲ့ ခေါင်းအုံးကို ကိုင်ဆောင့်ပြီး သူ့ဘာသာသူ ပြောတယ်။

'ဒီကိစ္စကို ပြတ်ပြတ်သားသား ရင်ဆိုင်မှဖြစ်တော့မယ်'

'ဘာလဲ ကိုနေသစ်ကို ချစ်ပါတယ်လို့ ပြတ်ပြတ်သားသား ပြောလိုက်တော့မို့လား'

'ကောင်မစုတ်'

ပြောရင်း မေသက်ပိုင်ကို ခေါင်းအုံးနဲ့ လှမ်းပေါက်လိုက်တယ်။

မေသက်ပိုင်က ငုံ့ရှောင်လိုက်တော့ ဖွန်ဖွန့်ကို သွားမှန်တယ်။

ဖွန်ဖွန်က စပါးဆီကို ပြန်ပေါက်လိုက်တော့ လက်ဆလွဲသွားပြီး တံခါးဝမှာ ရောက်လာတဲ့ အန်တီမြကို သွားမှန်တယ်။

'ဟဲ့… သောက်ပလုတ်တုတ်'

'အဲ… ဘုရားရေ၊ ဒုက္ခပဲ'

*

www.burmeseclassic.com

www.burmeseclassic.com

'နေသစ်… နင် ယောကျ်ားမဟုတ်ဘူး'

စပါးရဲ့ ရူးရူးရှားရှားစွပ်စွဲသံက ကန်တင်းတစ်ခုလုံးကို ပွဲတင် ထပ်သွားတယ်။

စပါးအဖို့ ဒေါသဖြစ်နေပေမယ့် နေသစ်ကတော့ အေးဆေးပါပဲ။

'သန်းခေါင်စာရင်းထဲမှာရော၊ စိစစ်ရေးကဒ်ပြားထဲမှာရော၊ အိမ် ထောင်စုဇယားထဲမှာရော ယာဉ်မောင်းလိုင်စင်ကဒ်မှာရော၊ ကျောင်းသားကဒ် မှာရော ကျားလို့ ရေးထားတာပါ စပါးရာ၊ ငါ့ကို နင်တစ်ယောက်ပဲ ယောကျ်ားမဟုတ်ဘူးလို့ ပြောသေးတယ်'

'နင် ယောကျ်ားမှ မဟုတ်တာ'

စပါးရဲက ထပ်ဆင့်စွပ်စွဲချက်ကို နေသစ်က ခေါင်းခါတယ်။

'စပါး… နင် ငါ့ကို စုဖုရားလတ်က ကင်းဝန်မင်းကြီးကိုကြည့် တဲ့ မျက်လုံးမျိုးနဲ့ မကြည့်နဲ့ဟာ'

'အဟင်း…'

နေသစ်ရဲ့ ဥပမာကြောင့် ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့ ရယ်ကြတယ်။

စပါးက…

'အေးပါ၊ ငါကတော့ စုဖုရားလတ်လို ထမီစကတ်တို့ မိတ်ကပ်ဗူး တို့ ပေးနေမှာမဟုတ်ပါဘူး၊ စိတ်ချပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ… ပေးလည်း ငါက ယူထားလိုက်ပြီး ပြန်ရောင်းစားမှာပေါ့၊ လက်ဖက်ရည်ဖိုးရတော့ နည်းတာမှတ်လို့'

နေသစ်စကားကြောင့် စပါးက နှုတ်ခမ်းမဲ့ရင်း…

'ဈေးပေါလိုက်တာ'တဲ့။

နေသစ်နဲ့စပါး စကားပြောရတာ ဝေ့လည်ကြောင်ပတ်ဖြစ်နေတာနဲ့ လိုချင်းအချက်ကို မရောက်တော့ဘူး။ လိမ္မော်ရည်ကို ကမန်းကတန်းမော့ချလိုက်ပြီး လိုရင်းအချက်ကို ပြန်ကောက်လိုက်ရတော့တယ်။

'နင် ယောကျ်ားမဟုတ်ဘူး'

'ဟာ… ဒုက္ခပဲ'

နေသစ် ပြောတာကို ဂရုမစိုက်တော့ဘူး။ သူမ ပြောစရာစကားကိုပဲ ဆက်ပြောတယ်။

'ယောကျ်ားဆိုတာ…'

'ချီး မပါပါဘူးဟာ'

နေသစ်ရဲ့ စကားကြောင့် မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ ရယ်ကြတယ်။

စပါးကတော့ သူမစကားကိုပဲ မရမက ဆက်ပြောတယ်။

'ယောကျ်ားဆိုတာ ဖြောင့်မတ်ရတယ်၊ တည်ကြည်ရတယ်၊ စကားကို နှစ်ခွမပြောရဘူး'

'ငါ့စကားက ခက်ရင်းခွလိုဖြစ်နေလို့လား၊ ဒါမှမဟုတ် ရှောင်လင်ဘုန်းကြီးတွေကိုင်တဲ့လှံလို ခွတွေ အများကြီးဖြစ်နေလို့လား'

မေသက်ပိုင်နဲ့ ဖွန်ဖွန်ကတော့ တခွီးခွီးပေါ့။ (တက်နေတာ မဟုတ်ပါဘူး ရယ်တာကို ပြောတာပါ)

စပါးကတော့ ခပ်တည်တည်ပဲ။

သူ့စကားသူ ဆက်ပြောတယ်။

'ရှေ့… ဒါ မနေ့က နင်ပေးလိုက်တဲ့စာ'



www.burmeseclassic.com

www.burmeseclassic.com



ကညေကာမယ အစချိတ့် စာကို စားပွဲပေါ် ပစ်ချပေးရင်း စပါး ဆ ဆက်ပြောတယ်။

'နင် ဘာမှ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့တော့'

'စောစောက ငါပြောခဲ့သလို နင့်ကိုငါ တကယ်...'

'တော်တော့ဆို၊ နင့်အကြောင်း ငါမသိရင်ခက်မယ်၊ နင်က ဒီစာ ဘာ သက်သက်မဲ့ ရယ်စရာလုပ်တာလားလို့ ဆိုရင် တကယ်အတည်ချစ်လို့ ပါဆိုပြီး လုပ်ဦးမယ်၊ ရည်းစားစကားလို့မေးပြန်ရင်လည်း အလကား ရယ်စရာ နောက်တာပါလို့ ပြောမယ်၊ နင့်အကြံလောက်ကတော့ ရိုးနေပါပြီ ဘာ၊ ဘာပဲဖြစ်ဖြစ် နောက် နင် ဒီလိုဆက်လုပ်နေမယ်ဆိုရင် ငါသည်းခံတော့ မှာ မဟုတ်ဘူးနော်'

'ဟာ... စပါး ငါ တကယ် နင့်ကိုချစ်တာပါဟာ'

စပါးက နေသစ်ကို လက်ကာပြရင်း...

'တော်စမ်းပါ၊ နင့်ဟာသတွေက မရယ်ရဘူး သိလား'

နေသစ် ခေါင်းယမ်းတယ်။

'မဟုတ်သေးပါဘူးဟာ'

'ဟုတ်ပါတယ်'

'မဟုတ်ဘူး စပါး၊ နင် ငါ့ကိုအထင်မလွဲပါနဲ့၊ ငါနင့်ကို ရယ် အချင်တာ မှန်တယ်၊ ပြောရရင် နင် စိတ်လွှတ်လက်လွှတ် ပေါ့ပေါ့ပါးပါး ရယ်တာကလေးကို မြင်ချင်တာ၊ နှလုံးသားမှာ ကလိန်စေ့ငြမ်းဆင်လုပ်ပြီး အလိမထိုးခဲ့ပါဘူးဟာ၊ ငါပြောတာကို ယုံပါ'

နေသစ်ပုံစံက (သူ့စကားအတိုင်းပြောရရင်) တကယ့်ကို လေး အနက်နက်ကြီး ပြောနေတာ။ လျှာမှာခဲဆွဲပြီး ခံတွင်းမှာ ဆားငုံပြီးပြော လို့။

ဒါပေမဲ့ မယုံချင်တဲ့ စပါးကတော့ မရယ်ရတဲ့ ပုံပြင်လေးပုံ...



www.burmeseclassic.com

www.burmeseclassic.com



'နှင့်ဆီက အချစ်ကို ငါ တကယ်မျှော်လင့်နေတာပါ စပါး'

'မမျှော်လင့်နဲ့ နေသစ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်'

'ပြောပါဦး'

နေသစ်ရဲ့ မျက်ဝန်းမှာ မျှော်လင့်ချက်တွေ တဖျပ်ဖျပ် လင်းလက်လို့။

စပါးကိုယ်ကတည်း ဘာလို့များ ပြတ်ပြီးသားစကားကို ပြန်ဆက်မိပါလိမ့်လို့ နားမလည်နိုင်ဘူး။ ဒါပေမဲ့တဲ့…။

'ဒါပေမဲ့ နင် ငါ့ကို စာသင်နှစ်မကုန်ခင်အတွင်း တစ်ခါလောက်ရယ်အောင် လုပ်နိုင်ရင်…'

'ငါ့ကို ပြန်ချစ်မယ်ပေါ့ ဟုတ်လား'

'မဟုတ်ဘူး၊ နင်မျှော်လင့်ချက်ရှိတယ်လို့ ပြောတာ'

'အိုကေ… နင် ကတိတည်တယ်နော်'

'စိတ်ချ'

*

www.burmeseclassic.com

www.burmeseclassic.com

## ရယ်သံတစ်ခု၏ စည်းကမ်းချက်များ

၁။ ချိုင်းကြားကို ကလိထိုး၍ မရယ်စေရ။
၂။ ခါးမတို့ရ။
၃။ ခါးအောက်ပိုင်းပြွက်လုံးတွေ မထုတ်ရ။
၄။ လမ်းပေါ်၊ စားသောက်ဆိုင်ထဲ၊ ကျောင်းထဲ စသည့်တစ်နေရာရာမှ မြင်ကွင်း အဖြစ်အပျက် စကားသံတို့ကြောင့် (စပါး) ရယ်ခြင်းသည် ပြိုင်ပွဲနှင့် အကျုံးမဝင်။
၅။ နေသစ်၏ ရယ်စရာအပြုအမူ ရယ်စရာစကားတို့ကြောင့် (စပါး) ရယ်မှသာ အရှုံး/အနိုင် သတ်မှတ်၍ရမည်။
၆။ နေသစ်၏မျက်နှာကိုကြည့်ပြီး (စပါး) ဘာသာရယ်လျှင်လည်း အနိုင်/ အရှုံး သတ်မှတ်နိုင်သည်။
၇။ နေသစ်ကြောင့် (စပါး)ပြုံးလျှင်ပင် အနိုင်/အရှုံး သတ်မှတ်နိုင်သည်။
၈။ နေသစ်ပြောသော စကားကို စပါးက အာရုံစိုက်နားထောင်ရမည်။
၉။ ပါးစပ်ကို ပလာစတာ၊ တိပ်ပြား၊ လက်ဖဝါးတို့ဖြင့် ပိတ်ထားခြင်း အုပ်ထားခြင်း မပြုရ။
၁၀။ စကားဝိုင်းမှ ရှောင်ထွက်ပြေးခြင်းမပြုရ။



www.burmeseclassic.com

www.burmeseclassic.com



၁၁။ ခေါင်းငုံ့ထားခြင်း၊ တစ်ဘက်သို့ မျက်နှာလှည့်ထားခြင်း၊ ခေါင်းကို
လွယ်အိတ်စွပ်ထားခြင်း စသော မျက်နှာဝှက်ထားခြင်း မပြုရ။

'တော်ပြီ၊ တော်ပြီ၊ ဒီလောက်ဆို အချက်အလက်တွေ လုံလောက်ပြီ'

နေသစ်စကားကြောင့် မေသက်ပိုင်က မျက်စောင်းထိုးရင်း...

'တော်မှပဲ သူ့စည်းကမ်းချက်တွေက စပါးကို ဖိထားတာချည်းပဲ'

နေသစ်ကတော့ မေသက်ပိုင်ကို ဘာမှပြန်မပြောဘဲ စပါးဆီကို စာရွက်ကို ကမ်းပေးလိုက်ရင်း မေးလိုက်တယ်။

'ဖတ်ကြည့်ဦး၊ အချက်အလက်တွေကို ကျေနပ်ရဲ့လား'

စပါးက သေသေချာချာ ဖတ်ကြည့်ပြီး...

'နံပါတ် ၁၂ အနေနဲ့ အချက်တစ်ခုလောက် ထပ်ဖြည့်ချင်တယ်'

စပါးရဲ့စကားကို နေသစ်က ခေါင်းညိတ်လက်ခံလိုက်တယ်။

'ဖြည့်တာပေါ့၊ ဘယ်လို အချက်အလက်လဲ'

စပါးကလည်း မဆိုင်းမတွပါဘဲ။

'အခါအားလျော်စွာ နှစ်ဦးသဘောတူ အချက်အလက်တချို့ကို ဖြုတ်ချခွင့်နဲ့ ဖြည့်စွက်ပြင်ဆင်ခွင့်ရှိရဖို့နဲ့ ဖျက်သိမ်းခွင့်ရှိဖို့၊ ပြီးတော့ ဒီ အချက်အလက်တွေက စာသင်နှစ်မကုန်ခင်မှာပဲအကျုံးဝင်တယ်ဆိုတဲ့ အချက်လေ'

စပါးအပြောကြောင့် နေသစ် ပြုံးမိတယ်။

'ဟာ... သားရွှေအိုးထမ်းလာတာ မြင်ချင်တယ်ဆိုတဲ့ အဖြေမျိုးပါလား'

'ဘာလဲ မကျေနပ်ဘူးလား'

စပါးရဲ့ ခပ်စူးစူးအမေးကြောင့် နေသစ်က ပခုံးတွန့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ကျေနပ်ပါတယ်၊ သိပ်ကျေနပ်တာပေါ့'

'ကဲ… ဒါဆို ဒါကို ကော်ပီနှစ်ခုကူးပြီးတော့ တစ်ယောက်တစ်စောင်စီ ယူထားမယ်၊ ပြီးတော့ ဖွန့်ဖွန့်နဲ့ မေသက်ပိုင်တို့နဲ့ နေသစ်ဘက်က သူငယ်ချင်းနှစ်ယောက်က အသိသက်သေ အဖြစ်နဲ့က လက်မှတ်ထိုးရမယ်'

'ဟင်… နင်တို့ဥစ္စာကလည်း ဘာမဟုတ်တာလေးကို ဒီကာချဲ့ပြီး ကြီးကျယ်လိုက်ကြတာဟာ'

ဖွန့်ဖွန့်ရဲ့စကားကို နေသစ်က ပြင်ပေးလိုက်တယ်။

'နှလုံးသားကိစ္စ၊ အချစ်ကိစ္စထက် ကြီးကျယ်တဲ့ကိစ္စ ဘယ်ရှိတော့မှာလဲ'

*

www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားတစ်ခုကို ရယ်သံကလေးတစ်ချက်မှာ ရင်းထားရတဲ့အဖြစ်။

နှလုံးသားတစ်ခုကို တည်တံ့ချုပ်တည်းခြင်းမှာ ချုပ်နှောင်ထားရတဲ့အဖြစ်။

ဘာပဲဖြစ်ဖြစ် နေသစ်ကတော့ စပါးကို နည်းမျိုးစုံနဲ့ ရယ်အောင်လုပ်မှာပဲ။

စပါးကလည်း မရယ်မိအောင် ချုပ်တည်းနေမှာပဲ။

စပါးကလည်း စပါး…။

နေသစ်ကလည်း နေသစ်လေ…။

ဒီလိုနဲ့…

မရယ်တတ်တဲ့ မိန်းမနဲ့

ရယ်သံကြားချင်တဲ့ယောကျ်ားဆိုတာ ဖြစ်လာတော့တာ…။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

နေသစ်နဲ့စပါးတို့ရဲ့ ရယ်၊ မရယ် ပြိုင်ပွဲမှာ အချောင်ရယ်နေရသူ တွေကတော့ မေသက်ပိုင်နဲ့ ဖွန်ဖွန်။ ဘာလို့လဲဆိုတော့ နေသစ်က စပါးကို ရယ်အောင်အမျိုးမျိုးလုပ်နေတဲ့အချိန်မှာ မေသက်ပိုင်နဲ့ဖွန်ဖွန်တို့ နှစ်ယောက်က အနားမှာ အမြဲရှိနေတာကိုး။

နေသစ်က စပါးကို တစ်နေ့တစ်မျိုးမရိုးရအောင် ရှာကြံပြီး ပြောနေရတဲ့ စကားတွေကို စာအုပ်ပြုစုပြီးတော့ တစ်ထောင့်တစ်နေ့ ရယ်စရာများလို့ ခေါင်းစဉ်တပ်ရင်တောင် ရမယ်ထင်တယ်။

အခုလည်း နေသစ်က စပါးကို ဦးတည်ပြီးတော့ ရယ်စရာတွေ ပြောနေရပြီလေ။

'ငါတို့အဆောင်မှာ မြင့်အောင်ဆိုတဲ့ကောင် ရှိတယ်ဟ'

'ဟို… ကွမ်းစားစား၊ ဆေးလိပ်သောက်သောက်နဲ့လူလား'

ဖွန်ဖွန်ရဲ့အမေးကို နေသစ်က ခေါင်းညိတ်ဖြေတယ်။

'အေးပေါ့၊ အဲဒီကောင်ပေါ့၊ ကွမ်းစားဆေးသောက် နှစ်မှုရောက်တဲ့ ငနဲဆိုတာ အဲဒီသတ္တဝါမျိုးပေါ့၊ သူက အဆောင်မှာ တေက်ပြားဟ'

'ဟင်… တေက်ပြားဆိုတာ ဘာကိုပြောတာလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



မေသက်ပိုင်က မေးလိုက်တာ။ တေက်ပြားဆိုတာတောင် မသိဘူး။ အဲဒီလောက်အထိ အတဲ့ ငတိမကလေးပါ။

'တေက်ပြားဆိုတာ အလီဘာဘာလို လူမျိုးပေါ့'

အဲဒါကို ငတိမက သဘောမပေါက်သေးပါဘူး။

'အလီဘာဘာဆိုတာကရော ဘာလဲဟင်'

'ဒုက္ခပဲ'

'ဟာ... နင်ကလည်း ညံ့လိုက်တာ၊ အလီဘာဘာဆိုတာ ကုလားကြီးပေါ့ဟ'

'ဟိုက်... သေရော'

ဇွန်ဇွန်က ဝင်ဖြေလိုက်မှ ပိုဆိုးတော့တယ်။

သူတို့ကို ရယ်စရာပြောမပြခင် နေသစ်ကိုယ်တိုင်ကကို အရင်ရယ်နေရပြီ။ ဘယ်လိုရေစက်နဲ့များ ဒီငတိမလေးတွေနဲ့ တစ်ကျောင်းတည်းလာဆုံနေရတယ် မသိပါဘူး။

'ယော့... မသေမချင်း မှတ်ထားကြ၊ တေက်ပြားတို့၊ အလီဘာဘာတို့ဆိုတာ သူခိုးတွေ'

'ဟယ်... ဟုတ်လား၊ အလီဘာဘာဆိုတာ အဏ္ဏဘာဘာ ဘုရင်ကြီးရဲ့သား မှတ်နေတာ'

တဲ့ ဇွန်ဇွန်က...။

'ကိုယ့်နှာခေါင်း ကိုယ်သာပိတ်ပြီး သေလိုက်တော့'

နေသစ် ဘုတောလိုက်တယ်။ ဒါကို အမှတ်မရှိသေးတဲ့ ဇွန်ဇွန်က ထပ်ကွန့်သေးတာ။

'သိဘူးလေ၊ အဏ္ဏဘာဘာနဲ့ အလီဘာဘာ နာမည်ချင်းဆင်လို့ သားအဖမှတ်နေတာ'

'သေလိုက်... သေလိုက်...'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါ သေသင့်ပါတယ်ဟာ'

'တရုတ်ကားတွေထဲကလို လာလုပ်မနေနဲ့၊ ခုနက စကားဆက်ပြောရအောင်၊ အဲဒီ မြင့်အောင်က တေက်ပြား၊ ဒါမှမဟုတ် အလီဘာဘာ'

'ဟင်… ဒါဆို နင်တို့အဆောင်မှာ သူခိုးကို လက်ခံထားတယ်ပေါ့၊ ဟုတ်လား၊ ဒါကို အဆောင်မှူးက မသိဘူးလား'

ဒီတစ်ခါ အလန့်တကြားထလုပ်သူက မေသက်ပိုင်။

'ဟာ… သူက ပစ္စည်းဥစ္စာတွေခိုးတတ်လို့ မဟုတ်ဘူး၊ တစ်ဆောင်လုံးမှာရှိတဲ့ ကျောင်းသားတွေ မုန့်တွေ၊ ဟင်းတွေကို လိုက်ခိုးစားတတ်လို့ မြင့်အောင်ကို တေက်ပြားလို့ခေါ်ကြတာ'

'ဩော်… ဒီလိုလား'

'အေး… အဲဒီလို၊ အဲဒီလို'

နေသစ်နဲ့ သူမတို့နှစ်ယောက် စကားပြောနေပုံက အရပ်ထဲက ရင့်မိန်းမကြီးတွေ အတင်းပြောနေကြတဲ့ ပုံစံအတိုင်း အတိုင်အဖောက်ညီလာကြပြီ။

'အင်း… အင်း… ဆက်ပြောပါဦး၊ ဆက်ပြောပါဦး'

'ရှင်တို့သိတဲ့အတိုင်းပဲလေ၊ အဲ… ယောင်လို့ နင်တို့သိတဲ့အတိုင်းပဲလေ၊ ယောကျ်ားလေးအဆောင်ဆိုတော့ အဝတ်အစားကအစ အစားအသောက်အထိ သိုသိုသိပ်သိပ်ရှိကြတာ မဟုတ်ဘူးလေ'

'အင်း… အင်း… အဲဒီတော့ တေက်ပြားအဖို့ စားပေါက်ချောင်နေတာပေါ့လေ'

'အင်းပေါ့၊ ဒါပေမဲ့ ဟိုတစ်နေ့ညကတော့ ငါထောင်ထားတဲ့ ထောင်ချောက်ထဲမိသွားတယ်'

'အေး… ပြောပါဦး၊ ဘယ်လိုဖြစ်သွားတာလဲ'

'ဒီလိုဟ'



www.burmeseclassic.com

www.burmeseclassic.com



'အေး…'

'ပြောဟာ… ဟီး… ဟီး…'

မေသက်ပိုင်နဲ့ ဖွန်ဖွန်ကတော့ နေသစ် ဘာမှမပြောခင်ကတည်းက ရယ်ဖို့ ပါးစပ်တပြင်ပြင်ဖြစ်နေကြပြီ။ စပါးကတော့ ကျောက်ဆစ်ရုပ်။

နေသစ်ကတော့ အကောင်းဆုံး ရယ်စရာဖြစ်အောင် ကြိုးစားပြီး ပြောရမှာပေါ့။ ရယ်တာ မရယ်တာကတော့ စပါးကိစ္စလေ။

'အဲဒီ တေက်ပြားက ငါ့ငါးခြောက်ကြော်ဖူးကို လာလာပြီး နှိုက် နှိုက်စားနေတာ ငါက ထမင်းနဲ့စားဖို့ထားတဲ့ဟာကို ငနဲက ညည စာကျက်ရင်းက ဒီအတိုင်းယူပြီး စားစားနေတာ၊ အဲဒီနေ့ညကတော့ဟာ'

နေသစ်က စကားကိုခဏရပ်ပြီး စပါးကို အကဲခတ်တယ်။

စပါးက ဆေးသေချာချာ နားစိုက်ထောင်နေတာ တွေ့ရမှ စကားကို ဆက်ပြောတယ်။

'အဲဒီညက ငါ့ငါးခြောက်ကြော်ဖွန်းကြီးနဲ့ တစ်ဖွန်းလောက် အားရ ပါးရကော်ခပ်ပြီး စားလိုက်တာ အမေကယ်ပါ အဖေကယ်ပါအော်ပြီး ရေအိုး စင်ကို ပြေးရတော့တာပဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ငါက ငါးခြောက်ကြော်ဖူးထဲကို ငရုတ်သီးကြော် တွေ ထည့်ထားလိုက်တာကိုး၊ စဉ်းစားကြည့်ဟာ၊ အဲဒီ ငရုပ်သီးကြော်က ထမင်းထဲမှာ နည်းနည်းကလေး တို့စားရင်တောင် တအားစပ်တာ၊ အဲဒါကို ဒီအတိုင်း တစ်ဖွန်းစာလောက် စားလိုက်တယ်ဆိုတော့ စဉ်းစားတာကြည့် ကြတော့၊ ဟား… ဟား… ဟား…'

နေသစ်က ရယ်သံခေါ်တဲ့ ရယ်သံတစ်ခုကို ရှေ့က ရယ်ပြလိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေ ထွက်ကျလာတယ်။

မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ဆီက။ စပါးကတော့ ကျောက်ဆစ်ရုပ်နှုတ်ခမ်းလို။ ဒါပေမဲ့ နေသစ် စိတ်ခတ်မကျပါဘူး။

'ဖရူး… ဖူရူး… ရှုးရှဲနဲ့ လျှာသွက်ချာပါဒလည်သွားရတာပေါ့၊ အဲဒီလိုဖြစ်နေတဲ့ကြားထဲက ငါ့ကိုလည်း အော်ဆဲသေးတယ်၊ အဲဒါ ငါကလည်း သူကျေနပ်အောင် ပြောရတာပေါ့၊ အဲဒီလိုချော့ရင်းမော့ရင်းနဲ့ အစပ်ပြေသောက်ဖို့ဆို ကော်ဖီမစ်တစ်ထုပ် ပေးလိုက်တယ်'

'ဟဲ့… ဘာလို့ပေးလိုက်တာလဲ၊ သူ့ဘာသူ လာခိုးစားလို့ဖြစ်တာပဲ ဥစ္စာ၊ နင်က ဖွတ်အတင်းကျွေးလို့ဖြစ်ရတာမှ မဟုတ်ဘဲ'

မေသက်ပိုင်က မခံချင်ဖြစ်ပြီး ပြောလာတယ်။ ဖွန်ဖွန်ကလည်း ထောက်ခံတယ်။

'ဟုတ်သားပဲ၊ နင်ကလည်း ညံ့လိုက်တာ'တဲ့။

'နေကြဦး၊ ငါ့စကားက မဆုံးသေးဘူး၊ အဲဒါ ငါက အကောင်းပေးတာ မဟုတ်ဘူး၊ အဲဒီ တေက်ပြားကိုထပ်ပြီး ပညာပြလိုက်တာ'

မေသက်ပိုင်ရော၊ ဖွန်ဖွန်ရော စိတ်ဝင်စားလာကြတယ်။ စပါးကတော့ တုံဏှိဘာဝေပေါ့။ ထားပါတော့။ သူ မရယ် ရယ်ရယ်၊ ရယ်ရယ်ထိုယ်က စရမှာဆိုတဲ့ သီချင်းကလေးလိုပေါ့။

'အဲဒီကော်ဖီမစ်က ငါကိုယ်တိုင် အထူးရှယ်ပြုပြင်ထားတဲ့ ကော်ဖီမစ်လေ၊ ကော်ဖီမစ်ထုပ်ကို မသိမသာလေး ဟဖောက်ပြီး ကော်ဖီမစ်တစ်ဝက်လောက် ထုတ်ယူပြီး ဝမ်းနှုတ်ဆေးတွေ ထည့်ထားလိုက်တာကိုး'

နေသစ်အပြောကြောင့် သူမတို့ သဘောကျသွားတယ်။

'ဒါဆိုရင် အိမ်သာထဲမှာ ငုတ်တုတ်မေ့လောက်အောင် ခံနေရလိုက်မှာပေါ့'

'ဟင့်အင်း…း သူ ဘာမှမဖြစ်လို့'

www.burmeseclassic.com

www.burmeseclassic.com



အဖျားရှူးသွားတဲ့ နေသစ်စကားကြောင့် သူမတို့နှစ်ယောက် မချင့်မရဲ ဖြစ်သွားရရှာတယ်။

'ဒါဆို... သူ ကံကောင်းသွားတာပေါ့'

အဲဒီလို မှတ်ချက်ပေးလာတဲ့ မေသက်ပိုင်ကို ခေါင်းခါပြလိုက်ရတယ်။

'ပိုပြီး ကံဆိုးသွားတယ်'

'ဟင်... ဘယ်လိုကြီးလဲ၊ သူက အဲဒီကော်ဖီမစ်ထုပ်ကို မသောက်ဖြစ်ဘူး မဟုတ်လား'

'အင်းလေ'

နားရှုပ်နေတဲ့သူမတို့ကို နေသစ်က ရှင်းပြလိုက်ရတယ်။

'ဒီလိုဟ... ဒီလို၊ တေက်ပြားက အဲဒီကော်ဖီမစ်ကိုဖျော်ပြီး သူကိုယ်တိုင်မသောက်ဘဲ သူ့ကောင်မလေးကို စေတနာပိုလိုက်တာလေ၊ သူ့ကောင်မလေးတို့အဆောင်က ငါတို့အဆောင်နဲ့ ခြံစည်းရိုး (ဝါးထရံကပ်) ကလေးတစ်ခုပဲ ခြားတာကိုး၊ အေးအေးလူလူ စာကျက်နေတဲ့ကောင်မလေးကို လှမ်းခေါ်ပြီး တိုက်လိုက်တာလေ၊ ကောင်မလေးက ပိန်ပိန်သေးသေးကလေးနဲ့ ဘယ်လောက်များ ဒုက္ခရောက်လိုက်မလဲ မပြောတတ်ဘူး၊ အခုတော့ အဲဒီတေက်ပြားကို စိတ်ဆိုးပြီး အတွေ့တောင်မခံတော့ဘူးဆိုပဲ'

'ဟီး... ဟီး... ကောင်မလေးကို သနားပါတယ်'

'သနားစရာဟယ်... ဟဲ... ဟဲ...'

'ဟင်... နင်တို့သနားတာကလည်း ရယ်ကျဲကျဲနဲ့'

'နင်က ရယ်စရာပြောတာကိုးဟ'

ဖွန်ဖွန်ပြောသလိုလည်း ဟုတ်တာပဲ။ ရယ်စရာပြောတော့ သနားတာတောင် စပ်ဖြီးဖြီးနဲ့ သနားရတော့မှာပေါ့။ ရယ်စရာပြောလို့ မရယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ စပါးတစ်ယောက်ပါပဲ။ သနားသဖြင့် ရယ်သံကလေးတစ်ခုလောက် စွန့်ကျဲပါ စပါးရယ်။

'အဲဒါနဲ့… တေက်ပြားက ငါ့ကို ဘီလူးဆိုင်းတီးပြီး လိုက်ရှာနေတယ်၊ တွေ့ရင် လက်သီးနဲ့ထိုးမလို့တဲ့၊ ငါလည်း ရှောင်ပုန်းနေရတာ'

'ကောင်းတယ်၊ ခုနစ်ရက်သားသမီးတွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လိုက်လုပ်နေတာကိုး'

တစ်ချိန်လုံးငြိမ်နေခဲ့တဲ့ စပါးရဲ့စကားက သူ့အရှိုက်ကို လက်သီးနဲ့ထိုးလိုက်သလို။

ရင်နာနာနဲ့ လမ်းမဘက်ကို လှမ်းကြည့်မိတော့ မျက်နှာနာရမယ့်အန္တရာယ်နဲ့ တန်းတိုးတယ်။

'ပြောရင်းဆိုရင်း အသက်တော့ တိုဦးမယ်၊ ဟိုက လာနေတာ တေက်ပြားဆိုတဲ့ သတ္တဝါပဲ၊ ဘုရားကယ်တော်မူပါ'

နေသစ်က ပြောပြောဆိုဆိုနဲ့ စာအုပ်တစ်အုပ်ကိုဖွင့်ပြီး မျက်နှာရှေ့မှာ ကွယ်ထားလိုက်တယ်။

'ငါ စာဖတ်ချင်ယောင် ဆောင်နေမယ်၊ နင်တို့ကလည်း ငါ့ကို ကွယ်ထားကြဦး၊ ဟာ… ဖွန်ဖွန်က ဘာလို့ ဟိုဘက်ကို ယိုင်သွားရတာတုန်း၊ ငါ့အနားကိုတိုးလာလေ၊ အားကိုးပါရစေ၊ ဒီကောင်က တွေ့ရင်တကယ် ထွယ်မယ့်ကောင်'

နေသစ်ပုံစံက တကယ့်အသည်းအသန်ကြီး။

နေသစ်ကိုင်ထားတဲ့ စာအုပ်အဖုံးကို လှမ်းကြည့်ပြီး စပါးက သတိပေးလိုက်ရသေးတယ်။

'ဟဲ့… နေသစ်… နင့်စာအုပ်က ဇောက်ထိုးကြီး'

တကယ့်အရေးထဲမှာကို နေသစ်က ရယ်စရာလုပ်ဖြစ်အောင် လုပ်လိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ်… စာအုပ်ကို ဒီလိုခေါက်ထိုးဖတ်နိုင်ဖို့ဆိုတာ တော်ရုံ တန်ရုံအရည်အချင်းမျိုး မှတ်နေသလား' တဲ့။

တကယ့် နေသစ်။

စပါးကလည်း တကယ့်စပါးလေ။ မရယ်ဘူး။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

'ဟော့... နင်တို့ဖော်ကောင်မလုပ်ဘူးဆိုရင် နင်တို့ကို ငါ ရယ်စရာ တစ်ခု ပြစရာရှိတယ်၊ ဘယ်နှယ်လဲ၊ နင်တို့ ကတိပေးမှာလား'

မေသက်ပိုင်နဲ့ ဖွန်ဖွန်က အားတက်သရော ဖြေတယ်။

'အေး... ကတိပေးတယ်ဟာ'

'ငါလည်း ကတိပေးတယ်၊ ရယ်ရရင် ပြီးရော'

ယုံပါတယ်။ အဲဒီသတ္တဝါမနစ်ယောက်က ရယ်ရမယ်ဆို ယောက္ခမ ခေါင်းကိုတောင် အိုးမည်းတို့ပြီး စကြမယ့်သူတွေပါ။ စပါးကသာ...။

'အေး... ဒါဆို ငါ့နောက်က လိုက်ခဲ့ကြ'

နေသစ်ကပြောပြီး ရှေ့က ထွက်သွားတော့ မေသက်ပိုင်က ပြော တယ်။

'အေးလေ လမ်းမသိ ဘာနောက်လိုက် ဆိုလားပဲ'

နေသစ်ကို ဒီပညာလောက်နဲ့ လာစမ်းလို့ဘယ်ရမလဲ။

'ကြားဖူးတယ် မဟုတ်လား၊ နတ်လမ်းညွှန်တယ် ဆိုတာ'

ဒီတော့မှ မအဂ္ဂာက ပြုံးစေ့စေ့နဲ့ ပါးစပ်ပိတ်သွားတယ်၊ သူတို့ နေသစ်ကို နိုင်အောင်မပြောနိုင်ပါဘူး။ အင်း... နေသစ်က နိုင်အောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သူဆိုလို့ တစ်ယောက်ပဲရှိသေးတယ်။ စပါးပေါ့။ ရယ်ကြောနဲ့ချက်ကြော မှားဖြတ်မိပြီး မွေးလာတာလားလို့ မှတ်ရတယ်။ ဒါပေမဲ့ စပါးလည်း နောက်ဆုံးတော့ နေသစ်ရဲ့ရယ်သံစက်ကွင်းထဲ မိရမှာပေါ့။ ဒီလိုပဲ နေသစ်သူ့ကိုယ်သာ အားပေးရတာပဲလေ။

သူမတို့သုံးယောက်ကို ကျောင်းထဲကိုဦးဆောင်ခေါ်လာရင်း ရယ်ရမယ့်အကြောင်းအရာကို နိဒါန်းပျိုး မိတ်ဆက်ထားရတယ်။

'ငါတို့ မြန်မာစာကကွင်းကို သိတယ်မဟုတ်လား'

နေသစ် မေးလိုက်တယ်။ တကယ်တော့ ဒါမျိုးတွေကို မေသက်ပိုင်တို့ ဇွန်ဇွန်တို့ သိပြီးသားပါ။

'ဆံပင်ရှည်ရှည်ကလေးနဲ့ လင်းလင်းသန့် မဟုတ်လား'

'အေး… ဟုတ်တယ်'

'လှတယ်နော်၊ သူ့ကို ငါတို့က ဂန္ဓဝင်ဆည်းဆာလို့ နာမည်ပေးထားတာ'

အရေးထဲ သူတို့က လင်းလင်းသန့်ကို ချီးမွမ်းခန်း ဖွင့်နေသေးတယ်။

'သွားစမ်းပါဟာ၊ ငါကတော့ သဘောမကျပါဘူး၊ သူ့တစ်ကိုယ်လုံးမှာ ဆံပင်တွေကိုပဲ စိတ်ဝင်စားတယ်၊ ညည အိပ်မပျော်တိုင်း တွေးမိတယ်၊ သူ့ခေါင်းကဆံပင်တွေ အချိန်ဘယ်လောက်များ ရှိမလဲလို့'

မေသက်ပိုင်နဲ့ဇွန်ဇွန်တို့ ရယ်တယ်။ ရယ်မှာ အသာမရယ်ဘူး။ သူ့ကျောကို ထုလိုက်ကြသေးတယ်။ စပါးကတော့ သူ့ကျောကိုလည်း မထုဘူး။ ရယ်လည်း မရယ်ဘူး။

'ငါ့သဘောအတိုင်းဆို အဲဒီ လင်းလင်းသန့်ကို ကွင်းအေးမယ့်အစား စပါးကို ကွင်းပေးမှာ'



www.burmeseclassic.com

www.burmeseclassic.com



'လိပ်မျိုး'

'သိတတ်သားပဲနော်'

မေသက်ပိုင်နဲ့ ဗွန်ဗွန်က ထောပနာပြုတယ်။

'ကဲပါ၊ စောစောက လင်းလင်းသန့်ကိစ္စကို ဆက်ပါဦး'

'ဒီလိုဟာ၊ အဲဒီလင်းလင်းသန့်က သူ့ကိုယ်သူ ဗီဒီယိုရုပ်ရှင်မင်းသမီးများ အောက်မေ့နေသလား မသိဘူး'

'ဘာဖြစ်လို့လဲ၊ ဝတ္ထုရေးလို့လား၊ သီချင်းဆိုလို့လား'

'မဟုတ်ပါဘူး၊ ငါပြောတာ ဆက်နားထောင်ပါဦး'

'အင်း… ပြော… ပြော…'

'သူက အတန်းထဲမှာ ယောကျ်ားကလေးတွေကို ကဲစမ်းမဲဖောက်တယ်'

'တီဗွီတွေလား၊ ဗီစီဒီစက်လား၊ ရေခဲသေတ္တာလား'

'မဟုတ်ဘူး၊ သူ့ခါတ်ပုံတွေ'

'ဘာ… ခါတ်ပုံတွေ ဟုတ်လား'

ဗွန်ဗွန် ထအော်ပုံက အလန့်တကြား။

'ထွီ… ရှုံစရာကြီးဟာ'

'ဘာလို့လဲဟ'

နေသစ်က ပြန်မေးလိုက်တဲ့စကားကို ဗွန်ဗွန်ဖြေပုံက…

'ခါတ်ပုံဆို၊ နင်ပဲပြောတာ'

'အဲဒါဘာဖြစ်လို့ ရှုံစရာဖြစ်ရတာလဲဟ'

'ဟင်… နင်ပြောတဲ့ ခါတ်ပုံဆိုတာ ခါတ်ချုပ်တယ်တို့ ခါတ်သွားတယ်တို့ဆိုတဲ့ အနံ့စာဟောင်းခါတ်ပုံ မဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… နင်က ကိုယ့်အတွေးနဲ့ကိုယ် အော့နှလုံးနာနေတာကိုး၊ ငါပြောတဲ့ဓာတ်ပုံဆိုတာက ကင်မရာနဲ့ရိုက်တဲ့ ပိုတိုဂရပ်ဓာတ်ပုံကိုပြောတာ'

အဲဒီလိုပြောလိုက်တော့မှ ဖွန်ဖွန်က ရှက်ကိုးရှက်ကန်းနဲ့…

'သိဘူးလေ၊ ငါက ဟိုဓာတ်ပုံကြီးကို မျက်စိထဲ မြင်ယောင်လိုက်မိတာကိုး၊ ကျွန်တော်မျိုးမ သေသင့်ပါတယ်'

'အဲဒီဓာတ်ပုံ မဲပေါက်တဲ့ သူတွေက ဓာတ်ပုံကလေးယူပြီး သူ့ဆီကိုသွားရတယ်၊ သူက ဓာတ်ပုံနောက်ကျောမှာ ခင်မင်မှုအမှတ်တရဘာညာနဲ့ ရေးပေးပြီး လက်မှတ်ထိုးပေးတယ်၊ တော်တော်ရှုကြောင်ကြောင် လုပ်တာပဲ'

'သူ့ဓာတ်ပုံတွေချည်းပဲလား'

တစ်ပုံလောက်မှ မရလိုက်လေခြင်းဆိုတဲ့ ဝမ်းနည်းပက်ကျိပုံစံမျိုးနဲ့ မေသက်ပိုင်က မေးတယ်။

'အေး… ဟုတ်တယ်၊ ငါလည်း ဓာတ်ပုံတစ်ပုံရလိုက်တယ်'

'ဟယ်… ဟုတ်လား၊ ငါ့ကိုပေး'

မေသက်ပိုင် ပုံစံက အငမ်းမရနဲ့။ ဓာတ်ပုံကိုများ အကြွေးဝယ်လို့ရတဲ့ကဒ်များ အောက်မေ့နေသလား မသိဘူး။

'မရှုးစမ်းပါနဲ့ဟာ၊ အဲဒီဓာတ်ပုံက ငါ့ဆီမှာ မရှိတော့ဘူး'

'ဘယ်ရောက်သွားတာလဲ'

မေသက်ပိုင်ခမျာ ရွှေထည်ပစ္စည်းတစ်ခုခု ဆုံးရှုံးလိုက်ရသလို။

'တစ်ကျောင်းလုံး အများသူငါ ကြည့်ရအောင်ဆိုတဲ့ စေတနာနဲ့ ပိုပြီးလှပအောင် ပြုပြင်ပြီး ဓာတ်ပုံဆိုင်မှာ သွားပုံကြီးချဲ့၊ ပြီးတော့ ကြော်ငြာသင်ပုန်းမှာ ကပ်ထားလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်... အဲဒါဆို ငါတို့ ပြန်ခွာယူချေရအောင်'

'ယူချင်ရင်ယူပေါ့၊ အခု အဲဒီကို သွားကြည့်ဖို့ နင်တို့ကိုခေါ်လာ ဘာပဲ'

'ဟေး'

ဘုမသိ ဘမသိနဲ့ မေသက်ပိုင်က ပျော်နေသေးတယ်။

✻

www.burmeseclassic.com

www.burmeseclassic.com

'ဟာ'

'ဟင်'

အံ့နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေ အကြားက တိုးဝှေ့ပြီး ကြည့်လိုက်တော့မှ သူမတို့ မျက်နှာကြီးတွေ ရှုံ့မဲ့ပြီး ရယ်လိုက်ကြတယ်။ ကြည့်နေတဲ့ ကျောင်းသူကျောင်းသားတွေလည်း တဝါးဝါး တဟားဟားနဲ့

ကြည့်လေ။ အလှဘုရင်မ လင်းလင်းသန့်ရဲ့ ပြက္ခဒိန်ဆိုဒ်လောက် ရှိတဲ့ ဓာတ်ပုံကို။

နဂိုရိုက်ထားတဲ့ ဓာတ်ပုံက မြန်မာဆန်ဆန် အဖြူရောင်ဝမ်းဆက် ဝတ်စုံကလေးနဲ့ ကျစ်ဆံမြီးလေးချပြီး ဘေးစောင်း ရိုက်ထားတာပါ။ အဲဒါကို နေသစ် ပြုပြင်ဖန်တီးလိုက်ပုံက ဦးခေါင်းထိပ်ကနေ နားရွက်အထ ထိ ဆံပင်တွေကို ကော်ရတ်ရှင်ပင်နဲ့အုပ်ဖျက်ပြီး ထားလိုက်တယ်။ လင်းလင်းသန့်ပုံက ဘာနဲ့တူသလဲဆိုရင် တရုတ်မန်ချူးတော်လှန်ရေး ဓာတ်ကား တွေထဲက ကတုံးတစ်ဝက်ရိတ်ပြီး နောက်တစ်ဝက်က ဆံပင်ရှည်ကို ကျစ်ဆံ မြီးကျစ်ထားလေ့ရှိတဲ့ သိုင်းသမားလို။ ပိုပြီး သဘာဝကျ ပီပြင်ချင်တော့ လင်းလင်းသန့် လက်ထောက်ထားတဲ့ ဒန်းလွဲသံတိုင်တစ်ပိုင်းတစ်စကလည်း တုတ်ကိုင်ထားတာလိုလို၊ ဓားကိုင်ထားတာလိုလိုနဲ့။ ပီဘိ သိုင်းသမားကြီး လိုပဲ။ အောက်ခြေမှာလည်း စာရေးထားလိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အလိုရှိသည်။ အကြွေးထောင်ငါးရာ' တဲ့။

'ဟင်း... ဟင်း... နေသစ် နင်တော်တော်ပေါက်တက်ကရလုပ်တယ်'

'ရှူး... တိုးတိုး လူတွေကြားသွားမယ်'

*

www.burmeseclassic.com

www.burmeseclassic.com

မေသက်ပိုင်ရော၊ ဖွန်ဖွန်ရော၊ စပါးရော နှုတ်လုံကြပေမယ့် ဘယ်
သူက ချွန်တွန်းလုပ်လိုက်တယ် မသိပါဘူး။ နေသစ်ခမျာ ပါမောက္ခကြီးရှေ့
ရောက်သွားရတယ်။

သက်သက်ညှာညှာနဲ့ ရလာတဲ့ အပြစ်ဒဏ်က ကျောင်းသားတကာ
ညစ်ပတ်စုတ်ပွဲထားတဲ့ ကျောင်းက ကျားအိမ်သာတွေကို သန့်ရှင်းရမယ်တဲ့။

ခံလိုက်ဦးပေါ့။

အိမ်သာနံ့ရုံတွေမှာ စည်းမရှိ ကမ်းမရှိ လက်ကမြင်းထားတဲ့ စာ
သားတွေ၊ ရုပ်ပုံတွေကို ပြောင်အောင်ဖျက်ရတယ်။ ဒီကြားထဲ လင်းလင်းသန့်
တို့က လက်စားချေတဲ့ သဘောမျိုးနဲ့ လာလာဟားသေးတယ်။ နေနှင့်ဦး။
နောက်တစ်ခါကျရင် သိုင်းသမားထက်ဆိုးတဲ့ တရုတ်သရဲဖြစ်အောင် လုပ်
ပစ်လိုက်ဦးမယ်။

*



www.burmeseclassic.com

www.burmeseclassic.com

မေသက်ပိုင်နဲ့ ဖွန်ဖွန်က…

'မှတ်… မှတ်… နည်းတောင်နည်းသေးတယ်'

စပါးကတော့ ကရုဏာထားရှာပါတယ်။ နောက်ထပ် ဒါမျိုး အခါတစ်ရာလောက်ကြုံပါစေတဲ့။ ကရုဏာဒေါသတွေ၊ ကရုဏာဒေါသတွေ လေ။

'လက်ကမြင်းတဲ့ ကျောင်းသားတွေကို အိမ်သာထဲမှာ ကျိန်စာရေး ခဲ့သေးတယ်'

နေသစ် အပြောကြောင့် သူမတို့က သူ့ကို တော်တော်အရေးခွဲ ဆုတဲ့ သတ္တဝါလို့ ထင်သွားကြတယ်။

'ဘယ်လိုကျိန်စာလဲ'

'ဩော်… ဒီလိုလေ၊ အိမ်သာအား ညစ်ပတ်ပေရေအောင်လုပ် သော ကျောင်းသားအပေါင်းတို့သည် နောက်နောင်ဘဝများစွာ၌ မနုသီဟ ကဲ့သို့ ဖင်နှစ်ခွဖြစ်ကြကုန်လျက် ဗိုက်နာရာအရပ်တိုင်းမှာ အိမ်သာရှာမတွေ့ သောကိုယ်ဖြစ်ကြစေသတည်း' တဲ့။

နေသစ်စကားကြောင့် မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့က ရယ်ကြတယ်။

စပါးကတော့ ထုံးစံအတိုင်း နေမြဲ။

*



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

"ငါတို့ အဆောင်မှူးက ငါတို့ကို အမြဲပြောလေ့ရှိတယ်၊ မင်းတို့ ဖဲတော့မရိုက်ကြနဲ့၊ ပိုကာဆွဲချင်ဆွဲကြတဲ့၊ သူက ပိုကာဆွဲတာကို ဖဲကစားတာလို့ ထင်တာမဟုတ်ဘူးလေ၊ ခိုက်ရန်ဒေါသဖြစ်မှာစိုးလို့ ပိုက်ဆံနဲ့ မကစားခိုင်းဘူး၊ ဒါပေမဲ့ ဒါမျိုးဆိုတာကလည်း စတိသဘောမျိုးလောက် ဖြစ်ဖြစ် လောင်းကြေးလေးတော့ ပါမှ ကောင်းတာမဟုတ်လား"

ဟဲ… ဟဲ… လက်ဖက်ရည်ဖိုး ဆေးလိပ်ဖိုးလောက်စပြီး အိမ်ကပို့လိုက်တဲ့ ငွေတွေပြောင်တလင်းခါသွားကြတာချည်းပဲလေ။ ပိုက်ဆံနဲ့ ကစားတာကို အဆောင်မှူးသိသွားလို့ကတော့ မလွယ်ကြောပဲ မှတ်။

တစ်ခါကလည်း ဘယ်ကောင်က အတို့အထောင်လုပ်လိုက်တာ မသိဘူး။ ကစားနေတယန်း အဆောင်မှူးက တံခါးလာခေါက်တော့တာ အကုန်လုံး ပြာသွားရတာပေါ့။ ဘယ်မှလည်းပြေးလို့မလွတ်တော့ဘူးလေ အဲဒီမှာ…

ငါက ပိုက်ဆံတွေအကုန်သိမ်းခိုင်းပြီး၊ အကုန်လုံးရဲ့ နဖူးတွေလ တွေမှာ အိုးမည်းတွေ လိုက်တို့ပြီး တံခါးဖွင့်ပေးလိုက်တယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အပျင်းပြေ အိုးမည်းတို့ကြေး ကစားကြတာပါဆိုမှ အဆောင်မှူးက ကျေနပ်ပြီး လှည့်ပြန်သွားတယ်။

ငါတို့အဆောင်မှူးက တကယ့်ခွတီးခွကျရယ်။ သူကိုယ်တိုင်ကျတော့ ခွက်ပုန်းချချနေပြီးတော့ ငါတို့ကိုကျတော့ အရက်မသောက်ရတဲ့ ဟားမြစ်ထားတယ်။ ငါတို့ကလည်း သူ့စည်းကမ်းကို တိတိကျကျကြီးကို အောက်ဖျက်တာပေါ့။ ကြိုက်လို့ရယ် မဟုတ်ပေမယ့် တစ်ခါတလေ အပျော်သဘောမျိုးနဲ့ သောက်မိတာပေါ့။

ညက ငါ့အခန်းထဲမှာ ဂျင်တစ်ထောင့်နဲ့ ဝိုင်းဖွဲ့လို့ အရှိန်ရနေတုန်းရှိသေးတယ်။ ဝုန်းခနဲ အဆောင်မှူးက ရောက်ချလာရော။ ငါတို့လည်း အိုးမည်းတို့တမ်း၊ အရက်သောက်ကြတာပါလို့ ပြောလို့မရတော့ဘူးလေ။ ဓရိုက်တာမှ မဟုတ်ဘဲကိုး။ ကမန်းကတန်း အရက်ပုလင်းကို ခုတင်အောက်ထိုးဖွက်လိုက်ပေမယ့် ခုတင်ပေါ်က အမြည်းတွေနဲ့ ဖန်ခွက်တွေက ဒီအတိုင်းပေါ်တင်ကြီးလေ။

ဟဲ… ဟဲ… ငါတို့ကလည်း မျက်နှာချိုသွေးပြီး ဆေးဖြစ်ဝါးဖြစ်တစ်ခွက်တစ်ဖလားပါလို့ မျက်နှာချိုသွေးလို့မရတော့ဘူး။ သူပြောတဲ့စကားတစ်ခွန်းက မှတ်သားစရာကောင်းတယ်။ အရက်ဆိုတာ ဆေးမဟုတ်ဘူးကွ။ အဆိပ်တဲ့။ အံမယ် သူက ဘုရားဟော အလင်္ကာတွေဘာတွေနဲ့ဆုံးမသွားသေးတယ်။ ဘာတဲ့။ သေရည်တစ်စက် စီးပွားပျက်ကို တစ်စက်တယ်မျှ မသောက်ကြနဲ့၊ ရှင်တော်ဟောသည့် အဆိပ်ရည်တဲ့၊ နောက်ဒါမျိုး လုပ်ရင်ခွင့်မလွှတ်ဘူးတဲ့၊ အလကားပါ၊ သူက ဒီအတိုင်းပြောနေကျပြီးတော့လည်း သူကပဲ ငါတို့ကို ပြန်ချော့တာပဲ။

ညကတော့ ပေးစမ်း အရက်ပုလင်း။ ငါသိမ်းသွားမယ်ဆိုပြီး ပုလင်းကိုတောင်းနေလို့ မတတ်သာတဲ့အဆုံး ခုတင်အောက်က ပုလင်းကိုထုတ်ပေးလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟီး… ဟီး… နားထောင် ကောင်းခန်းရောက်ပြီ၊ အဆောင်မှူး လည်း ထွက်သွားရော ငါတို့လည်း တစ်ယောက်ကိုတစ်ယောက် လက်တို့ ပြီး နောက်ကနေ လိုက်ချောင်းတော့တာပေါ့။

အခန်းထဲရောက်တော့ ပုလင်းကို ပြုံးပြုံး ပြုံးပြုံးနဲ့ အသေအချာ ကြည့်ပြီး သွားရည်တွေဘာတွေ ကျနေလိုက်သေးတယ်။ ပြီးတော့မှ ပုလင်း ကို ဖွင့်ပြီးမော့ချလိုက်တာ။

မျက်လုံးကြီးပြူးပြီး ဖွီးခနဲ ထွေးထုတ်လိုက်ပုံများ အခုထိ မျက်လုံး ထဲက မထွက်ဘူး။ ငါတို့ကိုလည်း ရစရာမရှိအောင် ဆဲလိုက်တာလေ။

ဟ… ဘာဖြစ်ရမှာလဲ။ ငါက သူတို့ပေးလိုက်တာ အရက်တွေ မှ မဟုတ်ဘဲကိုး။ ခတ်ဆီတွေထည့်ထားတဲ့ ဂျင်ပုလင်းကိုပေးလိုက်တာ။ ဟား… ဟား… သူခိုးသေလို့ သူခိုးမိန်းမ ကျယ်ကျယ်အော်မငိုရဲသလို ပေါ့။ ကျိတ်သာဆဲနေပေမယ့် ငါတို့ကိုလည်း ပေါ်တင်လာမချဲရဲဘူး။ ဟီး… ဟီး။

'ဟား… ဟား'

ရယ်သံတွေ စီဝေသွားတယ်။ အဲဒီထဲမှာ စပါးရဲ့ ရယ်သံမပါ ဘူး။

တော်ကွာ…။ ပြောရတဲ့သူအဖို့တော့ အမြှုပ်ထွက်မတတ်။

ဟူး… မောတယ် စပါးရေ…။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

'စပါး နှင့်ကိုင်ါတို့ အံ့သြတယ် သိလား'

ဖွန်ဖွန်ရဲ့အပြောကြောင့် စပါး ဖတ်လက်စ စာအုပ်ကို အသာပိတ်ပြီး ပြန်မေးလိုက်ရတယ်။

'ဘာဖြစ်လို့လဲဟ'

'ဘာဖြစ်ရမှာလဲ၊ နှင် နေသစ်က ပြောတဲ့စကားတွေ ရယ်စရာတွေကို နားထောင်ပြီး လုံးဝမရယ်ဘဲ ခပ်တည်တည်ကြီးနေနိုင်တာကိုပေါ့'

'အောင်မလေး ငါတော့ ဘာများလဲလို့၊ ဒါ အံ့သြစရာလား'

စပါးက အဲဒီလို အေးအေးဆေးဆေးပုံစံနဲ့ ပြောလိုက်တော့မှ ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့ ပိုပြီး အံ့သြသွားကြပုံပေါ်တယ်။

'ဟင်... ဒါ အံ့သြစရာမဟုတ်ဘူး ဟုတ်လား'

'အေးလေ၊ နေသစ် ဘယ်လောက်ရယ်စရာပြောပြော ငါက ရယ်မှ ရယ်ချင်တာကိုး'

မေသက်ပိုင်က ပြုံးစစနဲ့ကြည့်ပြီးမေးတယ်။

'တကယ်ကို မရယ်ချင်လို့မရယ်တာလား၊ ဒါမှမဟုတ် [illegible] မှာစိုးလို့ မရယ်တာလား'

www.burmeseclassic.com



'သြော်… ခက်တော့တာပဲ၊ မရယ်ချင်လို့ မရယ်တာပါဆိုမှ'

'စပါး မိန်းမ ရယ်ချင်ရင်လည်း ရယ်ချလိုက်နော်၊ အောင့်မထား နဲ့၊ သိလား၊ အချစ်ဆိုတာ အောင့်ထားရင် အောက်သွားတတ်တယ်၊ အချစ် ဆိုတာ အရှုံးပေးမှ နှလုံးအေးတဲ့ဆေးဟာ သိလား'

'အောင်မယ်… ကောင်မစုတ်၊ လက်စသပ်တော့ မိန်းမက နေသ ဘက်တော်သားကိုး၊ ဒီကတော့ ကိုယ့်လူမှတ်လို့ ယုံနေတာ သွား'

စပါးက မေသက်ပိုင်ကို အချဉ်ထုပ်နဲ့ ကောက်ပေါက်လိုက်တယ်

'အတော်ပဲ၊ အချဉ်ထုပ်တောင် စားမလို့ ကြံနေတာ၊ တော တောင် မတောင်းရသေးဘူး၊ ချက်ချင်းရောက်လာပြီ၊ အင်း… သူတော် ကောင်းများကျတော့ စိတ်ထဲက တလိုက်တာနဲ့ အလိုလိုဖြစ်လာရတယ်နော် ရော့… ဗွန်ဗွန် နင်ရော စားဦးမလား'

အချဉ်ထုပ်ကို အားရပါးရ ပလုတ်ပလောင်းစားလိုက်ပြီး ဗွန်ဗွ ဆီကို လက်ဆင့်ကမ်းရင်း ပြောင်ချော်ချော်လုပ်ပြနေတဲ့ မေသက်ပိုင် ကြည့်ပြီး အသည်းယားလိုက်တာလေ။

'ကောင်မတွေနော်… ကျုပ် ဒေါသဖြစ်လာပြီ'

'အင်း… စနေသမီးများ ဒေါသကြီးရင် ဟိုဟာတောင်ကော စားတတ်တယ်ဆိုလားပဲ၊ စိတ်ထိန်းပါ သူငယ်ချင်းရယ် ဟဲ… ဟဲ'

'ဟေ့… ကျုပ်က စနေသမီးမဟုတ်ဘူး၊ အင်္ဂါသမီး၊ အင်္ဂါသ ဟွန်း… ကောင်မတွေ နင်တို့လည်း နေသစ်နဲ့ အတူတူထားဖို့ကော တယ်'

'အယ်… နေသစ်က ငါတို့နဲ့ အတူတူနေချင်တာ မဟုတ် နင်နဲ့ အတူတူနေချင်တာတဲ့'

'ကောင်မစုတ်တွေ ကဲဟယ်… ကဲဟယ်'

စပါးက မေသက်ပိုင်နဲ့ ဗွန်ဗွန့်ကို လိုက်ထုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဖွန်က အခန်းထဲမှာ ပတ်ပြေးရင်း…

'ဟော့… ဟော့… စပါး ကုလားမနိုင် ရနိုင်မမဲနဲ့နော်၊ ငါနဲ့ဘာ င်လို့လဲ၊ မေသက်ပိုင်က ပြောတဲ့ဟာကို'

'ဘာထူးလဲ၊ ရှင်တို့နှစ်ယောက်လုံး အတူတူပဲ၊ တစ်စိတ်တည်း ဘဏ်တည်းတွေ၊ ပုလင်းတူဘူးဆို့တွေ၊ ဟင်း… မသိဘူးများ မှတ်နေ သား၊ သူတို့ကပါ နေသစ်နဲ့ရောပြီး ရယ်စရာတွေလုပ်နေကြတာ၊ အတိုင် အောက်ညီနေကြတာ၊ နေသစ်က သူတို့ကို အကျိုးဆောင်ခ ဘယ်လောက် ပေးထားတယ်မသိဘူး ဟွန်း'

'မဟုတ်ပါဘူးဟယ်၊ အထင်မလွဲပါနဲ့'

'ဟုတ်ပါတယ်'

'မဟုတ်ပါဘူးဆိုမှ'

'ဟုတ်… ဟုတ်… ဟုတ်နဲ့တောင် မြည်နေသေးတယ်'

'မဟုတ်က ဟုတ်က'

'အယ်… ဟုတ်က ဟုတ်ကပါ'

'တော်တော့ဟာ စပါး၊ ငါတို့မောပြီဟ'

'ပြေးလေ မိရင်တော့ ရှင်တို့နှစ်ယောက်စလုံး မလွယ်ဘူးမှတ်၊ … မောလိုက်တာ'

'ဟဲ့… ကလေးမတွေ စာမကျက်ဘဲနဲ့ ဆူညံနေကြပါလား'

အန်တီမြရဲ့ သတိပေးသံကြားရမှ သူမတို့ စက်ကလေးတွေပုပြီး သွားကြတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

အခဆောင်လေ့ကားဆင်းမှာ သင်းကား (Thinker) ရုပ်တုကြီး
ထိုင်ရင်း နေသစ်စဉ်းစားနေမိသည်။ စပါးက သူ့ဟာသတွေကို ဘာလို့
မရယ်ဘဲ တောင့်ခံနေရတာလဲလို့ စိတ်ပါလက်ပါ ကြိုးစားအားထုတ်ထား
ဟာသတွေက စပါးနဲ့ကျမှ မရယ်ရလို့ ရယ်တောင်ရယ်ချင်သေးလို့ ပြော
တော့မလို။ တစ်ကျောင်းလုံးက ကျောင်းသား ကျောင်းသူတွေ အတော်
များကို ရယ်အောင်လုပ်လာခဲ့တဲ့ နေသစ်။ စပါးနဲ့ကျမှ သိက္ခာတွေ အလ
လိုက် ကွာကျလိုကျ၊ အပိုင်းပိုင်းပြတ်လိုပြတ်နဲ့ အဖတ်ဆည်မရတဲ့ ရေ
ဟင်းချိုဖြစ်ကုန်ရတာ။ အဲဒါကြောင့် နေသစ်ခမျာ နေမထိ ထိုင်မ
မအီမလည်ကြီး ခံစားနရတယ်။

တွေးနေရင်း ကြားဖူးခဲ့တဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို သတိရမိလို
တယ်။ ပုံပြင်က လူတစ်ယောက်နဲ့တစ်ယောက် လူတစ်မျိုးနဲ့တစ်မျိုး ခံ
မှု ဓာတ်ခံချင်း မတူညီတတ်ပုံကို ပြောထားတာ။

ပုံပြင်ထဲမှာ မြန်မာလူမျိုးတစ်ယောက်နဲ့ မွန်လူမျိုးတစ်ယော
မြန်မာဓာတ်ပွဲတစ်ပွဲကို အတူတူကြည့်ကြသတဲ့။ အဲဒီမှာ မင်းသားက '
တောင်ဆီက ညိုတိုတိုရယ်၊ ညိုတိုတိုရယ်' လို့ သီချင်းဆိုလိုက်တော့ မြ
လူက မျက်ရည်ကျသတဲ့။ ဒါကို မွန်အမျိုးသားကမြင်တော့ ဘာလို့ငိုတာ
လို့မေးတယ်။ မြန်မာက သီချင်းကလေးက လွမ်းစရာကောင်းလို့ငိုတာပါ
ပြောတာပေါ့။ ဟာ… မင်းသားက ဘယ်လိုဆိုလို့ လွမ်းရတာလဲလို့ မွန်
ထပ်ပြောတော့ မြန်မာက ဟာ… ဟိုတောင်ဆီက ညိုတိုတိုရယ်၊ ညိုတို



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ လွှမ်းစရာသိပ်ကောင်းတာပေါ့ကွာလို့ ပြောလိုက်တယ်။ မှန်က များ လွှမ်းစရာမဟုတ်သေးပါဘူးကွာလို့ ပြောသတဲ့။

ဒီလိုနဲ့ အဲဒီမြန်မာနဲ့ မှန် သူငယ်ချင်းနှစ်ယောက် မှန်ဇာတ်ပွဲတစ် ခု သွားကြည့်ကြပြန်ရော။ မှန်မင်းသားက သီချင်းဆိုလိုက်တော့ မှန်က ပါလေရော။ မြန်မာကလည်း မေးတယ်။ မင်းတို့သီချင်းထဲမှာ ဘာများ စရာပါလို့လဲကွာလို့။ မှန်ကပြောတယ်။ သီချင်းအဓိပ္ပာယ်က ကွင်းပြင် ထဲမှာ နွားကလေးတွေမြက်စားနေကြတယ်တဲ့၊ ဘယ်လောက်များ လွှမ်း ကောင်းလိုက်တဲ့ စာသားလဲကွာလို့ပြောတော့ မြန်မာက ဒါများ လွှမ်း စရာမဟုတ်ပါဘူးလို့ ပြန်ပြောသတဲ့။ ပုံပြင်ကလေးကတော့ ဒါပါပဲ။

သဘောကတော့ လူတစ်ယောက်နဲ့တစ်ယောက် အမျိုးချင်းမတူ၊ ချင်းမတူ၊ ဖြတ်သန်းမှုခြင်းမတူ၊ နယ်မြေဒေသချင်းမတူလို့ ခံစားမှု မတူကြဘူးဆိုတာပါ။

မေသက်ပိုင်၊ ဖွန့်ဖွန့်၊ စပါးနဲ့ နေသစ်တို့ကရော လူမျိုးချင်းလည်း တူ။ တိုင်းတစ်တိုင်းတည်းမှာ အတူတူနေလာကြတဲ့သူတွေချည်းအတူ နေသစ်ပြောတဲ့ ရယ်စရာတွေကို မေသက်ပိုင်နဲ့ ဖွန့်ဖွန့်က ရယ်ကြပြီး စပါးကျမှ ရှေ့ငုံနှုတ်ပိတ်တိတ်ဆိတ်နိုင်လွန်းနေတယ်။ ဘာကြောင့်လဲ။

စပါးက မရယ်တတ်တဲ့ရောဂါများ ရနေသလား။ ဟောဒီ သိုလ်နယ်မြေကိုများ ရယ်သံမဲ့ဇုန်တစ်ခုလို သဘောထားနေရော့ ။ ဒီလိုကြံဖန်ကတ်သတ်တော့လည်း မဖြစ်နိုင်ပါ။

မိန်းကလေးတို့ရှက်ရွံ့ ရွှေပေးလို့မရ။ စိန်ပေးလို့မရ။ မိန်းကလေး ခင်းဆိုတာ သွားပေါ်အောင် မရယ်ရဘူးလို့ ဆိုဆုံးမတတ်တဲ့ ရှေးရိုး ကြီးတွေ လက်ပေါ်မှာ ကြီးပြင်းခဲ့လို့များ မရယ်ဘဲနေတာလား။ ဒါလည်းမဟုတ်နိုင်ပါဘူး။ စပါးရဲ့ နေပုံထိုင်ပုံ သွားပုံလာပုံတွေက ပွင့်လင်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဟန်မျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



တချို့က ကျိုးနေတဲ့သွားပေါက်ကို လူမြင်မှာစိုးလို့ မရယ်ကြ
စပါးကတော့ သွားလည်းမကျိုးပါဘူး။ စကားပြောလိုက်တိုင်း လှ
ဝင်းလက်လာတဲ့ ပုလဲသွယ်သွားကလေးတွေနဲ့ ရယ်လိုက်ရင် သိပ်ပြီးလှ
စပါးပါ။ ဒါပေမဲ့ စပါးမရယ်ဘူး။

စပါး ဘာလို့မရယ်တာလဲ။

စပါး ဘာလို့ မရယ်တာလဲ။

နေသစ် အသည်းအသန် စဉ်းစားတယ်။ စပါး ဘာလို့မ
ရတာလဲ။

နေသစ် အသည်းအသန်စဉ်းစားတယ်။ အက်ဒီဆင် ပန်းသီး
လုံးကို မီးလင်းဖို့စဉ်းစားတဲ့ ဦးနှောက်မျိုးနဲ့။ နပိုလီယန် ဥရောပတို
သိမ်းသွင်းဖို့ ကြံစည်တဲ့ ဦးနှောက်မျိုးနဲ့ စဉ်းစားတယ်။

လူနာတစ်ယောက်ကို ရောဂါရှာဖွေနေတဲ့ ပါရဂူတစ်ယော
ကျွမ်းကျင်သေချာမှုမျိုးနဲ့။ စက်တစ်လုံးရဲ့ ချွတ်ယွင်းချက်ကို ရှာ
မက္ကင်းနစ်တစ်ယောက်ရဲ့ စေ့စပ်သေချာမှုမျိုးနဲ့ စဉ်းစားတယ်။

ကမာရှာတဲ့ ဆလုံတစ်ယောက်ရဲ့ အပင်ပန်းခံနိုင်မှုမျိုးနဲ့။ လ
ကောင်းစားဖို့အတွက် တောင်တက်နေးနေတဲ့ ပလောင်တစ်ယောက်ရဲ့
ရှည်မှုမျိုးနဲ့ စဉ်းစားတယ်။

စဉ်းစားတယ်။

စပါး ဘာလို့ မရယ်တာလဲ။

*

www.burmeseclassic.com

www.burmeseclassic.com

'ဖြောင်း'

နေသစ် အားရဝမ်းသာနဲ့ လက်ခုပ်တစ်ချက်တီးလိုက်တယ်။ စဉ်းစားလို့ရပြီ။

'စပါး ဘာလို့မရယ်တာလဲဆိုတော့ မရယ်ချင်လို့ပေါ့'

ဟုတ်တယ်လေ။ စပါး ဘာလို့မရယ်တာလဲဆိုတော့ မရယ်ချင်လို့မရယ်တာပေါ့။ လူတွေဘာလို့ မရယ်တာလဲလို့မေးလာရင်လည်း မရယ်ချင်လို့ မရယ်တာပဲပေါ့လို့ ဖြေရလိမ့်မယ်။ နေသစ်သာ ကမ္ဘာကျော်တဲ့ ပညာရှင်တစ်ယောက်ဖြစ်လာရင် ဒီသီအိုရီကို ဝေ့လည်ကြောင်ပတ်သီအိုရီလို့ အမည်ပေးရလိမ့်မယ်။ ဘာလို့လဲဆိုတော့ တွေးလွန်းလို့ အဖြေက နီးလျက်နဲ့ ဝေးနေခဲ့တာကိုး။

ပြောရရင် မိန်းကလေးအများစုဟာ ရယ်မောရတာကို နှစ်သက်ကြပါတယ်။ စပါးကလည်း မိန်းကလေးထဲက မိန်းကလေးပဲလေ။ ရယ်မောရတာကို နှစ်သက်မှာ သေချာပါတယ်။ အခုဟာက တမင်ဟန်ဆောင်နေလို့သာ။ ပြီးတော့ မိန်းကလေးတွေဟာ ရယ်စရာ မောစရာစကားတွေ ပြောတတ်ပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ယောကျ်ားကလေးတွေကို သဘောကျခင်မင်ကြပါတယ်။

ဒါပေမဲ့ ချွင်းချက်တစ်ခုတော့ရှိတယ်။ မိန်းကလေးတွေက သူတို့ အမြင်မကြည်တဲ့ ယောကျ်ားကလေးရဲ့ရှေ့မှာ မရင်းနှီးကျွမ်းဝင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကလေးတွေရှေ့မှာတော့ မရယ်မိအောင် သူတို့ရဲ့ ရွှေဉာဏ်နဲ့ ချုပ်တည်းနိုင်စွမ်းရှိကြတယ်။ ဥပမာ စပါးလိုမျိုးပေါ့။

နေသစ်က စပါးနဲ့ သူ့ရဲ့အခြေအနေကို ပြန်ပြီး သုံးသပ်ကြည့်လိုက်တယ်။ စပါးက အစကတည်းက သူ့ကိုအစာမကြေဖြစ်နေခဲ့တာလေ။ စပါးနဲ့သူနဲ့ စဆုံခဲ့တာကိုက ရန်ပွဲနဲ့မဟုတ်လား။ ဒီလိုအကြောင်းအရာ အဖြစ်အပျက်တွေသာ မရှိခဲ့ဘူးဆိုရင် စပါးက သူ့အပြောတွေကြောင့်ကို စိတ်ရှိလက်ရှိ ရယ်မယ့် မိန်းကလေးပါလို့ ကျိန်ပြောဝံ့တယ်။ (အသက်တစ်ရာရှည်ရစေရဲ့)။ အခုတော့ စပါးနဲ့ သူ့အကြားမှာ ပဋိပက္ခတွေ သပ်လျှိုထားသလိုဖြစ်နေရတာကိုး။

နေသစ်မှားသွားတဲ့ အချက်တစ်ခုရှိတယ်။ စပါးကို ရန်စစိန်ခေါ်ပြီး ချဉ်းကပ်ခဲ့တာက သူ့ရဲ့မဟာအမှား။ စပါးကလည်း မာနက အကြီးသား။ တစ်ချက်လောက် ရယ်လိုက်မိရင်ပဲ သူမ မာနတွေ နေလှန်းခံရတဲ့ ဆနခဲတုန်းလို၊ မီးဖိုထဲ ပစ်ထည့်ခံရတဲ့ ပလတ်စတစ်အိတ်ကလေးတစ်လုံးလို ပျောက်ရှသွားလိမ့်မယ်လို့ ယူဆထားပုံ။ စပါး ရယ်မရယ်ဆိုတာကို ပြိုင်ပွဲတစ်ခုလို လုပ်လိုက်တော့ အခြေအနေတွေက ပိုပြီးဆိုးသွားတော့တာလေ။

နေသစ် နောင်တရနေမိတယ်။ ဒါပေမဲ့ ဘာမှမတတ်နိုင်တော့ဘူးလေ။ ထွက်ပြီးသား နှပ်ချေးသာ နှာခေါင်းထဲပြန်ရှုသွင်းလို့ ဝင်နိုင်ပေမယ့် ထွေးပြီးသား တံတွေးကိုတော့ ပြန်မျိုလို့မရနိုင်တော့ဘူးလေ။ ထားပါတော့။ လက်ရှိအခြေအနေပေါ်မှာပဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားရတော့မှာပေါ့။

နောက်ပြီး ရယ်စရာတွေကို ပြီးခဲ့တဲ့ ပုံစံတွေအတိုင်း ဇာတ်ခုံပေါ်က လူရွှင်တော် ပြက်လုံးထုတ်သလို ပြောနေမယ့်အစား စပါးရဲ့ရင်းနှီးခင်မင်မှုကို တဖြည်းဖြည်းရအောင်ယူရင်း ရယ်စရာတွေပြောပြ၊ လုပ်ပြတော့မယ်။ ရင်းနှီးကျွမ်းဝင်မှုဟာ ရယ်သံတွေ၊ အပြုံးတွေအတွက် ပါဝါခလုတ်ကလေးတစ်ခု မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



နေသစ်ကလည်း မာနတွေနဲ့ ငါ ရယ်စရာပြောရင် သူရယ်ရမယ် ဆိုတဲ့ စိတ်ထားမျိုးနဲ့ မဟုတ်တော့ဘဲ စပါးရယ်နိုင်ပါစေ ပျော်ပါစေဆိုတဲ့ အဖြူရောင်စေတနာနဲ့ ရယ်စရာတွေပြောတော့မယ်။ ဒါမှ မာနနဲ့ တင်းတင်း ဆုထားတဲ့ စပါးရဲ့ နှုတ်ခမ်းကြောကလေးတွေ ပါးကြောကလေးတွေ အာခံ တွင်းကြောကလေးတွေ ပြေလျော့ပျော့ပျောင်းပြီး ဟီးခနဲ ရယ်ချလာမှာ မဟုတ်လား။ မေတ္တာဟာ ရောင်ပြန်ဟပ်စမြဲလို့ နေသစ်ယုံတယ်လေ။

ဘာပဲဖြစ်ဖြစ် ဟောဒီ တက္ကသိုလ် ဖန်ခါးရိပ် တမာရိပ်မှာ စပါးရဲ့ ရယ်သံချိုချိုကလေး ပျံ့လွင့်လာရင်ပဲ နေသစ်အဖို့ အသက်ရှင်ပျော်ပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

အဆောင်လှေကားထစ်မှာ အတွေးသစ်၊ အမြင်သစ်ရလိုက်တဲ့ နေ့သစ်အဖို့ အဲဒီညက အိပ်မက်သစ်တစ်ခု မက်တယ်။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

'ညက ငါ အိပ်မက်တစ်ခုမက်တယ်ဟ'

နေသစ်ပြောလိုက်တဲ့ စကားကို ဓွန်ဓွန်က မဆန်းသလိုပုံစံမျိုးနဲ့ ပြန်ပြောတယ်။

'ငါတို့များ အိပ်မက်က တစ်ခုတောင်မကဘူး၊ ဟိုတစ်ပိုင်း၊ ဒီတစ်ပိုင်းနဲ့ အများကြီးမက်တာ၊ တီဗီဇာတ်လမ်းတွဲလားကျလို့၊ အိပ်မက်က ဘယ်တော့မှ တစ်ခါတည်းနဲ့ အစအဆုံးမပါဘူး'

'ဟဲ့… ဒါဆို နင့်အိပ်မက်အစီအစဉ်မှာ ငါ ကြော်ငြာထည့်ဦးမယ်၊ ရေသူမတံဆိပ်အားကစားဘောင်းဘီ ကြော်ငြာမလို့၊ ရေသူမတစ်ယောက်က ဘောင်းဘီဝတ်ပြီး ဘောလုံးကန်တဲ့ ပုံစံကလေးနဲ့ ရိုက်ပြထားမယ်'

နေသစ်ရဲ့ ကတ်သီးကတ်သတ်စကားကြောင့် မေသက်ပိုင်နဲ့ ဓွန်ဓွန်တို့ ရယ်ကြတယ်။ စပါးကတော့ မရယ်ပါဘူး။ ရှိစေတော့ မရယ်ချင်လို့ထ မရယ်တာလို့ပဲ သဘောထားပါတယ်။

'ပေါက်ပေါက်ရှာရှာ ရေသူမက ဘောင်းဘီဝတ်ပြီး ဘောလုံးကန်ရမယ်လို့၊ မဖြစ်နိုင်တာ အလွန်ပြောတယ်၊ ကဲ… ပြောပါဦး၊ နင့်အိပ်မက်ဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်လျက် လက်တို့ဖြစ်နေတဲ့ နေသစ်က မေသက်ပိုင်ရဲ့ တောင်းဆိုမှုကို ချင်းချင်းပဲ လိုက်လျောလိုက်ပါတယ်။

'အိပ်မက်ထဲမှာ စပါးက ရယ်နေတယ်ဟ'

'ဟင်... အပြင်မှာ တကယ်မရယ်တဲ့ စပါးက အိပ်မက်ထဲမှာ ရယ်တယ် ဟုတ်လား'

'အိပ်မက်ထဲမှာ ရယ်တာနဲ့ အရှုံးအနိုင် သတ်မှတ်လို့ရတယ်လို့ စာချုပ်ထဲမှာ မပါဘူးနော် နေသစ်'

စပါးရဲ့ စိုးရိမ်တကြီးပြောလာတဲ့ စကားကြောင့် နေသစ် ပြုံးမိသေးတယ်။

'အေး... အိပ်မက်ထဲမှာ စပါးက အားရပါးရ ရယ်နေပေမယ့် ရယ်သံကို မကြားရဘူး၊ ရယ်သံထွက်မလာဘူးတဲ့'

နေသစ်စကားကြောင့် ဖွန်ဖွန်က...

'အိပ်မက်ဆိုတာ အဲဒီလိုပဲဟ၊ ဂယောက်ဂယက် မက်တတ်တာ' တဲ့။ နေသစ်က...

'မဟုတ်ဘူး၊ ငါ့အိပ်မက်က 'ဂယောက်ဂယက်' မဟုတ်ဘူး အချက်အလက်အပြည့်အစုံနဲ့ မက်တာ၊ အိပ်မက်ထဲမှာ စပါးက အားရပါး အော်ရယ်နေပေမယ့် အသံမကြားရတာ နိုင်လုံတဲ့ အကြောင်းရှိတယ်ဟ'

'ပြောပါဦး'

'ဒီလိုဟ၊ စပါးဆီက ရယ်သံဘာလို့မကြားရတာလဲလို့ အနားကပ်ပြီး ငါအသေအချာ သွားကြည့်လိုက်တော့ အား... လား... လား... စပါး ပါးစပ်မှာ သေနတ်တွေလို အသံတိတ်ပြောင်းကြီးတွေ တပ်ထားတာကိုး၊ ဟား... ဟား'

'ဟား... ဟား... ပေါက်ပေါက်ရှာရှာ နင့်အိပ်မက်လည်း'

ဖွန်ဖွန်ရော မေသက်ပိုင်ရော ရယ်ကြတယ်။ စပါးတော့ မရယ်ပါဘူး။ မရယ်ချင်လို့က မရယ်တာလို့ပဲ နားလည်ပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေသစ်က စပါးရဲ့ ခင်မင်ရင်းနှီးမှုကို ရဖို့ ဂရုစိုက်ဖြရမယ်ဆို ဘာကို သတိရလိုက်တာနဲ့…

'စပါး လက်ဖက်ရည်တွေ သောက်လိုက်ဦးလေ၊ တော်ကြာအေး န်လိမ့်မယ်'လို့ပြောပြီး စပါးရဲ့လက်ဖက်ရည်ခွက်ကို ဂရုတစိုက်ရွှေ့ပြီး ရှေ့တိုးပေးလိုက်တယ်။

'ဩော်… အင်း… အင်း'

စပါးကလည်း ထူးထူးခြားခြား နေသစ်ရဲ့ အပြုအမူကြောင့် အူကြောင်ကြောင်ဖြစ်သွားပြီး လက်ဖက်ရည်ခွက်ကို ကောက်မော့လိုက်တယ်။

'ဟင်… ထွီ'

ငုံပြီးသား လက်ဖက်ရည်ကို ပြန်ထွေးပစ်ပြီး ခွက်ထဲက လက်ဖက်ရည်တွေပါ စားပွဲအောက်က ထွေးခံထဲကို သွန်ပစ်လိုက်တဲ့ စပါးရဲ့ အပြုအမူကြောင့် အားလုံးအံ့သြသွားရတယ်။

စပါးက နေသစ်ကို စူးစူးရဲရဲကြည့်ပြီး ဒေါသတကြီးအော်ပြောလာတယ်။ အိပ်မက်ထဲမှာလို စပါး ပါးစပ်မှာ အသံတိတ်ကိရိယာတပ်မထားတဲ့အတွက် စပါးရဲ့ ရန်တွေ့သံတွေ နေသစ်ကို ဒိုင်းခနဲ လာမှန်တယ်။

'နေသစ်… နင်… မိုက်ရိုင်းလှချည်လား'

'ဟင်… ငါ ဘာမိုက်ရိုင်းမိလို့လဲ'

ဘုမသိ ဘမသိနဲ့ နေသစ် ပြန်မေးရတယ်။

'ဩော်… ငါ့လက်ဖက်ရည်ပန်းကန်ထဲမှာ ယင်ကောင်ကျနေမှန်း သိလို့ နင် တမင်တကာလုပ်လိုက်တာ မဟုတ်လား'

'ဟာ… မဟုတ်ဘူး၊ မဟုတ်ဘူး၊ ငါ ယင်ကောင်ကျနေတာကို မသိဘူး၊ ငါ စေတနာသက်သက်နဲ့'

'တော်'

*

www.burmeseclassic.com

www.burmeseclassic.com

နေသစ်အဖြစ်က မဆောက်ခင် ပြိုတဲ့တိုက်လို။

အဲဒီ စပါးအထင်လွဲသွားတဲ့ ကိစ္စကို မေသက်ပိုင်တို့ ခွန်ခွန်တို့ အကူအညီနဲ့ အတော်ဖြေရှင်းလိုက်ရတယ်။

အဆင်ပြေသွားချင်တော့လည်း စပါးနဲ့တောင် သီချင်းတွဲဆိုဖို့အထိ ဖြစ်လာတယ်။

အကြောင်းဖန်လာပုံက နေသစ်တို့၊ စပါးတို့၊ မြန်မာစာ မိသားစုက ပျော်ပွဲစားထွက်ကြတယ်။ သိပ်အဝေးကြီးမဟုတ်ပါဘူး။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းက ခြံတစ်ခြံကိုသွားကြတာပါ။ ထုံးစံအတိုင်းပါဆယ်ဂီမ်း ကစားကြတော့ နေသစ်လက်ထဲမှာတင် ပါဆယ်ထုပ် မိတယ်။ မဲလိပ်နှိုက် လိုက်တော့ ကြိုက်နှစ်သက်တဲ့မိန်းကလေးတစ်ယောက်နဲ့ သီချင်းတွဲဆိုပါတဲ့။

နေသစ်က စပါးကို သီချင်းဆိုဖို့ ပြောတယ်။ အစတော့ မဆိုရဲဘူး။ သီချင်းမရဘူး။ ရှက်တယ်။ ဘာညာနဲ့ ငြင်းနေသေးတယ်။ နေသစ်က လာပါ နင်ရတဲ့သီချင်းလောက်ပဲ ဆိုမှာပါ။ တစ်ပိုဒ်လောက်ပဲဖြစ်ဖြစ် ကူဆို ပေးပါလို့ ဇွတ်အတင်းပြောတော့မှ ထလိုက်လာတယ်။

ခပ်တည်တည်နဲ့ နေသစ်က စပါးလက်ထဲကို မိုက်ကရိုဖုန်းတစ်လုံး ထည့်ပေးပြီး သူကိုယ်တိုင်လည်း ဖုန်းတစ်လုံးကိုကိုင်ပြီး အသံစမ်းနေလိုက် သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟလို... ဟလို... ဝမ်း... တူး... သရီး... ဟယ်လို...
...စီး (လိမ့်ကျမယ်)'

ဗီစီဒီ ကာရာအိုကေစက်ဖွင့်ပေးနေတဲ့သူက ဘာသီချင်းဖွင့်ပေးရ
...လို့ မေးလာတယ်။ နေသစ်က...

'ရတယ် မလိုဘူး၊ အတီးမပါဘဲ အဆိုချည်းသက်သက်ဆိုမှာ'
တဲ့။ ပြီးတော့ ကျောင်းသားကျောင်းသူတွေကို နိဒါန်းစကားချီ
...ိုက်သေးတယ်။

'ဒီနေ့ မြန်မာ့သီချင်းလောကမှာ ပြန်ဆိုသီချင်းဆိုတဲ့ ဝေါဟာရက
...ျယ်နေပါတယ်။ ဟိုတုန်းက သီချင်းတွေကို အဆိုတော် အတော်များ
...ာ မူရင်းအတိုင်း တစ်မျိုး၊ ဖြည့်စွက်ပြုပြင်လို့ တစ်မျိုး၊ ပြန်လည်ခံစား
...ပြီးသွားကြပါပြီ၊ သီချင်းတွေလည်း ကုန်သလောက်ရှိနေပါပြီ'

'ယော့... မဆိုင်တဲ့အပေါက်ကို ဂလိုင်နဲ့မခေါက်နဲ့ယော့၊ သီချင်းဆို
...ွင့် ဆိုတော့'

ကျောင်းသားတစ်ယောက်က ထအော်တယ်။ နေသစ်ကတော့
...စိုက်ပါဘူး။ သူပြောချင်တာကို ဆက်ပြောနေလိုက်တယ်။

'အခု... ကျွန်တော်နဲ့စပါးတို့က ဘယ်အဆိုတော်မှ ပြန်မဆိုသေး
...ျန်ရစ်နေတဲ့ နာမည်ကြီးသီချင်းတစ်ပုဒ်ကို ခံစားချက်အပြည့်နဲ့ ပြန်
...ည်သီဆိုပေးပါ့မယ်ခင်ဗျာ'

ဟုတ်တိပတ်တိ လက်ခုပ်သံတွေ တဖြောင်းဖြောင်း တီးလိုက်ကြ
...ည်။ ကျောင်းသားတချို့က နေသစ်နဲ့စပါးကိုကြည့်ပြီး ငယ်ကျွမ်းဆွေ
...ကျွမ်းဆွေလို့ အော်တယ်။

အသံတွေ ငြိမ်ကျသွားခါမှ နေသစ်က ခုနစ်သံချီဟစ်ပြီး သီချင်းကို
...ိုလိုက်တယ်။

လှုတိုင်းသိပြီးသားနဲ့ သီချင်း။



www.burmeseclassic.com

www.burmeseclassic.com



*'ရှန်သူငါးပါးထဲမှာ အင်မတန်ဆိုးရွားလှတာ၊ မညှာတာ ဘယ်မှာ မထောက်တာ သူခိုး ဓားပြတဲ့ ဆိုးတဲ့ရှန်သူပါ၊ ဤဇမ္ဗူတစ်ခွင် ရှန်သူမီးကို အစဉ်အမြဲဂရုပြုပါ'*

'ဟာ… ဘာတွေမှန်းလဲ မသိဘူး'

စပါး လစ်ထွက်သွားတယ်။

ကျောင်းသား ကျောင်းသူတွေကတော့ ဩဘာပေးကြပါတယ်

'တော်ပါတော့ဗျို့'

'အဲဒီသီချင်းက စိုင်းစိုင်းခမ်းလှိုင်ဆိုတဲ့ သီချင်းလား'

'အံမယ်… ရာရာစစ တို့စိုင်းစိုင်းကို မထိနဲ့'

အုန်းအုန်းကျွက်ကျွက် ပွဲဆူနေတာနဲ့ ဝမ်းစမိုးတောင် မလုပ်လိုက် ရဘဲ ကိုယ့်နေရာကိုယ်ပြန်ထိုင်လိုက်ရတယ်။

စပါးကို လှမ်းကြည့်လိုက်တော့ သူ့ကို စိတ်ဝေဒနာရှင်တစ်ယော ကို ကြည့်တဲ့ အကြည့်မျိုးနဲ့ လှမ်းကြည့်နေတာ တွေ့လိုက်ရတယ်။ တေ သေးတာပေါ့။ အခုမှ စိတ်ဆိုးပြေကာစ စပါးက အရှက်ကွဲအောင်လုပ်တာ ဆိုပြီး ထပ်ဆင့်စိတ်ဆိုးမသွားသေးလို့။

✻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

စောင်းတန်းလှေကားထစ်ကလေးတွေအတိုင်း တက်လာကြရင်း
င်းတန်းတိုင်တွေ အုတ်ခုံတွေမှာ ရေထားကြတဲ့ အမှတ်တရ စာတန်း
လေးတွေကို လျှောက်ဖတ်နေမိတယ်။ နာမည်အတိုကောက်စာလုံးတွေ
ပြီး ခုနှစ်၊ ရက်၊ လတွေနဲ့ အမှတ်တရရေးခြစ်ထားကြတဲ့ စာတန်း
လေးတွေက မှေးမှိန်တချို့၊ သစ်လွင်တောက်ပ တချို့၊ တချို့စာတန်းတွေ
တော့ သူငယ်ချင်းလေးယောက်စာအထိ ရှိသလို၊ တချို့စာတန်းတွေမှာ
ာ နှစ်ယောက်တည်း မောင်+မတဲ့။ ကိုကိုနဲ့ချစ်ချစ်တဲ့။ အောင်+နွယ်တဲ့။

အဲဒီလိုစာတန်းမျိုးတွေ တွေ့ရတော့ အားကျမိပြီး စပါးကို အလိုလို
းကြည့်မိလျက်သား ဖြစ်ဖြစ်နေရတယ်။ ကြည်လင်ရွှန်းလက်နေတဲ့
ဝန်းတွေနဲ့ ဆုံရတော့ ရင်ထဲမှာ ပီတိတွေ စိမ့်ဖြာဝေသွားရတယ်။

လက်ဖက်ရည်ခွက်ထဲ ယင်ကောင်ကျပြီး အထင်လွဲ စိတ်ဆိုးခဲ့တဲ့
တ်ပိုင်း ပြန်လည်ငြိမ်းချမ်းရေးရလာတဲ့ ရက်တွေမှာ စပါးနဲ့နေသစ်တို့
ဆံရေးဟာ ပိုမိုရင်းနှီးလာသလိုလိုရှိတယ်လို့ စိတ်ထဲမှာ ထင်နေမိတယ်။
တွေ သိနေကြတဲ့ မေတ္တာဆိုတာ ပြဒါးသုတ်မှန်တစ်ချပ်ပါ။ ပြဒါးသုတ်မှ
းရောင်ပြန်ဟပ်မှာ မဟုတ်လား။

မြသလွန်ကုန်းတော်ပေါ်ရောက်တော့ သူတို့အဖွဲ့ လူစုခွဲပြီး ကိုယ့်
နဲ့ဘုရားမှာ ကိုယ်ဘုရားဖူးကြတယ်။ နေသစ်လည်း သူ့နေ့နံစနေထောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမှာ ဘုရားဖူးတယ်။ ဖွန်ဖွန်နဲ့စပါးက အင်္ဂါထောင့်မှာ ဘုရားဖူး
မေသက်ပိုင်က ကြာသပတေးထောင့်မှာ ဘုရားဖူးလို့။

မိန်းကလေးသုံးယောက်ကတော့ ဘုရားမှာ ပန်းစည်းကလေးက
ဖယောင်းတိုင်အသေကလေးတွေ၊ အမွှေးတိုင်ကလေးတွေ လှူရုံနဲ့ ဆု
မဆုံးနိုင်အောင်တောင်းပြီး ဘုရားကို နားပူနားဆာလုပ်နေလိုက်ကြတာ မ
နိုင်ဘူး။ သူမတို့ကို စောင့်နေရင်းနဲ့ ကုသိုလ်ရအောင်ဆိုပြီး စနေနံဘုရား
ပုတီးစိပ်နေတဲ့ အမျိုးသားကြီးကို ပါလာတဲ့ ဗလာစာအုပ်ကလေးနဲ့ ယပ်
ပေးနေလိုက်တယ်။

ခဏကြာတော့ နေသစ်ရဲ့ လက်မောင်းကလေးကို စပါးကလာ
ပြီး ခေါ်လာတယ်။

'နင် ဘာလုပ်နေတာလဲ'

'မမြင်ဘူးလား စပါးရဲ့၊ ဟို… ပုတီးစိပ်နေတဲ့ ဦးလေးကြီး
ယပ်ခပ်ပေးပြီး ကုသိုလ်ပွားပါရမီဖြည့်ပေးတာလေ'

'နင် တော်တော်အူကြောင်ကြောင်နိုင်တာပဲ'

စပါးရဲ့ အပြစ်တင်စကားကို နေသစ်က လက်မခံဘူး။

'ကုသိုလ်ကောင်းမှုလုပ်တာကို ဘာလို့အူကြောင်ကြောင်နိုင်တ
လို့ ပြောရတာလဲဟ'

'ဂျွတ်… နင် လည်မလိုလိုနဲ့ တော်တော်အတာပဲ၊ မြစ်ထဲက
က ဒီလောက် တဟူးဟူးတိုက်နေတဲ့ ဥစ္စာ၊ ယပ်ခပ်ပေးတော့ ဟိုခမ
အအေးမိပြီး ဖျားသွားနိုင်တယ်လေ၊ နင် မတွေးမိဘူးလား'

'အဲ… ဟုတ်သားပဲ၊ ငါ မတွေးမိဘူး၊ ဟီး… ဟီး… ကုသိ
ရချင်တဲ့ဆန္ဒတွေ စောသွားလို့'

အဲဒီလို နေသစ်နဲ့စပါး ပြောဆိုနေတုန်းမှာ စောစောကပုတီးစိပ်
တဲ့ ဦးလေးကြီးက ခပ်ပြုံးပြုံးနဲ့ သူတို့ဆီ လျှောက်လာတယ်။ ဗလာစာအု
ကိုကိုင်လျက်ရပ်နေတဲ့ နေသစ်ပခုံးကို အဲသာအယပုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'စောစောက ဦး ပုတီးစိပ်နေတုန်း စာအုပ်နဲ့ အရိပ်မိုးပေးလာတဲ့ ငါ့တူကလေးရဲ့ စိတ်ကောင်း စေတနာကောင်းရှိမှုကို ဦး ချီးကျူးပါတယ် ကွယ်၊ သာဓုလည်းခေါ်ပါတယ်၊ သာဓုကွယ်... သာဓု... သာဓု...'

ပြောပြီး ပြန်လှည့်ထွက်သွားတဲ့ ဦးလေးကြီးရဲ့ ကျောပြင်ကို နေသစ် အံ့ဩမှင်တက်မိ ငေးမောနေမိတယ်။

'ဟဲ့... နေသစ်'

စပါးရဲ့အသံကြောင့် သတိပြန်ဝင်လာပြီး...

'ဟား... ဟား... ဦးလေးကြီးက ငါ့ကို အထင်လွဲပြီး ချီးကျူး သွားတာကိုး၊ တကယ်တော့ ငါက သူ့ကိုယ်ပိုင်ခပ်ပေးတာ အရိပ်မိုးပေးတာမှ မဟုတ်ဘဲ၊ ဒူးထောက်ပြီး နောက်ကနေ ယပ်ခပ်ပေးတဲ့ အရိပ်က ဦးလေး ကြီးကို နေကွယ်ပေးသလို ဖြစ်သွားရတာ... ဟား... ဟား...'

နေသစ်ရဲ့ စကားသံအဆုံးမှာ စပါးက တစ်ဖက်ကိုလှည့်လိုက် တယ်။

'ဟော့... ဟော့... စပါး တစ်ဖက်လှည့်ပြီး ခိုးမရယ်နဲ့'

ပြောရင်း နေသစ်က စပါးနဲ့မျက်နှာချင်း ပြန်ဆိုင်လိုက်တယ်။

'အို... ဘာလို့ ဒီဘက်ကို လိုက်လှည့်လာရတာလဲ၊ သွားစမ်းပါ၊ ဒီမှာ ထဘီပြင်ဝတ်မလို့'

စပါးက ရှက်ရှက်နဲ့ နေသစ်ကို တွန်းလွှတ်လိုက်တယ်။

'ဆောရီးနော်၊ ဆောရီး၊ တစ်ဖက်မျက်နှာလွှဲပြီး ရယ်တာများလား လို့'

'စိတ်ချ၊ လုံးဝမရယ်ဘူး သိလား'

စပါးရဲ့အပြောကြောင့် နေသစ်ရင်ထဲမှာ မြိုးခနဲ မျက်ခနဲ နာကျင် သွားရတယ်။

'စပါးရယ်... ငါ့ကို ရှုံးလိမ့်မယ်ဆိုတဲ့ အသိကလေး[illegible] အတွက်နဲ့တော့ နင့်အပြုံးအရယ်တွေကို သော့ခတ်ထေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူချင်တဲ့စိတ်နဲ့ နင့်အပြုံးအရယ်ကို ငါ မြင်ချင်တာမဟုတ်ပါဘူး စပါးရယ်၊ နင့်အရယ်အပြုံးနဲ့ ပတ်သက်ပြီး ဘာမှ ငါမရလည်း နင်ပြုံးတာ ရယ်တာကလေးကို မြင်ချင်တွေ့ချင်နေတဲ့သူပါ၊ နင် ပျော်နေပါ့လား၊ ရယ်မောနေပါ့လားဆိုတဲ့ ပီတိကလေးနဲ့ မုဒိတာကလေးနဲ့ ငါ ကျေနပ်နှစ်သိမ့်ရောင့်ရဲတတ်ပါတယ် စပါးရယ်၊ စပါး… နင်နဲ့ငါ အပြိုင်အဆိုင်သဘောမျိုးနဲ့ လုပ်ထားတဲ့ စာချုပ်စာတမ်းကို ငါက စပြီး ဖျက်သိမ်းပါတယ်ဟာ'

'ဟင့်အင်း… မဖျက်ဘူး၊ မဖျက်ရဘူး'

စပါးက ခေါင်းကို သွက်သွက်ခါယမ်းပြီး အလန့်တကြား ငြင်းဆန်တယ်။

စပါးကိုကြည့်ပြီး နေသစ်က ဟူးခနဲနေအောင် လေပူကို မှုတ်ထုတ်လိုက်တယ်။ စပါးရဲ့ ငြင်းဆန်မှုက သူ့ရင်ကို ခြောက်သွေ့ညှိုးလျှစေတယ်။

'နင် ဘာလို့ အဲဒီလောက်အထိ မာနကြီးပြီး တယူသန်ခေါင်းမာချင်ရတာလဲ စပါးရယ်၊ ဟိုးအပေါ် မော့ကြည့်လိုက်စမ်း စပါး'

နေသစ်က သောကြာနံ ဘုရားအပေါ်တည့်တည့် စေတီလုံးပေါ်မှာ ရှိနေတဲ့ ဘီလူးရုပ်ကို လက်ညှိုးညွှန်ပြလိုက်တယ်။ စပါးကလည်း နေသစ်လက်ညှိုးညွှန်ရာကို မော့ကြည့်ပြီး ဆိုလိုရင်းကို မေးတဲ့သဘောနဲ့ နေသစ်ကို ပြန်လှည့်ကြည့်တယ်။

'ဒီမြသလွန်စေတီပေါ်က တခြားဘီလူးရုပ်တွေအကုန်လုံးဟာ ရုပ်ဆိုးဆိုးနဲ့ ကြောက်စရာကောင်းအောင် လုပ်ထားတာချည်းပဲ၊ ဒီ သောကြာနံဘက်က ဘီလူးရုပ်တစ်ရုပ်တည်းသာ ပြုံးရယ်နေတဲ့ ပုံစံဖြစ်နေတာ၊ တမင်တကာပဲ ဒီလိုဖြစ်အောင် ပန်းရံကိုင်ထားခဲ့ကြတာလား၊ မတော်တဆနဲ့ပဲ ဒီလိုပုံစံဖြစ်သွားတာလားတော့ မသိဘူးပေါ့လေ၊ ငါပြောချင်တာက ကြောက်စရာ၊ ကြက်သီးထစရာလို့ သတ်မှတ်ထားတဲ့ ဘီလူးရုပ်တောင်မှ ပြုံးရယ်နေတဲ့ နှုတ်ခမ်းကလေးနဲ့ဆိုတော့ ချစ်စရာ၊ ကြည်နူးစရာကောင်းသလိုလို ရှိတတ်တယ် စပါး၊ သက်ရှိဖြစ်တဲ့ နင်လိုသိပ်လှတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နှုတ်ခမ်းမှာ အပြုံးအရယ်ကလေးတွေ တပ်ဆင်ထားလိုက်ရင် ဘယ်လောက် မျှား သာယာနှစ်လိုဖွယ်ကောင်းလိုက်မလဲ စပါးရယ်၊ ငါလေ နင့်အပြုံး အရယ်ကို ဖူးပွင့်စေဆာဖို့အတွက် အသက်နဲ့လဲရမယ်ဆိုရင်လည်း ငါ သေရဲ ပါတယ် စပါးရယ်၊ တကယ်ပါ'

စကားတွေ အများကြီးတောက်လျှောက်ပြောချလိုက်ရလို့ နေသစ် ရင်ထဲမှာ ပေါ့ပါးသွားသလိုလို ခံစားလိုက်ရတယ်။ နေသစ်ပြောသမျှကို ငေးမောနားထောင်ပြီး ရီဝေညှို့မှိုင်းတဲ့အကြည့်နဲ့ ကြည့်နေမိတဲ့ စပါးရင်ထဲမှာ တော့ ကရုဏာတွေ နင့်သည်းကြွေဆင်းလျက်...။

'ဟော့... ဒီနှစ်ယောက် ဘာတွေပြောနေကြတာလဲ'

မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ရောက်လာပြီး မေးလိုက်တာ။ သူဘာမှ ပြန်မဖြေတတ်ခင်မှာပဲ စပါးက ခပ်သော့သော့ လေသံကလေးနဲ့ ပြန်ပြော လိုက်တယ်။

'ဒီမှာလေ နေသစ်က ပြောနေတယ်၊ ငါသာ သူ့ဘက်က ထောက် ခံမယ်ဆိုရင်တဲ့၊ မိုနာလီဇာ ပန်းချီကားကို နှုတ်ခမ်းမွေးထပ်ဖြည့်ပေးရဲပါ တယ်တဲ့'

'ဟား... ဟား... အာဂသတ္တိပဲဟော့'

မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့က နေသစ်ကို လှည့်ကြည့်ပြီး ရယ်ကြ တယ်။

သူပြောသမျှကို ဘယ်တုန်းကမှ မရယ်ခဲ့ဖူးတဲ့ စပါးရဲ့ဟာသကို တော့ သူ သဘောကျနှစ်ခြိုက်စွာ အားရပါးရ ရယ်ချက်လိုက်မိပါတယ်။

'ဟား... ဟား... ဟား...'

တကယ်ကို ထိမိပြောင်မြောက်တဲ့ ဟာသပါ။ လျှပ်တစ်ပြက်အတွင်း မှာ ဒီလိုဟာသမျိုး ထုတ်နိုင်တဲ့ စပါးရဲ့ ဝေနေဉာဏ်စွမ်းကိုလည်း နေသစ် ရင်ထဲက ချီးကျူးလိုက်မိတယ်။

*



www.burmeseclassic.com

www.burmeseclassic.com

ရောဝတီမြစ်ကို ဖြတ်သန်းတိုက်ခိုက်လာတဲ့ လေကောင်းလေသန့်ကို တစ်ဝကြီး ရှူရှိုက်လိုက်ရပေမယ့် နေသစ်ရဲ့ရင်ထဲမှာ မွန်းကျပ်နေဆဲ။

ဘုရားပွဲတော်ရက် မဟုတ်တဲ့ ပြင်ပရက်တွေမို့ မြသလွန်ကုန်းတော်ပေါ်မှာ အေးချမ်းတိတ်ဆိတ်လို့။ ထီးတော်မှာ တပ်ဆင်ထားတဲ့ ဆည်းလည်းသံက တချွင်ချွင်မြည်နေတယ်။ ကုန်းတော်အောက်ခြေမှာ စီးဆင်းနေတဲ့ ရောဝတီမြစ်ရဲ့ လှိုင်းပုတ်သံကလေးတွေကို အတိုင်းသားကြားနေရတယ်။ မြစ်ပြင်ပေါ်မှာတော့ တံငါလှေတွေနဲ့ စက်လှေတွေ၊ မော်တော်တွေ တရွေ့ရွေ့ သွားနေတာကို လှမ်းမြင်နေရတယ်။ တစ်ဘက်ကမ်း မင်းဘူးမြို့က စဏ္ဍတဲဘုရားကိုလည်း အတိုင်းသား မြင်နေရတယ်။ လက်ဝဲဘက်မှာတော့ ရောဝတီတံတားကြီးက ရောမနဂါးကြီးတစ်ကောင်လို ဟိုဘက်ကမ်းဒီဘက်ကမ်းကို ဆန့်တန်းလို့။

ဝန်းကျင်အလှမှာ နစ်မျောနေမိလျက်ကပင် စပါးကို သတိရပြီး လှမ်းကြည့်လိုက်မိတယ်။ ဟိုးအဝေး တောင်တန်းကြီးတွေဆီ ငေးရီမှိုင်တွေနေတဲ့ စပါးကို တွေ့လိုက်ရတော့ သူ့ကိုယ်သူ တာဝန်မကျေပွန်တဲ့ လူသားတစ်ယောက်လို့ နေသစ် ခံစားလိုက်ရတယ်။ နေသစ်က တင်းတင်းဆုပ်ထားတဲ့ စပါးရဲ့ ပန်းနုနှင်းဆီ နှုတ်ခမ်းတွေ ပြုံးရယ်တတ်အောင် ဆင်ကြားပေးရမယ့်သူ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့… ဒီမှာ… ဒီမှာ'

နေသစ်ရဲ့အသံကြောင့် စပါးရော၊ ရောက်တက်ရာရာ စကားတွေ ပြောနေကြတဲ့ ဟိုနှစ်ယောက်ပါ လှည့်ကြည့်ကြတယ်။

'ဒီမှာ ကြည့်ကြ'

ပြောပြီး နေသစ်က လက်ချောင်းတွေကို ဖြန့်ပြီး လက်နှစ်ဖက်စလုံး ထောင်ပြလိုက်တယ်။ ပြီးတော့ ဘယ်ဘက်လက်မက ညာဘက်လက်ညှိုးထိပ်ကလေးကို ထိတယ်။ ညာဘက်လက်မက ဘယ်ဘက်လက်ညှိုး ကလေးကို ထိလိုက်တယ်။ တစ်ခါ ဘယ်ဘက်လက်မက အပေါ်ကျော်တက်လာပြီး ညာဘက်လက်ညှိုးကလေးနဲ့ ထိလိုက်ပြန်တယ်။ တစ်ခါ ညာဘက်လက်မက အပေါ်ပြန်တက်လာပြီး ဘယ်ဘက်လက်ညှိုးက ထိလိုက်ပြန်တယ်။ အဲဒီလို ဘယ်ဘက်လက်ညှိုးနဲ့ ညာဘက်လက်မက ကျော်တက်လိုက်၊ ညာဘက်လက်ညှိုးနဲ့ ဘယ်ဘက်လက်မက ပြန်ကျော်တက်လိုက်နဲ့ အမြန်လုပ်ပြလိုက်တော့ လက်ညှိုးနဲ့လက်မကလေးတွေက တွန့်လိမ် တွန့်လိမ်နဲ့ ကြည့်လို့တစ်မျိုးကောင်းနေတော့တယ်။

တကယ်တော့ ဒါမျိုးက သူငယ်တန်းကလေးတွေတောင် လုပ်တတ်တဲ့ နည်းကလေးတစ်ခုပါ။ အခုမှမြင်ဖူးတဲ့ မေသက်ပိုင်နဲ့ ဇွန်ဇွန်တို့ကတော့ အထူးအဆန်းဖြစ်ပြီး သဘောတွေကျလို့။

'နေသစ်… ငါတို့ကို အဲဒါမျိုးလုပ်တတ်အောင် သင်ပေး'

ရစေချင်တဲ့သူက မယူ၊ ဘေးလူကလှမ်းဆိုသလို စပါးက မတုန်မလှုပ် ရှိနေပေမယ့် မေသက်ပိုင်နဲ့ ဇွန်ဇွန်က ငမ်းငမ်းတက်ဖြစ်လာတော့တယ်။

'မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ၊ ဒီမှာကြည့်၊ ငါ ဖြည်းဖြည်းချင်းလုပ်ပြမယ်၊ ဘယ်ဘက်လက်မဆို ညာလက်ညှိုးကိုထိ၊ ညာဘက်လက်မကကျော် ဘယ်လက်ညှိုးကိုထိ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး… ဟုတ်ပြီ၊ သဘောပေါက်ပြီ၊ ငါ လုပ်ကြည့်ဦးမယ်'

မေသက်ပိုင်နဲ့ ဖွန်ဖွန်က နေသစ်လုပ်ပြသလို လိုက်လုပ်ကြတယ်။ ကျွင့်သားမရကြသေးတော့ သူတို့လက်ညှိုးနဲ့ လက်မတွေက အယောင်ယောင်အမှားမှား။ ကိုးရိုးကားရားတွေဖြစ်လို့။

'ဟား… ဟား… မရပါဘူးဟာ၊ ရယ်စရာကြီး'

'ဟဲ… ဟဲ… ငါကတော့ ရ… ရ… အဲ… မှားသွားပြန်ပြီကွာ၊ ဟဲ… ဟဲ… ထပ်လုပ်ကြည့်ဦးမယ်'

မေသက်ပိုင်နဲ့ ဖွန်ဖွန်ကတော့ ကစားနည်းအသစ်တစ်ခုတွေ့တဲ့ ကလေးတွေလို ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်နေကြတယ်။

နေသစ်က သူတို့လုပ်နေသမျှကို ရပ်ကြည့်ရုံ ကြည့်နေတဲ့ စပါးကို အားမလို အားမရနဲ့ လှမ်းပြောလိုက်မိတယ်။

'နင်လည်း လုပ်ကြည့်ပါလား'

စပါးက ခေါင်းခါတယ်။

'ဟင့်အင်း… မလုပ်နိုင်ပါဘူး၊ တို့ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေထဲမှာ နင်လုပ်သလို လိုက်လုပ်ရမယ်လို့မှ မပါတာ'

နေသစ် ရင်ပြင်တော်ပေါ်ကနေ ရောဝတီမြစ်ထဲ ဆွဲလွှင့်ပစ်ခံရသူလို ခံစားလိုက်ရတယ်။

'ဟာ… စပါးရယ် ငါ့စေတနာကို နင် နားမလည်ဘူးနော်'

စပါးက သူ့စကားကို မကြားလေဟန်ပြုတယ်။

နင့်အသည်းမာကြောင်းကို မှတ်ကျောက်တင်ပြီး ငါ့နှလုံးသားကို ပါးလျအောင် ကျောက်စက်နဲ့ စားနေတာလား စပါးရယ်လို့ နေသစ်ရင်ထဲမှာ ရေရွတ်ညည်းတွားလိုက်မိတယ်။

*



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် စပါး ပျော်ပါစေ၊ ပြုံးနိုင်ပါစေဆိုတဲ့ ဆန္ဒတွေနဲ့ စေတနာတွေကတော့ ပွန်းပဲ့ ကြွေလွင့်မသွားခဲ့ပါဘူး။

သူတို့တစ်ဖွဲ့လုံး မြစ်ကမ်းဘက်ကိုဆင်းတဲ့ လှေကားကလေးအတိုင်း ဆင်းလာခဲ့ကြပြီး ရေကျစပြုနေတဲ့ ဧရာဝတီမြစ်ရဲ့အနားသတ် သဲသောင်မွမွကလေးပေါ်မှာ ရပ်မိကြတော့ နေသစ်က…

'ငါ ဧရာဝတီမြစ်ကြီး စီးဆင်းနေတာကို ကြည့်ပြီး ချစ်ခြင်းမေတ္တာ တရားရယ်၊ ဂုဏ်ပကာသနကွာခြားမှုရယ်၊ မတူညီတဲ့ ပေါင်းဆုံမှုတွေကို သင်္ကေတပြုထားတဲ့ ကဗျာတစ်ပုဒ် စိတ်ထဲမှာ စပ်လိုက်တယ်၊ အခု အဲဒီ ကဗျာကို ရွတ်ပြရမလား'

လို့ဆိုပြီး သူတို့သုံးယောက်ကို စကားခေါ်လိုက်တယ်။

'အချစ်ကဗျာလား'

'အေးပေါ့'

'ဒါဆို ရွတ်ပြ'

ဖွန့်ဖွန့်နဲ့ မေသက်ပိုင်က ပွဲတောင်းနေပြီ။ စပါးကတော့ ဘာမှ မပြော။ ဒါပေမဲ့ ရပါတယ်လေ။ အသံထွက် ရွတ်ပြလိုက်ရင် ကြားမှာပဲ လေ။

'ကဗျာက တိုတိုကလေးရယ်၊ ကဗျာခေါင်းစဉ်က ချစ်သူ[illegible] တဲ့၊ အဟမ်း… အဟမ်း…'



www.burmeseclassic.com

www.burmeseclassic.com



နေသစ် လည်ချောင်းရှင်းပြီး မာန်ပါပါ ဟန်ပါပါနဲ့ ကဗျာကို ရွတ်ပြလိုက်တယ်။

'ချစ်သူက လှိုင်းလုံး
ကိုယ်က အီးတုံး
မြစ်ရော နဒီကြော
မျောလို့မဆုံး'

မေသက်ပိုင်နဲ့ ဇွန်ဇွန်တို့ ရယ်သံနဲ့ ခွက်ထိုးခွက်လန် ညာ:သွားကြ ချိန်မှာ စပါးက နှုတ်ဆိတ်ခြင်းနဲ့ အထီးကျန်နေဆဲ။

နေသစ်ရင်ထဲမှာတော့ ...

ငါဟာ လောဘတရှပ်တုကို ကလိထိုးမိတဲ့သူလို အလျောင်ခံရဖို့ ကောင်းနေပါပြီ စပါးရယ်တဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

'ချစ်သူကို လွမ်းရတာ ချိုမြိန်ယစ်မူးစရာပဲဗျာ'

ပထမနှစ်သမိုင်းက ကောင်လေးတစ်ယောက်က အခန်းထဲဝင်လာပြီး ရေသောက်ရင်း နေသစ်ကို လှမ်းပြောလာတယ်။ သူ့ကောင်မလေးက သူမတို့မြို့ကို ခဏပြန်သွားတာ။ အဲဒီ တစ်ရက်နှစ်ရက်လောက် လွမ်းရတဲ့ အလွမ်းကို သူတို့ကိုယ်သူတို့ ကိန္နရီကိန္နရာများ အောက်မေ့နေကြသလား မသိဘူး။ အလွမ်းကိုဇာချဲ့ပြီး မိတ္တူပွားနေကြတာ။

'သူများတွေလို လွမ်းလို့ဆွေးလို့မှ သီချင်းဆိုရအောင် ဂီတာမတီးတတ်ဘူး'

သနားစရာတောင် ကောင်းနေပါ့လား။

'ကျွန်တော့်ရင်ထဲမှာ အလွမ်းတွေ ပန်းလိုပွင့်နေတယ် ကိုနေသစ်ရာ'

ဒုက္ခပဲ။ အလွမ်းမင်းသားကြီးစတိုင်လ်နဲ့ ဆံပင်တွေကို လက်နဲ့ ထိုးဖွပြီး ခေါင်းကိုခါယမ်းနေလိုက်သေးတယ်။ အခန်းထဲမှာ ဖြေဆည်ရာမရတဲ့ ပုံစံမျိုးနဲ့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်သေးပြန်ရာ လူရှင်တော်တွေပြောသလို ငါသာ ခွေးရူးဆို မင်းကိုအရင်ကိုက်တယ်။ မျက်စိထဲရှုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



'သွားစမ်းပါကွာ၊ မင်းဘာသာမင်း သင့်တော်ရာတစ်နေရာမှာ သွားလွှမ်းချည်၊ ငါ တစ်ရေးလောက်အိပ်မလို့'

နေသစ်က နှင်ထုတ်လိုက်မှ ထွက်သွားတယ်။ နေသစ်ကို လှည့်ကြည့်ပြီး ပြောသွားလိုက်သေးတယ်။

'မခံစားဖူးတော့ ကိုယ်ချင်းမစာတတ်ဘူးပေါ့ဗျာ' တဲ့။

နေသစ် အိပ်ပျော်လုပျော်ခင်မှာ ခြေမနှစ်ချောင်းမှာ သားရေကွင်း တပ်ပြီး ခပ်ကစားနေတဲ့ ကလေးတွေလို ကပေါက်တိကပေါက်ချာ ဂီတာသံ ကြောင့် အခန်းအပြင်ဘက်ကို ထွက်ကြည့်လိုက်တယ်။ ဟာ… စောစောက အလွမ်းသမားက ဘယ်ကဆွဲလာခဲ့မှန်းမသိတဲ့ ဂီတာကြီးကို ကြောင်ကုတ် သလို လျှောက်ခြစ်နေတာကိုး။ ရှုးလည်းရှုးပါ့။

'အယ်…'

သကောင့်သားတီးနေတဲ့ ဂီတာကို အသေအချာကြည့်လိုက်တော့မှ အိပ်ချင်နေတဲ့ စိတ်တွေပြေသွားပြီး ခွက်ထိုးခွက်လန် ရယ်ချလိုက်မိတယ်။

'ဟား… ဟား… ဟား…'

*

www.burmeseclassic.com

www.burmeseclassic.com

'အဒါပဓာ၊ ဂီတာကြိုးက သာမန်ညာသံတွေတီးဖို့ ထပ်ထားတာ၊ နဲ့က ဘာသမိ ညာမသိနဲ့ နားလည်ဘဲ ဂီတာကို ဘယ်ကျော်ကြီးကိုင်တီးနေတာ၊ ကြိုးတွေက ပြောင်းတိပြောင်းပြန် ဓောက်တိဓောက်ထိုးဖြစ်နေပုံကိုကြည့်ပြီး ရယ်လိုက်ရတာဟာ'

'ဟား… ဟား… ဟင်း… ဟင်း… နင်လည်း သူများတွေလွှမ်းတာကိုကြည့်ပြီး သရော်လို့နေတာ၊ အခုနင်လည်း စပါးကို လွှမ်းနေတာမဟုတ်လား'

ဖွန်ဖွန်က နေသစ်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောတယ်။

'အောင်မယ်… မလွှမ်းပါဘူးဟ'

'မညာပါနဲ့ နေသစ်ရာ၊ ဒီနေ့ စပါး နေမကောင်းလို့ အတန်းမတက်ဘူးလို့ ပြောလိုက်ကတည်းက နင့်မျက်နှာက စပရင်လို တွန့်လိမ်သွားတာ၊ ငါတို့သိလိုက်ပါတယ်၊ ဟုတ်တယ်မဟုတ်လား မေသက်ပိုင်ရယ်… နော်'

ဖွန်ဖွန်ရဲ့ အဖော်ညှိအမေးကို မေသက်ပိုင်က ပေါက်စီတွေ ပလုတ်ပလောင်းစားရင်းက ထောက်ခံလိုက်တယ်။

'ဟုတ်တယ်… ဟုတ်တယ်'

နေသစ် ဆတ်ဆတ်ငြင်းရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးဟာ၊ နင်တို့ ငါ့ကို အမြင်မှားနေကြတာပါ'

'ဘာလို့ မဟုတ်ရမှာလဲ၊ ဟုတ်တယ်'

'မဟုတ်ပါဘူးဆို'

'ဟုတ်တယ်'

'နင်တို့ကလည်းဟာ၊ ငါ့ကို မျက်မှန်ကိုင်းတပ်ပြီး မကြည့်ကြပါ နဲ့ဟာ'

'မျက်မှန်စိမ်း လုပ်ပါဟ'

ဖွန်ဖွန်က နေသစ်ကို စကားမှားတယ်ထင်ပြီး ဝင်ပြောတယ်။

'ဟာ... မျက်မှန်စိမ်းဆိုတာ ကဗျာဆရာတွေ တင်စားတာပါဟာ ငါက ကိုယ်တွေ့လက်တွေ့မျက်မှန်ကိုင်း'

'လုပ်စမ်းပါဦး၊ ဘာမျက်မှန်ကိုင်းလဲ'

ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့ ရှေ့တိုးလာကြတယ်။

စပါး ရှိမနေတော့ ရယ်စရာပြောရမှာ နေသစ်အဖို့ အားတော် မရှိလှပါဘူး။

'ဒီလိုဟ... မနှစ်တုန်းက ငါတို့အဆောင်မှာ ပါဝါမျက်မှန်တပ် ပြီးမှ စာကြည့်လို့ရတဲ့ အစ်ကိုကြီးတစ်ယောက် ရှိတယ်၊ အခုတော့ သူက ကျောင်းပြီးသွားပါပြီ၊ အဲဒီ အစ်ကိုကြီး အခန်းထဲကို သူအိပ်ပျော်နေတုန်းဝင် ပြီး စာအုပ်သွားယူတော့ စားပွဲပေါ်တင်ထားတဲ့ သူ့မျက်မှန်ကြီးကို တိုက်ချ ပြီး ကျိုးကွဲသွားတာကိုး'

'အဲဒါ ငါကလည်း အဆဲခံရမှာစိုးတာနဲ့ မကွဲဘဲ ကျန်နေတဲ့ မှန်တစ်ဘက်ကိုပါ ခွဲပြီး ပုံစံမပျက် ပြန်တင်ထားလိုက်တယ်။ အဲဒီအစ်ကို ကြီး အိပ်ရာနိုးလို့ မျက်မှန်ကောက်တပ်လိုက်ခါမှ ပြဿနာတွေ့တော့တာ'

'မျက်မှန်ကိုပြန်ချွတ်ပြီး မျက်လုံးတွေဘာတွေကို ပွတ်ကြည့်တယ် အဝတ်တွေဘာတွေယူပြီး မျက်မှန်ကို ပွတ်ကြည့်လိုက်တော့ မှန်မပါတော့ မှန်းသိတာ'



www.burmeseclassic.com

www.burmeseclassic.com



'ထအော်ဆဲရောလား'

မေသက်ပိုင်က မေးတယ်။ နေသစ်က ခေါင်းယမ်းရင်း...

'မဟုတ်ဘူး၊ သူက မဆဲဘူး၊ ဘယ်သူ့မှလည်း ဘာမှမမေးဘူး၊ ရှိမရှာဘူး၊ နောက်တစ်နေ့ကျမှ ငါ့ကိုပြောတယ်၊ မင်း တော်တော်ဆိုးတဲ့ ကောင်လေးပဲကွာတဲ့၊ တစ်ဖက်ကွဲသွားလည်း မကွဲဘဲကျန်ခဲ့တဲ့ မျက်မှန် တစ်ဖက်ကို ဒီအတိုင်းလေး ထားခဲ့ရောပေါ့တဲ့၊ အဲဒါဆို လောလောဆယ် ငါ စာကြည့်လို့ရသေးတာပေါ့တဲ့'

'အဲဒီတော့မှ ငါလည်း မျက်လုံးပြူးတော့တာ၊ သူ သိနေပါ့လား ဆို့၊ ငါ အံ့သြနေမှန်းသိတော့ သူက ဆက်ပြောတယ်၊ ဘာမှမအံ့သြနဲ့တဲ့ ငါ့မှာ နတ်မျက်စိလည်းမရှိဘူးတဲ့၊ တကယ်လို့ နတ်မျက်စိသာရှိရင် မျက်မှန် တပ်စရာတောင်လိုမှာမဟုတ်ဘူးတဲ့၊ ရှားလော့ဟုမ်းတို့ ပယ်ရီမေဆင်တို့လို စုံထောက်ဉာဏ်လည်း မရှိဘူးတဲ့၊ မျက်မှန်ကျကွဲလိုက်ကတည်းက ငါ နိုးနေပြီတဲ့၊ မင်းလုပ်တာကိုင်တာတွေကို နောက်ကနေ အကုန်လုံး စောင့် ကြည့်နေတာ၊ ဒီဘက်ကို မင်းပြန်လှည့်မှ ပြန်ပြီးမျက်လုံးမှိတ် အိပ်ချင် ယောင်ဆောင်နေတာတဲ့၊ ဒါပေမဲ့ တကယ်ပြန်အိပ်ပျော်သွားပြီး...'

'အိပ်ရာကနိုးတော့ ထုံးစံအတိုင်း မျက်မှန်ကို ကောက်စွပ်လိုက် တာ၊ သူ့အမြင်အာရုံမှာ ဘာမှထူးခြားပြောင်းလဲမလာတာကိုလည်း သိပေ မယ့် ခုနကကိစ္စကို သူလုံးလုံး အမှတ်မရသေးဘူးတဲ့၊ အဲဒါကြောင့် မျက်လုံး တွေ ပွတ်ကြည့်၊ မျက်မှန်ကို အဝတ်နဲ့ပွတ်ကြည့်လုပ်တာပေါ့၊ အဲဒီကျမှ မျက်မှန်မရှိတော့မှန်းသိပြီး စောစောက ကိစ္စကို ပြန်အမှတ်ရတော့တာ'

'ဟား... ဟား... တကယ့်ကို အဲဒီလောက်အထိ မေ့တတ်တာ လား'

'ဒါတင် မကသေးဘူး၊ ငါ့ကိုပါမေ့နေပြီး မျက်မှန်ကိုခွဲသွားတာ ဘယ်သူပါလိမ့်၊ ဘယ်သူပါလိမ့်နဲ့ တစ်နေ့လုံးလုံး စဉ်းစားပြီး ငါ့ကို သတိရပြီး လာပြောလာတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ… တော်သေးတာပေါ့၊ အဲဒီလူကြီးသာ မုဆိုးဖြစ်နေရင် မလွယ်ဘူး၊ ကျားရှေ့မှာ ကျည်ဆန်ထိုး၊ မောင်းတင်ပြီးကာမှ ငါ ဘာပစ်ရ ပါလိမ့်ဆိုပြီး စဉ်းစားမရဖြစ်နေရင် ဟား… ဟား… ကျားစာမိပြီး ကွဲ သေမှာ'

ဖွန်ဖွန့်အပြောကြောင့် နေသစ်ရော မေသက်ပိုင်ပါ ရယ်လိုက်ရ ရတယ်။ အဲဒီငတိမက တစ်ခါတစ်ခါ အဲဒီလိုအတွေးလေးတွေ ထွက်ထွက် လာတတ်တယ်။

'နေပါဦး၊ နင် စပါးကို သတိမရပါဘူးဆိုတဲ့ကိစ္စနဲ့ အဲဒီကိစ္စ ဘာမှမဆိုင်သေးပါလား'

မေသက်ပိုင်က သူ့စကားဟာကွက်ကို ထောက်ပြီးမေးတယ်။

'ဆိုင်တာကို ပြောမယ်လေ'

'အေး… ပြော'

'အဲဒီအစ်ကိုကြီးက ပြောတယ်၊ တကယ်တော့ ညီလေးရာ အစ် က ဒီမျက်မှန်ကလေးကို သဘောကျနေတာက ရွှေကိုင်းမျက်မှန်ကလေး ပါတဲ့၊ နှာမြောလည်း နှမြောတယ်တဲ့၊ ဒါပေမဲ့ တကယ်တမ်း စဉ်းစားကြ တော့ ရွှေကိုင်းမျက်မှန်ပဲဖြစ်ဖြစ်၊ ငွေကိုင်းမျက်မှန်ပဲဖြစ်ဖြစ်၊ ကျွဲကော်ကိုင်း မျက်မှန်ပဲဖြစ်ဖြစ် ကိုင်းက အရေးမကြီးပါဘူးတဲ့၊ အဓိကက ကိုယ့်မျက်လုံး နဲ့ အံကိုက်ပါဝါဖြည့်ပေးမယ့် မှန်ကမှ အရေးကြီးတာပါတဲ့၊ ငါပြောချင် တာက ညီလေးရေ… ဆေးပေါ့လိပ်တစ်ပွဲဟေ့'

'ဟင်'

'ဟာ'

နေသစ်ရဲ့ လုပ်ပုံကြောင့် ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့ အံ့ကြ ကြောင်း ဖြစ်သွားရတယ်။ နေသစ်က ဒါကိုသဘောပေါက်ပြီး အမှန်းကတ ပြောလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ငါက စားပွဲထိုးကလေး အနားရောက်လာတာနဲ့ကြုံတုန်း ဆေးလိပ်လှမ်းမှာလိုက်တာပါ၊ တကယ်တမ်းငါပြောချင်တာက အဲဒါမဟုတ်ပါဘူး၊ ငါပြောချင်တာက ဒီဘက်မှာချ၊ ဒီဘက်မှာချ၊ သူတို့က ဆေးလိပ်သောက်မှာမဟုတ်ဘူး၊ ကိုယ်က ဆေးလိပ်သောက်မှာ'

စားပွဲထိုးကလေး ဆေးလိပ်လာချတာနဲ့ ကြုံသွားပြန်တာ။

မေသက်ပိုင်နဲ့ ဖွန့်ဖွန့်တို့ကလည်း ဘာမှမဆိုင်တဲ့ စားပွဲထိုးကလေးကို မျက်စောင်းလှမ်းထိုးလိုက်ကြတယ်။

နေသစ်က ရောက်လာတဲ့ ဆေးလိပ်ကို မီးညှိပြီး တစ်ဖွာ၊ နှစ်ဖွာ ဖွာနေလိုက်သေးတယ်။ ပြီးမှ…

'တကယ်တမ်းတော့ ကိုင်းသာရှိပြီး မှန်မရှိတဲ့မျက်မှန်နဲ့ စွပ်ပြီးကြည့်တော့ ဘာများထူးထူးခြားခြား မြင်ရမှာလဲ၊ အေး… နင်တို့လည်း ငါ့ကိုမှန်မပါတဲ့ မျက်မှန်ကိုင်ကြီးစွပ်ပြီး မကြည့်ကြနဲ့လို့ ပြောချင်တာ'

'ဩော်… သိပြီ၊ အပြင်ပန်းသဏ္ဌာန်မြင်ရုံနဲ့ မဟုတ်ကဟုတ်က ချမ်းမပြောကြနဲ့လို့ ပညာသားပါပါ ပြောလိုက်တာပေါ့လေ'

မေသက်ပိုင်ကို နေသစ်က လက်ကာပြပြီး…

'ငါ့စကား မဆုံးသေးဘူး၊ ဆက်ပြောဦးမယ်၊ နင်တို့က ငါ့ကို စပါး မလာဘူးဆိုတာနဲ့ မျက်နှာပျက်သွားတယ်၊ စပရင်လိုတွန့်လိမ်သွားတယ်လို့ ပြောခဲ့တယ်နော်'

သူမတို့နှစ်ယောက်က…

'အေးပါ ငါတို့မှားတယ်ပဲ ထားပါ'

'စပါးကို နင် တကယ်မလွမ်းဘူးလို့ပဲ အတည်ပြုလိုက်ပါတော့မယ်' တဲ့။

နေသစ်က သူမတို့အပြောကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးစိစိနဲ့ ပြန်ပြောလိုက်ဖို့က…



www.burmeseclassic.com

www.burmeseclassic.com



'နင်တို့ မျက်မှန်ကိုင်းနဲ့ ငါ့ကိုမကြည့်ကြနဲ့လေ'

'အေးပါဟာ၊ မကြည့်ပါဘူး'

'အေး… မကြည့်ကြနဲ့၊ ငါ့ရင်ထဲကို ခဲတံမှန်ရိုက်ကြည့်လိုက်ကြစမ်း၊ ငါ စပါးကို အရမ်းလွမ်းနေတာကို သိရအောင်လို့… ငါ စပါးကို…'

'သေနာ'

'ကောင်စုတ်၊ ဒါနဲ့များ ဝေ့လည်ကြောင်ပတ်လုပ်နေသေးတယ်'

မေသက်ပိုင် နေ့သစ်ကို ပေတံနဲ့လှမ်းရိုက်တယ်။ ဖွန်ဖွန်ကလည်း အောက်ကျမခံဘူး။ စားပွဲပေါ်က တစ်သျှူးစက္ကူဘူးနဲ့ လှမ်းခေါက်တယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ရာသီဥတုအကူးအပြောင်းမှာ ရေချိုးမှား အအေးမိပြီး ဖျားတာမို့ တော်ရုံတန်ရုံဆေးကလေးသောက်လိုက်တာနဲ့ သက်သာသွားပြီး နောက်တစ်နေ့မှာ စပါး ကျောင်းပြန်တက်နိုင်တယ်။

စပါး ကျောင်းပြန်တက်နိုင်လို့ ဝမ်းသာရသူက နေသစ်။

တစ်နေ့ မမြင်ရတော့ မောင်တစ်လထင်ဖြစ်နေတဲ့ နေသစ်က စပါးကို မနေ့က မမြင်ခဲ့မတွေ့ခဲ့ရသမျှ ဒီနေ့ အတိုးချကြည့်နေလိုက်တာ မျက်ကြောတွေ သေသွားပြီလား မှတ်ရတယ်။ မျက်တောင် မခပ်တော့ဘူး။ စပါးကတော့ အရှုးစိတ်ချမ်းသာ တိုင်းပြည်အေးချမ်းပါတယ်လေဆိုတဲ့ သဘောမျိုးနဲ့ နေသစ်အကြည့်ကို မသိကျိုးကျွန်ပြုနေလိုက်တယ်။

အဲဒီမှာ အရေးကြုံရင် ကတ်သီးကတ်သတ် အတွေးတွေထွက်ထွက်လာတတ်တဲ့ ဖွန့်ဖွန့်က 'ဟက်' ခနဲ အာမေဋိတ်သံပြုပြီး စားပွဲအောက်ကို ငုံ့ကြည့်တယ်။

'ဟဲ့... ဟဲ့... ဘာဖြစ်တာလဲ'

အားလုံးရဲ့ အာရုံက ဖွန့်ဖွန့်ဆီ ရောက်သွားတော့တာပေါ့။ နေသစ်လည်း ခေါ်တောတစ်နှင့်ထောင်ဖီလင်တွေ အောက်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



'အဲ… လိမ့်သွားပြီ၊ လိမ့်သွားပြီ'

ဖွန်ဖွန်ပုံစံက အလန့်တကြား။

'ဘာလဲ၊ ဘာလဲဟ'

မေသက်ပိုင်ရဲ့ အမေးကို ဖွန်ဖွန်ပြန်မဖြေဘဲ ဆိုင်အပြင်ဘက်ကို ထွက်လိုက်ပြီး တစ်စုံတစ်ခုကို ကုန်းကောက်လိုက်တယ်။

ဖွန်ဖွန် ပြေးပြေးလွှားလွှားနဲ့ စားပွဲဆီ ပြန်လာပြီး…

'ရော့… ရော့… နေသစ် နင့်မျက်လုံးကျွတ်ကျသွားလို့ ငါ လိုက်ကောက်ပေးတာ၊ ဂရုတစိုက် ပြန်တပ်လိုက်ဦး'

'ဟာ… နင်ကတော့ ငါ့ကိုချွတ်ပြီ၊ ဟီး… ဟီး…'

'ဟဲ… ဟဲ…'

သူတို့အားလုံး ရယ်ကြပေမယ့် စပါးကတော့ မရယ်ပါဘူး။

နေသစ်က စပါးကို ဂရုတစိုက် အလေးအနက်မေးလိုက်ပါတယ်။

'စပါး နေကောင်းသွားပြီလား'

'ဘာ… ဘာပြောတာလဲ၊ ငါ့မျက်စိအကောင်းကြီးမြင်လျက်သားနဲ့ နင် ကန်းသွားပြီလားလို့ မေးရတာလဲ'

စပါးရဲ့ နားကြားလွဲရှုံ့တွေ့မှုကြောင့် နေသစ် စိတ်မကောင်းဖြစ်သွားရပြန်တယ်။

'ငါက နေကောင်းသွားပြီလားလို့ မေးတာပါဟာ'

အဲဒီတော့မှ စပါးက အားတုံ့အားနာနဲ့…

'ဆောရီးနော်၊ နင် ငါ့ကိုတမင်သက်သက် ရယ်စရာလုပ်နေတယ် မှတ်လို့'တဲ့။

နေသစ်က စိတ်ပျက်စွာ ဆံပင်တွေကို ထိုးဖွရင်း…

'ဟာ… စပါးရယ်၊ နင် ငါ့ကို အခုထိ အကောင်းတစ်စက်မှ မမြင်ပါလားဟာ'



www.burmeseclassic.com

www.burmeseclassic.com



စပါးက သူမ လွှန်သွားတာကို စဉ်းစားမိပြီး နေသစ်ကို စိတ်ကောင်းစွာနဲ့ ကြည့်တယ်။ သူမ မျက်ဝန်းမှာ ကရုဏာတွေ ရှန်းရှန်းစိုလို့။

'ငါ တောင်းပန်ပါတယ်ဟာ'

စပါးအသံက တုန်ခါပါးလှလွန်းတယ်။

'ရပါတယ်၊ ငါ စိတ်မဆိုးပါဘူးဟာ'

နေသစ်ရဲ့ အသံနဲ့ဟန်ပန်ကလည်း အခါတိုင်းနဲ့မတူ လေးနက်တည်ကြည်လို့။ တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်းဆုံကြည့်ပြီး တစ်စုံတစ်ခုကို နားလည် သဘောပေါက်လိုက်ကြတယ်။

ယူကလစ်ရွက်ကလေးတစ်ရွက် ကြွေကျလျှောတိုက်လာတဲ့အသံကို ကြားရတဲ့အထိ သူတို့စားပွဲဝိုင်းက ငြိမ်သက်တိတ်ဆိတ်နေတယ်။

ငှက်မွေးသဏ္ဍာန် ယူကလစ်ရွက်ကလေးတွေကို စားပွဲအလယ်မှာ ကောက်ယူလိုက်ပြီး လက်ထဲမှာ လှည့်ပတ်နေတဲ့ နေသစ်က သူ့ရဲ့စကားနဲ့ တိတ်ဆိတ်ခြင်းစက္ကန့်ကို အသံထည့်ပေးလိုက်တယ်။

'ဘာလိုလိုနဲ့ တို့တစ်တွေ စာမေးပွဲဖြေရတော့မယ်နော်၊ ကျောင်းသားကျောင်းသူဆိုတဲ့ သက်တမ်းကလေးလည်း ဟောဒီ သစ်ရွက်ကလေးကြွေကျသလို ကြွေကျကုန်တော့မယ်၊ ကျောင်းတွေပြီးလို့ တကယ့်လက်တွေ့ဘဝထဲရောက်သွားကြပြီဆိုရင် ကျောင်းသစ်ပင်က ကြွေကျခဲ့တဲ့ ငါတို့တွေ ဘဝထဲမှာ ရုပ်တိုက်ဝဲလွင့်ရင်း ပြန်ဆုံနိုင်ကြပါတော့မလားပဲ'

သူမတို့ အံ့သြနေကြရတယ်။ အခါတိုင်း ရယ်စရာတွေကိုသာ ပြောတတ်တဲ့ နေသစ်က အခုလိုပြောလေတော့ ငိုချင်စရာတောင်ကောင်းနေပြန်တာကိုး။

'နင်တို့ရဲ့ဘဝတစ်လျှောက်လုံး အသုံးဝင်မယ်လို့ ထင်[illegible] မြင်တစ်ပုဒ်ပြောပြပြီး ငါ ပုံပြင်လက်ဆောင်ပေးချင်တယ်ဟာ [illegible] ဆဲ'

www.burmeseclassic.com



နေသစ်က ပုံပြင်ပြောပြမယ်ဆိုတာနဲ့ မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ရဲ ပုံပြင်ဆာတဲ့ကလေးတွေလို မျက်နှာကလေးတွေ ဝင်းလက်သွားတယ်။

'နင့်ပုံပြင်က ရယ်ရမှာလားဟင် နေသစ်'

ဖွန်ဖွန်က မေးလိုက်တယ်။ နေသစ်က စပါးရဲ့မျက်နှာကို တည် တည်ကြည့်ပြီး ဖွန်ဖွန့်အမေးကို ဖြေလိုက်တယ်။

'ရယ်ချင်စိတ်ရှိရင် ရယ်နိုင်ပါတယ်၊ မရယ်ချင်ရင်လည်း မရယ်ဘဲ နေလို့ရတဲ့ ပုံပြင်ကလေးပါ၊ ရယ်ဖို့မရယ်ဖို့ သက်သက်နဲ့ ပြောတာမဟုတ် ပါဘူး၊ ရယ်ခြင်းမရယ်ခြင်းဆိုတာ ပြောသူထက် နားထောင်သူက အဓိက ကျပါတယ်လေ'

❋

www.burmeseclassic.com

www.burmeseclassic.com

'ငါ ငယ်ငယ် သုံးလေးတန်းလောက်ကတည်းက ဖတ်မိပြီး အခု ထိ စွဲနေတဲ့ ပုံပြင်ကလေးပါ၊ ရှေ့ပိုင်းနဲ့နောက်ပိုင်း စာရွက်တွေ စုတ်ပြတ် နေပြီး ဖုန်အလူးလူးဖြစ်နေတဲ့ စာအုပ်အဟောင်းကလေးထဲကနေ ဖတ်လိုက် မိတာ၊ စာအုပ်နာမည်လည်း မသိ၊ ရေးသူနာမည်လည်း မသိဘူး၊ ဒီပုံပြင် ကို ဘယ်သူပြောတာမှလည်း မကြားဖူးဘူး။

'ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ခုမှာ အရတ္တလုလင်ဆိုတဲ့ သူငယ်တစ်ယောက်ရှိတယ်။ ဗေဒင်ဆရာက သူငယ်ရဲ့ ဇာတာကို တွက်ချက် ပြီး ဒီသူငယ်ဟာ တစ်ချိန်ချိန်ကျရင် အတတ်ပညာတစ်ခုကို အကြောင်းပြု ပြီး ကြီးပွားချမ်းသာမယ့်သူဖြစ်လိမ့်မယ်လို့ ဟောလိုက်သတဲ့။

'ဒါနဲ့ သူ့မိဘတွေက ရှိစုမဲ့စုငွေကြေးကလေးနဲ့ အဲဒီ အရတ္တ လုလင်ကို ဒီသာပါမောက္ခကြီးဆီပို့ပြီး ပညာသင်လွှတ်သတဲ့။ ဒါပေမဲ့ ထူးချွန်းတဲ့ အဲဒီအရတ္တလုလင်ဟာ ဘာပညာမှ မတတ်ဘူးတဲ့။

'ဒီလို ဘာပညာမှမတတ်ဘဲနဲ့ မိဘတွေထံ ပြန်ရောက်လာတော့ မိဘတွေက မဖြစ်ချည်ဘူးဆိုပြီး သင့်တော်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ချပေးလိုက်သတဲ့။ ဒါမှ အလုပ်တွေလုပ်လာလိမ့်မယ်လို့ မျှော် လင့်ကြတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ အဲဒီ အရုပ္ပလုလင်ကတော့ ကလေးသုံးယောက်မွေးတဲ့အထိ စားလိုက်အိပ်လိုက်နဲ့ပဲ နေသတဲ့။ ယောက္ခမကလည်း ငြူငြူစူစူ၊ မိန်းမနဲ့သားသမီးတွေကလည်း ဆူဆူပူပူပေါ့။

'တစ်နေ့တော့ မိန်းမလုပ်သူက ရှင် ဘာမှအသုံးကျတဲ့လူမဟုတ်ဘူး။ မိန်းမထဘီနား ခိုစားနေတာ။ ဘာညာနဲ့ ဆူတော့ဆဲတော့ စိတ်ညစ်ညစ်နဲ့ အိပ်ရာထဲကထပြီး လျှောက်ထွက်လာခဲ့သတဲ့။

'လျှောက်လာရင်းနဲ့ ဘုရင်ကြီး အပန်းဖြေထွက်လာတဲ့ ဥယျာဉ်ကြီးထဲကို ရောက်မှန်းမသိ ရောက်လာပါလေရော။ အဲဒီမှာ ဘုရင်ကြီးနဲ့ ပုဏ္ဏားတော်တွေ၊ ဗေဒင်တွက်ချက်ရင်း အလုပ်ရှုပ်နေတဲ့အချိန်၊ ဘာဖြစ်လို့လဲဆိုတော့ မိဖုရားကြီး ကန်ထဲမှာ ရေဆင်းချိုးနေတုန်း ချွတ်ထားခဲ့တဲ့ လက်ဝတ်ရတနာတွေ ပျောက်သွားလို့လေ၊ ပုဏ္ဏားတော်တွေက ဗေဒင်တွေတွက်၊ ရှီရွှေတော်တွေ၊ ရဲမက်တွေက ရေကန်ပတ်ဝန်းကျင်မှာ လက်ဝတ်ရတနာတွေကို လိုက်ရှာနဲ့ အလုပ်ရှုပ်နေတုန်းမို့ သူ ဥယျာဉ်ထဲ ဝင်လာတာကို ဘယ်သူမှ မသိလိုက်ဘူး။ ဂရုမထားမိကြဘူးပေါ့။

'အဲ... အဲဒီ အရုပ္ပလုလင်လည်း ရောက်လာရင်းနဲ့ ဘုရင့်ရှေ့ ခပ်လှမ်းလှမ်းရောက်တော့ စိုက်စိုက်နဲ့ လျှောက်လာတဲ့ ခေါင်းကိုဖျတ်ခနဲအမော့ ဘုရင်ကြီးကို ဘွားခနဲမြင်လိုက်ရပါရော။

'ဟား... ငါတော့ ဒုက္ခ ရောက်ပြီ၊ ဘုရင့်ဥယျာဉ်ထဲ မပြောမဆိုနဲ့ အခွင့်မရဘဲ ဝင်လာမိပြီ။ အသတ်ခံရတော့မှာပဲလို့ တွေးပြီး သူ့နဖူးသူ လက်သီးဆုပ်နဲ့ ထုချလိုက်တယ်။ ပြီးတော့ လက်ဝါးဖြန့်ပြီး ခေါင်းပေါ်က ဆံပင်တွေကို သပ်ချလိုက်တယ်။

'ဒါကို ဘုရင်ကြီးက မြင်လိုက်တော့ ဘယ်လိုသွားမိသလဲဆိုရင်

www.burmeseclassic.com



ခင်း... ဒီလုလင်ဟာ ငါ့ရှေ့တော်ကို မဝင်ရဲလို့ ခပ်လှမ်းလှမ်းကနေ ခြေဟန်လက်ဟန်နဲ့ ဗေဒင်ဟောတာပဲ ဖြစ်ရမယ်လို့ တွေးလိုက်သတဲ့။

'ဘုရင်ကြီး တွေးမိတဲ့ အဓိပ္ပာယ်က ဒီလုလင် သူ့နဖူးသူထုတာ ဒီ လောကမှာ ငါသာလျှင် ပညာရှိလို့ ပြောလိုက်တာဖြစ်မယ်။ ဦးခေါင်း နောက်ကို လက်ဝါးနဲ့ သပ်ချလိုက်တာကတော့ ပျောက်နေတဲ့လက်ဝတ် ရတနာတွေဟာ မိဖုရားကြီးရဲ့ ဆံထုံးထဲမှာရှိတယ်လို့ ပြောတာဖြစ်မယ်လို့ အဓိပ္ပာယ်ကောက်ပြီး ရေကသိုဏ်းရှုနေတဲ့ မိဖုရားကြီးရဲ့ဆံထုံးကို သွား ခြေကြည့်လိုက်ပါလေရော။

'မိဖုရားကြီး ဆံထုံးထဲက လက်ဝတ်ရတနာတွေ တွေ့ပါရော။ ဒီတော့မှ မိဖုရားကြီးက တိုင်းပြည်မှာ တကယ်တော်တဲ့ တတ်တဲ့ ဗေဒင် ပညာရှိတွေ ရှိမရှိ သိလိုတဲ့အတွက် အခုလိုလုပ်ရတဲ့အကြောင်း သူမကို ခွင့်လွှတ်ဖို့အကြောင်း ငိုယိုပြီး လျှောက်တင်တော့တာပေါ့။

'ဘုရင်ကြီးက အရုဏ္ဍလုလင်ကို ရှေ့တော်မှောက်ခေါ်ယူပြီးတော့ ဆုတော်လာဘ်တော်တွေ ပေးလိုက်တာပေါ့။ အရုဏ္ဍလုလင်လည်း ဘုမသိ ဘမသိနဲ့ အချောင်ရလာတဲ့ ဆုလာဘ်တွေနဲ့ အိမ်ပြန်ရောက်တာပေါ့။

'ဒီပစ္စည်းတွေဟာ သွေးရိုးသားရိုးနဲ့ ရခဲ့တာမဟုတ်ဘဲ ခိုးယူလု ယက်ပြီး ရခဲ့တဲ့ဥစ္စာတွေလို့ ထင်နေတဲ့ သားမယားနဲ့ မိဘတွေကို အရုဏ္ဍ လုလင်က အကြောင်းစုံကို ရှင်းပြလိုက်မှ ယုံကြည်သွားကြတယ်။

'ဒီလိုနဲ့ အရုဏ္ဍလုလင်ဟာ ယောက္ခမအိမ်တက် ခွေသမက်ဖြစ် သွားပြီး နေလာလိုက်တာ တစ်နေ့ သူ့မိသားစုနဲ့အတူ တောလမ်းကလေး အတိုင်း လမ်းလျှောက်ထွက်ခဲ့ပါလေရော။ အဲဒီအချိန်မှာပဲ ဘုရင်ကြီးက လည်း အရေးတကြီးကိစ္စတစ်ခုနဲ့ မြင်းလှည်းကို အပြင်းစိုင်းပြီး ခရီးထွက် လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အရုဏ္ဍလုလင်နဲ့ ဘုရင်ကြီးတို့လည်း မမျှော်လင့်ဘဲ တောလမ်းလေးမှာ ဆုံဖြစ်ကြတုန်း 'ဟိုး… ဟိုး…'ဆိုပြီး အော်လိုက်တဲ့အသံနဲ့ လက်ကာထားတဲ့ အရုဏ္ဍလုလင်ကြောင့် ဘုရင်ရဲ့ မြင်းလှည်းမောင်းသမားဟာ မြင်းလှည်းကို ကမန်းကတန်း ဆွဲရပ်လိုက်ရတယ်။ အဲဒီအချိန်မှာပဲ သစ်ပင်ကြီးတစ်ပင်ဟာ မြင်းလှည်းရှေ့ ခပ်လှမ်းလှမ်းက လမ်းမပေါ်ကို လဲကျလာတယ်။

'ဘုရင်ကြီးက ဒီဗေဒင်ပညာရှင်ဟာ သစ်ပင်လဲကျမှာသိလို့ ငါ့မြင်းလှည်းကို ရပ်ခိုင်းပြီး ငါ့အသက်ကို ကယ်ဆယ်လိုက်တာဖြစ်တယ်လို့ ထင့်သွားတယ်။ ဘုရင်ကြီးက အရေးကြုံရင် နန်းတော်ကို အခေါ်လွှတ်လိုက်မယ်လို့ပြောပြီး ခရီးကို ဆက်သွားတယ်။

'အကြောင်းကြောင်းဖြစ်ကျန်နေခဲ့တဲ့ အရုဏ္ဍလုလင်ကတော့ ဘုမသိဘမသိနဲ့ သူ့မိန်းမကို ပြောလိုက်တယ်။ ငါက မင်း မြင်းလှည်းလာတာကို မမြင်ဘဲ လမ်းဖြတ်ကူးမယ်လုပ်လို့ မင်းကို လှမ်းတားလိုက်တာတဲ့။

'ကဲဟာ… ပုံပြင်ကို ချုံ့လိုက်ရရင် ဘုရင်ကြီးက အရုဏ္ဍလုလင်ကို နန်းတော်ထဲခေါ်ယူပြီး ပုဏ္ဏားတော်ခန့်အပ်ပြီး ချီးမြှင့်မြှောက်စားထားတော့တာပေါ့၊ အရုဏ္ဍလုလင်က တွေးတယ်၊ ငါ ဘာမှဗေဒင်ပညာမတတ်ဘဲနဲ့ ကြက်ကန်းဆန်အိုးတိုးမိပြီး ပုဏ္ဏားတော်ဖြစ်နေတာကို တစ်နေ့ဘုရင်ကြီးသိသွားရင် လိမ်ညာမှုနဲ့ အသတ်ခံရတော့မှာပဲလို့ တွေးတယ်၊ မဖြစ်ချည်ဘူး၊ တိတ်တဆိတ် လျှို့ဝှက်ပြီး ဗေဒင်ပညာကို သင်ယူမှပဲလို့ ဆုံးဖြတ်ပြီး ဗေဒင်ပညာကို ဂရုတစိုက်သင်ယူလိုက်တာ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သွားပြီး ဗေဒင်ပညာရှိကြီးအဖြစ်နဲ့ အသက်ထက်ဆုံး ချမ်းချမ်းသာသာနဲ့ နေသွားရသတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ပုံပြင်ကတော့ ဒါလေးပါပဲ'

ပုံပြင်ထဲမှာ နစ်မျောနေကြတဲ့ သူမတို့ ပစ္စုပ္ပန်တည့်တည့်ကို ပြန်ရောက်လာကြတော့တယ်။

'ငါပြောချင်တာက တို့တစ်တွေ ကျောင်းပြီးရင် ကိုယ်စီကိုယ်စီ လုပ်ငန်းခွင်တွေကို ရောက်ကြရမှာမဟုတ်လား၊ အဲဒီတော့ ဝါသနာကြောင့်ပဲဖြစ်ဖြစ် အခြေအနေအရပဲဖြစ်ဖြစ် အလုပ်တစ်ခုကို လုပ်ဖြစ်ကြတဲ့အခါ ကိုယ်လုပ်တဲ့အလုပ်ကို စိတ်ပါလက်ပါနဲ့ အောင်မြင်အောင်လုပ်ကြပါလို့ တိုက်တွန်းချင်တာပါ'

'ဟော့… ဖွန့်ဖွန့်… အဲဒါ နင့်ကိုစောင်းပြောတာ သိလား'

မေသက်ပိုင်ရဲ့ စကားကြောင့် ဖွန့်ဖွန့် နဝေတိမ်တောင်ဖြစ်သွားတယ်။

'ဘာဆိုင်လို့လဲဟ၊ ငါနဲ့'

'ဆိုင်တာပေါ့'

'ပြော… ဘာဆိုင်တာလဲ'

'ဟဲ… ဟဲ… နင့်အိမ်က သဘောတူထားတယ်ဆိုတဲ့ လူကြီးကို နင်ကြိုက်လို့ပဲ ယူဖြစ် ယူဖြစ် မကြိုက်ဘဲနဲ့ပဲ ယူဖြစ် ယူဖြစ်၊ ယူဖြစ်ပြီဆိုရင်တော့ စိတ်ပါလက်ပါနဲ့ အောင်မြင်အောင်လုပ်ဖို့'

'ကဲဟယ်… ကဲဟယ်… ကောင်မစုတ်'

ဖွန့်ဖွန့်က မေသက်ပိုင်ကို လိုက်ရိုက်တယ်။

'ကဲ… စပါး ကလပ်ချိန်နီးနေပြီ၊ ငါသွားတော့မယ်နော်'

နေသစ်က လွယ်အိတ်ကလေးကို ကောက်လွယ်ပြီး ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေသစ်ရဲ့နောက်ကျောမှာ ကြွေလွင့်သွားတဲ့ စပါးရဲ့အကြည့်ဆွေး ဆွေးတစ်ချက်ကို သူ သိလိုက်မှာမဟုတ်။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၅)

'နေသစ်ကို သနားပါတယ်'

'အေးဟာ သူ့ခမျာ သနားစရာပါဟယ်'

အတိုင်အဖောက်ညီညီနဲ့ ကလိနေတဲ့ ဖွန်ဖွန်နဲ့ မေသက်ပိုင်တို့ရဲ့ စကားကို စပါးက မကြားဟန်ပြုနေတယ်။

'အခုတလော နေသစ်ပုံစံက ဗလွတ်ရွတ်တ မဟုတ်တော့ဘူးနော်'

'အေး… သူ့ပုံစံက တည်ကြည်လေးနက်လာတယ်ဆိုတာ အသိသာကြီးပဲ'

မေသက်ပိုင်နဲ့ ဖွန်ဖွန်ကတော့ အတိုင်းအဖောက်ညီညီ ချီတက်ဆဲ။

'ဒါပေါ့ဟာ၊ အချစ်ဆိုတာ လူတစ်ယောက်ကို တည်ကြည်လေးနက်လာစေသလို ပေါ့ပါးရွှင်မြူးလာစေတာပဲ မဟုတ်လား'

'အချစ်ဆိုတာ ရိုင်းတဲ့လူကို ယဉ်ကျေးလာစေတယ်၊ ငုံနေတဲ့ နှင်းကို ပွင့်လာစေတယ်၊ ပိန်နေတဲ့လကိုတောင် ပြည့်လာစေတယ်ဆိုပေမယ့် ဘည်နေတဲ့လူကို ရယ်အောင်မလုပ်နိုင်တော့ဘူးလား မသိဘူးနော်'

'အင်း… ငါလည်း အချစ်ရဲ့စွမ်းအားနဲ့ ပတ်သက်လို့ အဲဒါပြ သံသယဖြစ်နေမိပြီ'



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေက စပါးကို တိုက်ရိုက်ပစ်ခတ်နေပြီဆိုတာ စပါး သိလိုက်တယ်။ ဒါပေမဲ့ စပါး သူမတို့ကို ဘာမှပြန်ပြောချင်စိတ်မရှိဘူး။ ဆေခွဲဆုံးဖြတ်ဖို့ခက်နေတဲ့ သံသယစိတ်တွေက ရန်ထောင်ငြင်းပယ်ဖို့ (ဒါမှ မဟုတ်) ခေါင်းညိတ်ဝန်ခံဖို့ဆိုတဲ့ နှုတ်လျှာတို့ကို ထုံထိုင်းဆွံ့အနေစေပြီ လေ။

စပါးအဖို့ မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ရဲ့စကားတွေ မကြားတစ်ချက် ကြားတစ်ချက်။

အဖြေရှာမရတဲ့ အတွေးစိတ်အစဉ်တွေနဲ့ သူမတို့ရဲ့စကားသံတွေ ဟာ အာရုံမှာ လုံးထွေးရစ်ပတ်လျက်…။

ပြုံးရယ်နေတဲ့ နေသစ်ရဲ့ရုပ်လွှာကလေးက လိပ်ပြာတစ်ကောင် နှယ် ပီပြင်ထင်ရှား နီးကပ်လာလိုက် ဖျတ်ခနဲ ရုတ်တရက် ဝေးကွာသွား လိုက်နဲ့ လှုပ်ခတ်ပျံသန်းလျက်…။

ချစ်ခြင်းမေတ္တာ၊ မာန၊ သိက္ခာနှင့် ပြိုင်ပွဲတို့က ပူးတုံ၊ ခွာတုံ လွန်ဆွဲလျက်။

စပါးအဖို့ နေသစ်ကို ဘယ်တုန်းကဘယ်လို စသိနေခဲ့သလဲ မမှတ် မိပါ။

သို့သော် နေသစ်ကိုမြင်တိုင်း ဘဝင်မကျနိုင်ဘဲ သောက်မြင်ကပ် မျက်မုန်းကျိုးနေခဲ့မိတာ အလိုလိုနေရင်း မုန်းနေခဲ့မိတာ ဘာကြောင့်လဲ။

ဘာမှမဆိုင်တဲ့ နေသစ်ကို မသိသလို မပတ်သက် မဆက်ဆံဘဲ နေလို့ရပါလျက်နဲ့ ဘာလို့များ ကန့်လန့်တိုက်ဘုကျပြီး အနေနီးအောင် ဖန်တီးခဲ့မိပါလိမ့်။

နေသစ်ကို အပြတ်အသတ် တစ်ခါတည်းငြင်းပယ်ခဲ့လို့ရပါလျက် နဲ့ တစ်ခါပြန်ပြီး လမ်းဖွင့်အခွင့်အရေးတွေ ပေးနေမိပါလိမ့်။

ဒါတွေအားလုံးဟာ နေသစ်ကို အနိုင်ရဖို့လား။ ကတွေးရှုံးနိမ့်ဖို့လား။



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေခြင်းနဲ့ မုန်းနေခြင်းအကြားက နံ့ရံထုထည်ဟာ ဘယ်လောက်ကြီးမားလေးလံနေသလဲ။ ချစ်ခြင်းနဲ့မုန်းခြင်းဟာ တရုတ်ကပ်မှန်ပြူတင်းတစ်ခုရဲ့ ဟိုဘက် ဒီဘက်လား။ ဒင်္ဂါးတစ်ခုလား။ လက်ဖမိုးတစ်ဖက်စာ လက်ဖဝါးတစ်ခုလား။

အတွေးတွေ ရီဝေ… ပိုး… ဝါး…။

*

www.burmeseclassic.com

www.burmeseclassic.com

စပါးကို ရက်စက်သူလို့ နေသစ် မဆိုရက်ပါ။

သို့သော်...

စပါးက အသည်းမာသူတစ်ယောက်ဆိုတာကတော့ နေသစ် မငြင်းလိုပါ။

ကျောက်ခဲမှာ သန္ဓေတည်ပြီး ဖွားခဲ့လေသလား စပါးရယ်။

စပါးကို ရယ်အောင်လုပ်ဖို့ဆိုတာ ကိုယ့်အဖို့ ကျောက်သားနံရံတွေကို ခေါင်းတိုက်ပြီး ခေါင်းလောင်းထိုးသလို ဖြစ်နေရပြီလားလို့ အားငယ်စွာ တွေးမိပြန်သေးတယ်။

ပန်းပွင့်ကလေးတွေထဲမှာ ရနံ့တွေထည့်ပေးခဲ့တဲ့သူကို ချီးကျူးပါတယ်။ ငှက်ကလေးတွေရဲ့ နှုတ်သီးချွန်ချွန်ကလေးတွေထဲမှာ သီချင်းတစ်ပုဒ်စီထည့်ပေးခဲ့တဲ့ သူကို ဦးညွှတ်ချင်ပါရဲ့။ တူရိယာပစ္စည်းကလေးတွေက ဂီတသံစဉ်လှလှကလေးတွေ ထွက်ကျလာအောင် တီးခတ်တတ်သူတွေကို အားကျမိတယ်။

နေသစ်မှာသာ...။

အမြတ်တနိုး ချစ်နေရသူရဲ့ နှုတ်ခမ်းက ရယ်သံကလေးတစ်ခု ထွက်ကျလာအောင် မစွမ်းနိုင်တဲ့သူလေ။

သူတကာတွေကို ရယ်ရွှင်အောင်လုပ်နိုင်လို့ ဂုဏ်ယူနေခဲ့တဲ့သူမဟာ အခုတော့ ငါသိတာဟာ ငါဘာမှမသိသေးပါလားလို့ သဘောပေါက်လာတဲ့ ဆော့ခရေတ္တီလက်သစ် ဖြစ်လာရပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူဟာ တင်းတင်းဆွဲထားတဲ့ စပါးရဲ့ နှင်းဆီဖူးငုံ နှုတ်ခမ်းကလေးထဲမှာ အကျဉ်းကျနေတဲ့ ဝတ်မှုန်တစ်စပါ။ စပါးရဲ့ ရယ်သံနဲ့ ပွင့်ဟမှ လွတ်မြောက်ရမယ့် ကိုယ့်ဝိညာဉ်ကို သနားတော်မူပါလေ။

အားငယ်တတ်တဲ့ လရောင်နဲ့ ညသန်းခေါင်ယံပါ စပါးရယ်။

'သင်ရယ်သံ ကိုယ့်ရဲ့ အပြုံးမှတ်တမ်း၊ ချစ်သက်သေထား စွဲလမ်းသူ အသည်းဦးရင်မှာ အနမ်းပွင့်စေ'

'မကြင်နာလိုသူကို မောင့်အလွမ်းတွေ မထားရှိသင့်ပါ'

ရင်ဖွင့်နေသူတွေရဲ့ ဂီတာကြိုးပေါ်က သီချင်းသံတွေဟာ ပျံ့လွင့်လို့။ ကိုယ့်ရဲ့ ရယ်သံငုံ နှုတ်ခမ်းကလေးရေ…။

အဲဒီလို တမ်းတမ်းတတ ရေရွတ်နေမိတဲ့ ရင်ကွဲည။

❋

www.burmeseclassic.com

www.burmeseclassic.com

အဲသည်ညပေါ့။

အဲသည်ညထဲမှာပါပဲ။

မျက်နှာချင်းဆိုင်လမင်းမှာ မဆုံဖြစ်ခဲ့ကြတဲ့ နေသစ်နဲ့စပါးတို့ အလွမ်းချင်း လေညှင်းမှာ ဆုံမိကြမလားပဲ။

စပါးအဖို့ လွမ်းအိပ်မက်တွေ လှုပ်နှိုးနှိုးနေလို့ အိပ်မရတဲ့ည။

စားပွဲတင်နာရီကလေးကို ကောက်ကြည့်လိုက်တော့ ညဆယ့်နှစ် နာရီ သုံးဆယ့်ငါးမိနစ်စွန်းစွန်း။

'စပါး အိပ်မပျော်ဘူးလား'

စပါး လှုပ်ရှားမှုကြောင့် အိပ်ရေးဆတ်တဲ့ မေသက်ပိုင်က နိုးလာ ပြီး လှမ်းမေးလိုက်တယ်။

'အေးဟာ... အိပ်လို့မရဘူး၊ ဖွန်ဖွန့်ကိုပါ နှိုးလိုက်ဟာ'

'အလိုတော်... ရှင် အိပ်မပျော်တာနဲ့ ကျုပ်တို့နှစ်ယောက်ကို အိပ်ရေးပျက်အောင် လုပ်ပြီး သူခိုးသေဖော်ညှိတာလား'

'မဟုတ်ပါဘူး မိန်းမရယ်၊ ရှင်တို့နှစ်ယောက်ကို ပြောစရာရှိ ပါ'

'မနက်ကျမှပြော၊ အိပ်ရေးပျက်တယ်'

ပြန်အိပ်မလို့ပြင်နေတဲ့ မေသက်ပိုင်ကို စပါးက ခိုးကွက်နဲ့ လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ငါက နေသစ်အကြောင်းပြောမလို့'

'ဘာ… နေသစ်၊ ဟုတ်လား'

မေသက်ပိုင်က ငေါက်ခနဲ ထထိုင်တယ်။

'ဟဲ့… ဖွန်ဖွန် ထစမ်း၊ ထစမ်း'

ဖွန်ဖွန့်ကို ခပ်ကြမ်းကြမ်း လှုပ်နှိုးတယ်။

'ဘာလဲဟာ၊ ငါအိပ်ပျော်နေတုန်း ရွှေတစ်ကျပ်သားစီ ဝေပေးမယ် ဆိုရင်တောင် မနှိုးပါနဲ့ဆို၊ ဒီမှာ အိပ်ကောင်းတုန်းရှိသေးတယ်'

ဖွန်ဖွန်က တစ်ဖက်ကို စောင်းလှည့်သွားတယ်။

'မဟုတ်ဘူးဟဲ့၊ စပါးက သူ့ဘဲကြီးအကြောင်း ပြောပြမလို့တဲ့'

'ဟင်… ဟုတ်လား'

ဖွန်ဖွန်လည်း ဆံပင်ဖိုးရိုးဖားယားနဲ့ ထထိုင်ပြီး မျက်စိကျယ်သွား အောင် စားပွဲပေါ်က စီပလပ်စ်ဘူးကို ယူသောက်လိုက်သေးတယ်။

စပါးရဲ့ခုတင်ပေါ်မှာ သုံးယောက်သား ဖိုခနောက်ဆိုင်ထိုင်မိခါမှ မေသက်ပိုင်က သံသေတ္တာပေါ် တင်ပလ္လင်ခွေတက်ထိုင်လိုက်ပြီး…

'ကိုင်း… ကိုင်း… မွေးမရစက်မပျော် သန်းခေါင်ကျော်အတွေး ဘယ်အရေးပေါ်သတုန်း၊ အလုံးစုံကို ကုန်စင်အောင်လျှောက်တင်တော်မူစမ်း မယ်မင်း'တဲ့။

ဓာတ်ထဲက ဘုရင်ကြီးပုံစံနဲ့ ထအော်တယ်။ စပါးသာ ယောင် တတ်သူဆိုရင် လက်နှစ်ဖက်ကိုမြှောက်ပြီး မှန်လှပါဘုရားလို့ ပြန်အော်မိ ယဲ့အဖြစ်မျိုး။ ဒါပေမဲ့ စပါးက လိုက်မယောင်ပါဘူး။ နောင်တရနေတဲ့ လေသံလေးနဲ့ ပြောလိုက်တယ်။

'ငါ သူ့ကို ရက်စက်ရာကျနေပြီ ထင်တယ်'

နက်နက်ရှိုင်းရှိုင်း ခံစားပြီး ပြောလာတဲ့ စပါးရဲ့စကားကြောင့် မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့လည်း ငြိမ်ငြိမ်ကလေး နားထောင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူ့အပေါ်မှာ ငါ မတရား အနိုင်ယူသလို ဖြစ်နေပြီဟာ'

'အဲသလိုတော့မဟုတ်ပါဘူး စပါးရယ်၊ နင်နဲ့နေသစ်က အလောင်းအစားလုပ်ထားလို့ မရယ်တာပဲဥစ္စာ'

'ဟုတ်သားပဲ၊ အဲသလိုကြီးတော့ စိတ္တဇမကိုင်လိုက်ပါနဲ့ဟာ'

မေသက်ပိုင်နဲ့ ဖွန့်ဖွန့်က ဝင်ပြီး ကန့်ကွက်တယ်။ စပါးက ခေါင်းကို ယမ်းလိုက်ရင်း…

'မဟုတ်ဘူး၊ ငါ သူ့အပေါ်မှာ မတရားဘူး၊ အဲဒီအတွက် ငါ့ကိုယ် ငါလည်း စိတ်မလုံသလို ခံစားရတယ်၊ ပြီးတော့ သူ့ကိုလည်း သနားလာတယ်'

'ဆက်ပြောလေဟာ'

တွေတွေကလေး ချိန်ဆရင်း စကားပြတ်သွားတဲ့ သူမကို မေသက်ပိုင်က ဆက်ပြောဖို့ တိုက်တွန်းလိုက်ရတယ်။

'ငါနဲ့သူ ရယ်မရယ် အလောင်းအစားလုပ်တုန်းက စည်းမျဉ်းတွေ အချက်အလက်တွေ သတ်မှတ်ခဲ့ကြတယ် မဟုတ်လား'

စပါးက မေးလိုက်တယ်။ ဖွန့်ဖွန့်က…

'အင်းလေ၊ ဟုတ်သားပဲ၊ ငါတို့တောင် အသိသက်သေအနေနဲ့ ဝင်ပြီး လက်မှတ်ထိုးခဲ့ကြသေးတယ်လေ'

'ရော့… အဲဒီအချက်အလက်တွေကို ပြန်ဖတ်ကြည့်ကြဦး'

မေသက်ပိုင်နဲ့ ဖွန့်ဖွန့်က စာရွက်ကိုခေါင်းချင်းဆိုင် ဖတ်လိုက်ကြတယ်။

'အဲဒီထဲမှာ နေသစ် သတိမေ့ကျန်ခဲ့တဲ့ ဟာကွက်တစ်ကွက်ရှိတယ်၊ အဲဒီဟာကွက်ကို သုံးပြီး အရယ်တားဆေးလုပ်ထားတာ'

စပါးရဲ့အပြောကြောင့် မေသက်ပိုင်က အံ့သြသွားကြီး လေသံနဲ့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့တော့ ပဋိသန္ဓေတားဆေးလို့ပဲ ကြားဖူးတယ်၊ အရယ်တားဆေးလို့ မကြားဖူးပါဘူးဟာ'

'ဟန်... နင့်ပါးစပ်က စည်းမရှိ ကမ်းမရှိ ပြောရော့မယ်'

စပါးက စိတ်ဆိုးသလို လှမ်းဟောက်လိုက်မှ မေသက်ပိုင် ဇက်လေးပုပြီး ငြိမ်သက်သွားရတယ်။

'စည်းကမ်းချက်ထဲမှာပါတဲ့အတိုင်း တစ်ခုမှ မဖောက်ဖျက်ဘဲလာခဲ့တာ နင်တို့အသိပဲလေ'

'အင်းလေ'

'ငါ နေသစ်ပြောတဲ့စကားကို အာရုံစိုက်နားထောင်တယ်၊ စကားဝိုင်းက ရှောင်ထွက်သွားတာမျိုးမရှိဘူး၊ ပါးစပ်ကို ပိတ်ကွယ်မထားဘူး၊ ခေါင်းနှာလွှဲမနေဘူးနော်'

'အင်းလေ... အဲဒါတွေ ငါတို့သိသားပဲ'

'နင်တို့မသိတာ တစ်ခုရှိသေးတယ်'

စပါးရဲ့ ပိုင်ပိုင်နိုင်နိုင်အပြောကြောင့် မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့ပြီး စိတ်ဝင်စားသွားရတယ်။

'ဘာလဲဟ၊ ငါတို့မသိသေးတာ'

'ဟင်း... ဟင်း... ရှင်တို့မသိသေးတာ ကျုပ် နေသစ်နဲ့အတူရှိနေတဲ့အချိန်တိုင်း နားထဲကို ဂွမ်းစနဲ့ ဆို့ထားတယ်ဆိုတာလေ'

'ဟယ်'

'ဟာ'

'နေသစ်ရဲ့ စည်းကမ်းချက်ထဲမှာ နားကိုပိတ်မထားရလို့ မပါ[illegible]သ၊ ဟုတ်တယ် မဟုတ်လား၊ သူပြောတဲ့ စကားကို အာရုံစိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထောင်တာပဲ။ ဒါပေမဲ့ နားက မကြားရတော့ မရယ်ရတော့ဘူးပေါ့၊ အဲ
နေ့သစ်က ငါ့ကို မရယ် ရယ်အောင်လုပ်တော့မယ်လို့ စသိလိုက်ကတည်း
လုပ်လာတာ'

'နင် တော်တော်လည်ပါ့လား စပါးရယ်'

မေသက်ပိုင်က စပါးရဲ့ပါးကလေးကို လိမ်ဆွဲရင်း ကျီစယ်လို
တယ်။

'အဲဒါကြောင့် တစ်ခါတစ်ခါ နေ့သစ်စကားကို နားကြားလွဲရ
ပေါ့၊ မနက်ကလိုမျိုးပေါ့၊ တစ်ခါတစ်ခါကျတော့လည်း မျက်လုံးထဲ
မြင်နေရတဲ့ နေ့သစ်ရဲ့ ကိုးရိုးကားယားအဖြစ်တွေက ရယ်စရာကောင်းလွ
လို့ မနည်းအောင့်ထားရတယ်၊ သိလား'

'ဟင်း… ဟင်း… ဖြစ်ရမယ်၊ ဖြစ်ရမယ်'

ဖွန်ဖွန်က ပြုံးစစနဲ့ ပြောတယ်။

စပါးက နှုတ်ခမ်းကလေးစူရင်း…

'တစ်ခါတလေများ ရှင်တို့သုံးယောက် အားရပါးရ ရယ်နေတာ
ကြည့်ပြီး မနာလိုဖြစ်လိုက်ရတာ၊ ကျုပ်မှာလည်း ကျုပ်စကားနဲ့ကျုပ်ဆို
လိုက်ရယ်လို့လည်းမဖြစ်နဲ့ တစ်စားပွဲတည်းအတူထိုင်နေပြီးတော့ ဟိုးအဝေး
ကြီးရောက်နေသလို ခံစားရယ်'

'ဖြစ်ရမယ်၊ ဖြစ်ရမယ်'

'ကဲ… ဖြစ်ဦး၊ ဖြစ်ဦး'

စပါးက ဖွန်ဖွန့်ပေါင်ကို ဆိတ်ဆွဲတယ်။

ပြီးတော့မှ…

'ငါ… အဲဒီအတွက် ကိုယ့်ကိုယ်လည်း လိမ်ပြာမသုံဘူး၊ ငါ
ပြိုင်ပွဲတစ်ခုအနေနဲ့ မသတ်မှတ်တော့ဘဲ ပျော်ပါစေဆိုတဲ့ ဆန္ဒနဲ့ ရယ်



www.burmeseclassic.com

www.burmeseclassic.com



တွေ အားတက်သရောပြောနေတဲ့ နေသစ်ကို အားနာနေမိတယ်ဟာ၊ သနား လည်း သနားပါတယ်၊ အဲဒါကြောင့် မနက်ဖြန်ကစပြီး နေသစ် ရယ်စရာ ပြောသမျှကို အားရပါးရ ရယ်ပစ်လိုက်တော့မယ်။

*

www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန်ကစပြီး မရယ်ရှင်လိုသူကို ကိုယ် အပြုံးတွေနဲ့ မနှောင့်ယှက်သင့်တော့ပါဘူး။

နဂိုကတည်းက အသည်းနှလုံးတစ်ခုစာ အရှုံးပေးထားပြီးသားလူမှာ ဘာမှ ထပ်ရှုံးစရာ မရှိတော့ပါဘူးလေ။

မရယ်ချင်လို့ မရယ်တာကိုက ဟာသမြောက်နေတဲ့ ရယ်စရာတစ်ခုပါပဲလေ။

အားလုံးကို သူ ကျေနပ်စွာ စွန့်လွှတ်လိုက်ပါပြီ။

မနက်ဖြန် မနက်စောစောမှာ စပါးကို ဒီအကြောင်းတွေ သွားပြောတော့မယ်။ ရယ်သံတစ်ခုမှာရင်းထားရတဲ့ နှလုံးသားတစ်ခုလုံးကို ရှုံးကြေးအဖြစ် နင်းချေခိုင်းဖို့။

မရယ်တတ်တဲ့ မိန်းမတစ်ယောက်ရဲ့ရှေ့မှာ ထာဝရ အဆုံးအစမဲ့စွာ နားနဲ့ဆတ်ဆတ် ရယ်သံငတ်တဲ့ယောက်ျားတစ်ယောက်အဖြစ်နဲ့ပဲ ရှိပါစေတော့။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

'တောက်'

နေသစ် မကျေမနပ်နဲ့ တောက်ခေါက်လိုက်မိတယ်။

'ဒါ… ဘယ်သူ့လက်ချက်လဲ မသိဘူး'

စက်ဘီးကလေးကိုကြည့်ရင်း ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက်ပြန်တယ်။

ကြည့်လေ… နေသစ်စက်ဘီးကို…။

ဘယ်ကောင်ဖြုတ်သွားမှန်းမသိတဲ့ စက်ဘီးထိုင်ခုံက မရှိတော့ဘူး။ ထိုင်ခုံမရှိတော့တဲ့ စက်ဘီးမှာ ပုလွေရှီးလို့ခေါ်တဲ့ သံပိုက်လုံးက ထိုးထိုးထောင်ထောင်။ အဲဒီ သံပိုက်လုံးထိပ်ပေါ် ဘယ်လိုလုပ်တက်ထိုင်လို့ရတော့မလဲ။

စဉ်းစားကြည့်လိုက်တိုင်း ဒေါသဖြစ်ပြီး ပျစ်ပျစ်နှစ်နှစ်ထပ်ဆဲမိပြန်တယ်။ ကြာရင် ကိုယ့်မြို့ ကိုယ့်ရွာမှာ အေးအေးဆေးဆေးနေခဲ့ရှာတဲ့ အတွေ၊ နှမတွေ မျက်ခုံးလှုပ်နေရော့မယ်။ အပြစ်ရှိတာကတစ်ယောက်တည်း။ အဆဲခံရတော့ တစ်ဆွေလုံးတစ်မျိုးလုံးကိုး။

ဒီနေ့မနက် စောစောစီးစီး စပါးဆီ အရောက်သွားချင်ပါတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ညက တစ်ညလုံး အိပ်မပျော်ခဲ့ရတာနဲ့ အခုမနက် အိပ်ရာထနောက်ကျသွားရတာ။ အဲဒီလိုနောက်ကျနေလို့လည်း အစ်မ နှမ တူမကအစပေး မယ့် ရွှေယောက်ဖက စက်ဘီးကုန်းကိုဖြုတ်ပြီး Lesson ပေးသွားတာ ဖြစ်မှာပေါ့။

'တောက်... ကွာ... ဟင်း...'

အဲခါတိုင်းလို ငှားစီးဖို့ စက်ဘီးတွေ၊ ဆိုင်ကယ်တွေကလည်း တစ်စီးမှ မရှိတော့ဘူး၊ သူတို့လည်း အလျှိုလျှိုထွက်သွားကုန်ကြပြီလေ။

'တောက်... ဘယ်လိုလုပ်ရပါ့မလဲကွာ၊ ဟူး...'

ကြံရာမရ ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်တယ်။ သူ တော်ကောင်းမို့ နတ်ကောင်းမတာလား၊ နတ်ဆိုးချောက်တွန်းတာလားတော့ မသိဘူး။ စက်ဘီးကုန်းနဲ့ ခပ်ဆင်ဆင်တူတဲ့ ထန်းလက်ပြား အပိုင်းပြတ် ကလေးကို တွေ့လိုက်တယ်။ မျောက်ကောင်ရေတစ်ထောင်လောက် ဆော့ နိုင်တဲ့ အဆောင်မှူးရဲ့သားနှစ်ယောက်က တမာပင်ကိုင်းမှာ တွဲလောင်း ချည်ချာထားတဲ့ လွှန်ကြိုးပေါ်မှာတပ်၊ ဖင်ထိုင်ပြီး ဒန်းလွဲတမ်းကစားအ ကျ ထန်းလက်ပိုင်းကလေး။

အဲဒီထန်းလက်ပိုင်းကလေးကို ကောက်ယူလိုက်တယ်။ စက်ဘီး ပုလွေရိုး ပိုက်လုံးပေါ်မှာ တင်လိုက်တယ်။ ပြုတ်ကျမသွားအောင် လက် တစ်ဖက်က အသာထိန်းထားပြီး ထန်းလက်ပိုင်းပေါ် ခွထိုင်လိုက်တယ် အဲ... ဟုတ်ပြီ။ ပုလွေရိုးပိုက်လုံးနဲ့ တင်ပါးအကြားမှာ ထိုင်စရာတစ် ရသွားပြီ။

စက်ဘီးကို အသာကလေး စမ်းနင်းကြည့်တယ်။

'အင်း... အင်း... အဲ့...'

ခြေနင်းကို နင်းလိုက်လို့ ပေါင်နှစ်ဖက်က လှုပ်ရှားလိုက်တဲ့ ထန်းလက်ပိုင်းကလေးက ဘယ်ညာစောင်းလိုက်လာတယ်။ ပေါင်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်စုစုကလေးထားပြီး နင်းကြည့်တော့မှ နည်းနည်းအခေါင်ပြေသလို ဖြစ်လာတယ်။ ဒါပေမဲ့ ထန်းလက်ပေါ်မှာ စိတ်ချလက်ချ ထိုင်မချရဲဘူး။ တင်ပါးနဲ့ ပုလွေရိုးအကြားက အခုအခံ သဘောလောက်ပဲ အားကိုးရတာ။ စက်ဘီးလက်ကိုင်ပေါ်ကို ပိုပြီး အားစိုက်ဖိထားရတယ်။

စိတ်ရှိလက်ရှိ မြန်မြန်နင်းလို့မရပေမယ့် ခြေခြင်လျှောက်တာထက်တော့ မြန်တာပေါ့။ တော်သေးတယ်။ အခါတိုင်းလို မိုးမရွာလို့။ လမ်းပေါ်မှာ ရွှံ့ဗွက်တွေ၊ ရေအိုင်တွေကို ကွေ့ပတ်ရှောင်မနေရလို့။ လူတွေ စက်ဘီးတွေ ဆိုင်ကယ်တွေကိုတော့ သတိထားရှောင်ရတာပေါ့။

❊

www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့… မိန်းမတွေ မြန်မြန်လုပ်ပါ၊ ဒီမှာ ဗိုက်ဆာလှပြီ'

'အို… အခုမှ လာလောမနေနဲ့၊ ညက ရှင်နှိပ်စက်ထားလို့ အိပ်ရေးပျက်တာနဲ့ အိပ်ရာထနောက်ကျလို့ဖြစ်ရတာ'

'ကဲပါ၊ ကဲပါ၊ ကျုပ်အပြစ်ပဲ ထားပါတော့'

စပါးလည်း အသံကလေး ငြိမ်နေလိုက်ရတယ်။ မေသက်ပိုင်နဲ့ ဇွန်ဇွန့်ကို ဘာမှစောဒက မတက်ဝံ့ဘဲ ကုပ်ကုပ်ကလေး ထိုင်စောင့်နေလိုက်ရတော့တာ။

စပါး မှတ်မိသေးတယ်။ နေသစ်နဲ့ စပြီး တိုက်တိုက်ဆိုင်ဆိုင်ဆုံဖြစ်တဲ့ စာသင်နှစ်အစပိုင်းက နေ့ကလေးကိုပေါ့။ အဲဒီနေ့ကလည်း ဒီနေ့မနက်လိုပဲ ဗိုက်အရမ်းဆာနေတဲ့ နေ့ကလေးဆိုတာ မှတ်မှတ်ထင်ထင်ရှိနေသေးတော့။

အဲဒီတုန်းက နေသစ်နဲ့ စကားဖောင်ဖွဲ့ပြီး တဟီးဟီး တဟားဟားဖြစ်နေတဲ့ မေသက်ပိုင်နဲ့ ဇွန်ဇွန့်ကို ဟောက်မိသေးတယ်။ အခုတော့ နေသစ်ပြောလာမယ့်စကားကို နားထောင်ပြီး ပြုံးချင်ရယ်ချင်သူလေ။ နေသစ်ရေ… ရှင့်ကို ညာညာပြီး ညစ်ခဲ့သမျှ ဒီနေ့တော့ ရှင့်အပေါ်တင်နေတဲ့ ရယ်သံအကြွေးတွေကို အတိုးနဲ့ဆပ်ပါ့မယ်ရှင်။

ဟောဒီက မိစပါးက ရယ်ချင်ရက် ခါးတို့ ဖြစ်နေရသူပါရှင်။



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ်… မိန်းမ၊ သူများလှန်းထားတဲ့ ရေလဲထဘီကိုစိုက်ကြည့်ပြီး ဘာတွေများ သဘောကျနေရတာလဲ၊ ထဘီများ ရုတ်ပြေးတော့မလို့လား မသိဘူး'

'ဟာကွာ'

စပါး ရှက်သွားရတယ်။ ဘယ်လောက်များ တွေးငေးနေမိတယ်မသိဘူး။ မေသက်ပိုင်က အခ်ိပ္ပာယ်တစ်မျိုးပေါက်ပြီး လာနှောက်တဲ့အထိ။ မေသက်ပိုင်ကို ထူးတွေပြီး ပြန်ပြောမနေတော့ပါဘူး။ သူမအတွေးကို ရိပ်မိသွားမှာ စိုးတာနဲ့။

'လာကွာ၊ သွားကြစို့ မြန်မြန်၊ ဒီမှာ ဗိုက်ဆာလှပြီ'

လို့ပဲ ပြောလိုက်ရင်း ခြေလှမ်းပြင်လိုက်တယ်။

'ဟဲ… ဟဲ… အပိုတွေ လာပြောမနေနဲ့၊ နေသစ်နဲ့တွေ့ချင်လှပြီမဟုတ်လား'

တဲ့ မေသက်ပိုင်က။

ဒီကြားထဲ ဖွန်ဖွန်ကလည်း ဘူးလေးရာ ဖရုံဆင့်လိုက်သေးတယ်။

'စပါးက ဗိုက်ဆာတာမဟုတ်ဘူး၊ ရယ်စရာ ဆာနေတာ'

ကဲ… ကောင်းရော။ ဖုံးမှပေါ်။ ရှောင်မှမိ ဖြစ်နေတော့တဲ့ စပါး အဖြစ်လေ။

✻

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နှုတ်ခမ်းထောင့်စွန်းက ငိုပြီး

တစ်ဖက်နှုတ်ခမ်းထောင့်စွန်းမှာ ပြုံးတဲ့

ပဉ္စလက်အတတ်ကို

ဖေးဗစ်ကော့ပါးဖီးလ်း မပြနိုင်ခဲ့ပေမယ့်

ခစ်မှန်တဲ့အဖြစ်အပျက်တွေ

ကမောက်ကမနိုင်လွန်းမှုတွေမှာ

ငိုအားထက် ရယ်အားသန်ခဲ့ရပြီး

လုပ်ကြံလို့မရတဲ့ မတော်တဆမှာ

ကျကွဲသွားတဲ့ ရယ်သံကလေး။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၇)

အချစ်တစ်ခုရဲ့ မေတ္တာလမ်းက ဖြောင့်ဖြူးရိုးထုံးစံမရှိတဲ့။

ဟော… စပါးတို့အဆောင်ရှိနေတဲ့ မေတ္တာလမ်းကတော့ ဖြောင့်ပိတ်တာမှ ဖြူးလို့။

နေသစ်ရဲ့ ထန်းလက်ထိုင်ခုံနဲ့ စက်ဘီးကလေး မေတ္တာလမ်းထဲကို တိုးဝင်လာခဲ့တယ်။

'တွီ… တွီ… တွီ…'

စက်ဘီးလက်ကိုင်မှာ တပ်ထားတဲ့ အီလက်ထရောနစ်ဘဲလ်ကလေးကို တီးပြီး လမ်းတောင်းရတယ်။ လောကမှာ တောင်းတိုင်းမရတတ်တဲ့နေရာတွေထဲ လမ်းလည်းပါတယ်ထင်ရဲ့၊ လမ်းလျှောက်သူတွေက စက်ဘီးနဲ့ဆိုင်ကယ်တွေကို ကြည့်ရှောင်သွားလို့ သဘောထားပြီး ဥပေက္ခာပြုထားလေရဲ့ အဲဒီလိုလမ်းလျှောက်သူတွေ တစ်ယောက်ချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုလိုက်၊ အဖွဲ့လိုက်တွေကြားမှာ ကွေ့ကွေ့ဝိုက်ဝိုက်နဲ့…။

ထန်းလက်ထိုင်ခုံစက်ဘီး စတန့်မှာ ဘယ်စောင်းညာစောင်း၊ ရှေ့တိုး၊ နောက်လှန်၊ ရင်ခုန်သံခပ်မြန်မြန်နဲ့ သည်းထိတ်ရင်ဖိုစွန့်စားခန်းတဲ့အသစ်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညစ်ညစ်ကျောင်းသားတစ်သိုက်ကို ဝိုက်ရှောင်တယ်။ အလှဲ··· ထန်းလက်ခုံက ညာဘက်ကိုစောင်းသွားတယ်။ ခြေနင်းတုံးပေါ် ဘယ်ခြေ ဖိနင်းပြီး တင်ပါးနဲ့ ပြန်ဆွဲယူတယ်။

အိုး··· ဘယ်ဘက်ကို နည်းနည်းများသွားတယ်။ ဘယ်ညာတင်ပါး နှစ်ခုကြားမှာ မဈျိမပဋိပဒါဖြစ်ဖို့ ဟန်ချက်ညှိရင်း ဆိုင်ကယ်တစ်စီး ရှောင်လိုက်ရတယ်။ အနေအထားမမှန်ခင်မှာ မြွေနဲ့ဖားဖြစ်နေရှာတဲ့ ကောင် ကလေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကို ကြားဖောက်ပြီး ရှောင် လိုက်ရသေးတယ်။

'ဟိုက်'

ချိုင့်ခွက်တစ်ခုထဲ ရှေ့ဘီးဆောင့်ကျသွားလို့ ထန်းလက်ခုံက ရှေ့ စိုက်သွားရပြန်တယ်။

အဲဒီအချိန်မှာပဲ ရှေ့ကလာနေတဲ့ ခေါင်းရွက်ဈေးသည် မိန်းမကြီး တစ်ဦးကို ရှောင်ဖို့ ပြင်ရပြန်တယ်။ အရှောင်အတိမ်း ဂျက်စီဂျိန်း။

ဈေးသည် မိန်းမကြီးခမျာ ခံတောင်းထဲ စီကာစဉ်ကာ ဆင့်ထည့် ထားတဲ့ ကြက်သားအိုး၊ ဝက်သားအိုး၊ အမဲသားအိုး၊ ပဲဟင်းအိုး၊ သီးစုံအိုး ငရုတ်သီး ငပိချက်အိုးတွေနဲ့။ ဈေးသည်မိန်းမကြီး ဝန်စည်စလယ်များသည် နေသစ်မှာလည်း ဒုက္ခတွေက များတယ်။

ထန်းလက်ကိုင်ခုံရှင်ကို ဖင်မြဲအောင် ထိန်းရင်း ညာဘက်ဘေး ရှောင်ဖို့ပြင်တယ်။

'ဟောဗျာ'

မိန်းမကြီးကလည်း ညာဘက်ကို ကပ်လိုက်ရှောင်တယ်။ ကဲ ကတန်းနဲ့ စက်ဘီးလက်ကိုင်ကို ဘယ်ဘက်ဆွဲကွေ့လိုက်ရတယ်။ ဈေးသည် ကလည်း ဘယ်ဘက်ကို လိုက်ရှောင်တယ်။

'ဒုက္ခပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်က တစ်ခါ ညာဘက်ကို ပြန်ရှောင်တော့ မိန်းမကြီးက လည်း ညာဘက်က ရှောင်ပြန်တယ်။ ဒီတစ်ခါ ဘယ်ဆိုပြန်တော့ ဘယ်ဖြစ် ပြန်ရော။

✻

www.burmeseclassic.com

www.burmeseclassic.com

'ဟယ်… ဟိုမှာ နေသစ်ရယ်… ဟင်းရောင်းတဲ့မိန်းမကြီးနဲ့ ထုပ်ဆီးတိုးတမ်း ကစားနေတယ်'

'အဲတော့… ဟုတ်ပါရဲ့'

မေသက်ပိုင်နဲ့ ရှန်ရှန်တို့ အော်သံကြောင့် ခေါင်းငုံ့လျှောက်နေရာက ရှေ့ကို လှမ်းကြည့်လိုက်မိတယ်။

'ဟွဲ… နေသစ်စက်ဘီးထိုင်ခုံကလည်း ချာလပတ် လည်လို့ပါလား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ စက်ဘီးထိုင်ခုံ မဟုတ်ဘူး၊ ဘာကြီးလဲ မသိ… အဲ… အဲ… ထန်းလက်ကြီးဟ၊ ဟီး… ဟီး… နေသစ် ဘာ စတန့်ထွင်လာတယ် မသိဘူး'

'သူ့ကိုယ်သူ ဂျက်ကီချန်းများ အောက်မေ့နေသလား မသိဘူး'

အဲဒီအချိန်မှာပဲ…

'အို… တိုက်… တိုက်ပြီ… ဈေးသည်နဲ့'

'နေသစ်'

✻



www.burmeseclassic.com

www.burmeseclassic.com

'နေသစ်... နေသစ်'

စက်ဘီးတခြား လူတခြားနဲ့ လမ်းဘေးအုတ်ခုံကလေးဆီ လွင့်ကျသွားတဲ့ နေသစ်အနားကို စပါးအပြေးအလွှား...

'နေသစ်... နေသစ်'

ကျွမ်းထိုးမှောက်ခုံဖြစ်နေတဲ့ နေသစ်လက်မောင်းကို ဆွဲထူတယ်။ စပါးကိုယ်တိုင်က လာပြီး ဂရုတစိုက်လာထူတော့ နေသစ် အတော်လေး အံ့ဩဝမ်းသာ ဖြစ်သွားပုံရတယ်။

'ဟဲ... ဟဲ... ကျေးဇူးတင်လိုက်တာ စပါးရယ်'

အဲဒီအချိန်မှာပဲ နေသစ်ခေါင်းပေါ်က အနီရောင်စီးကြောင်းတစ်ခုဟာ ပါးပြင်ပေါ်ကို ဖြတ်သန်းစီးဆင်းလာတယ်။

'အို... နေသစ်၊ နင့်... နင့်ခေါင်းမှာ သွေးတွေ၊ သွေးတွေ၊ င် ခေါင်းကွဲသွားပြီ ထင်တယ်'

'ဟာ... ဟုတ်လား၊ ငါဖြင့် သိတောင်မသိဘူး၊ မှန်းစမ်း၊ ငါ့ခေါင်း ငါ စမ်းကြည့်လိုက်ဦးမယ်၊ ဟာ... ဟုတ်သားပဲ၊ သွေးတွေ'

နေသစ်နဲ့ စပါးတို့ စိုးရိမ်တကြီးဖြစ်နေကြချိန်မှာ တစ်ဖက်ကင်းသည်မိန်းမကြီးမှာလည်း သူ့အပူနဲ့သူ။ ဟုတ်တယ်လေ။ သူ့ခရောစောစီးစီး တစ်ပြားဖိုးမှ မရောင်းရသေးတဲ့ ဈေးဦးပေါက် အရှုံးရတာကိုး။ ဈေးသည်မိန်းမကြီးရဲ့ တစ်ခုတစ်ခြားစီဖြစ်နေတဲ့ အနံ့အိုး

www.burmeseclassic.com



ဒန်ခွက်တွေနဲ့ ဖွန်း၊ ပန်းကန်တွေကို ဖွန်ဖွန်နဲ့မေသက်ပိုင်က လိုက်ကူကောက်ပေးရှာပါတယ်။

'အင်း… မနေ့ကမှ ဝယ်ခဲ့တဲ့ ငါ့ ဖရုတ်ဆီဗူးကလေးလည်း သွားပါပြီ'

နောက်ကျောဘက်ဆီက ကြားလိုက်ရတဲ့ မိန်းမကြီးရဲ့ စကားသံကြောင့် နေသစ် တစ်စုံတစ်ခုကို အတွေးပေါက်သွားမိတယ်။ ဒါနဲ့ပဲ ခေါင်းပေါ်က စီးကျလာတဲ့သွေးတွေကို လျှာနဲ့လျက်ကြည့်လိုက်တယ်။

'ဟ… သွေးတွေမဟုတ်ဘူးဟ၊ ဖရုတ်ဆီတွေ'

စပါးကလည်း နေသစ်အပြောကို မယုံသင်္ကာနဲ့ ယောင်ရမ်းပြီး လက်မှာပေနေတဲ့ ဖရုတ်ဆီတွေကို လျက်ကြည့်တယ်။

'ဟယ်… ဟုတ်သားပဲ၊ ဖရုတ်ဆီတွေ၊ နင့်ခေါင်းပေါ် ဘယ်လိုလုပ်ပြီး'

'ဟဲ… ဟဲ… သိဘူးလေဟာ၊ ဈေးသည်မိန်းမကြီးကို စက်ဘီးနဲ့ ဝင်တိုက်တော့ ခံတောင်းကမှောက်ပြီး ဖရုတ်ဆီဗူးက ငါ့ခေါင်းပေါ်ကျလာတာ ဖြစ်မှာပေါ့၊ တော်သေးတာပေါ့ဟာ၊ ငါးရောင်းတဲ့သူနဲ့ ဝင်မတိုက်မိလို့၊ နို့မို့ဆို ငါ့ခေါင်းပေါ် ပိသာလေးကျမလား၊ ငါးခုတ်ဓားပဲ ကျမလား မသိဘူး'

သူ့အပြောကြောင့် စပါးက မျက်စောင်းထိုးရင်း…။

'ပြောရှေ့မယ် ပေါက်တက်ကရ၊ ဒီမှာတော့ သူ တကယ်ခေါင်းကွဲသွားတာလားလို့ စိုးရိမ်လိုက်ရတာ'

'ငါလည်း ရူးချင်သလိုလိုဖြစ်သွားတာပဲ၊ ခေါင်းက ဘာမှလည်းမနာ၊ သွေးတွေကျတော့လည်း ထွက်နေဆိုတော့၊ ဟား… ဟား…'

ပြောပြီး နေသစ်က စက်ဘီးကလေးကို ကောက်ထောင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒုက္ခပဲ၊ စက်ဘီးထိုင်ခုံ၊ အဲ… အဲလေ ထန်းလက်ပြား က ဘယ်ရောက်သွားတယ် မသိဘူး'

စက်ဘီးကို အသာပြန်ထားပြီး ထန်းလက်ပြားကို ရှာရပြန်တယ်။

'အဲဒီထန်းလက်ပြားက ပျောက်လို့မဖြစ်ဘူး'

ဟိုဟိုဒီဒီ ပြူးပြဲရှာနေမိတယ်။ ရွှေပျောက်လို့ ရှာသလိုလို၊ ငွေ ပျောက်လို့ ရှာသလိုလိုနဲ့ပေါ့။ သူ့အဖို့တော့ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးပျောက်သွားရင်တောင် ဒီလောက်ပူမှာမဟုတ်ဘူး။ နောက် အသစ်တစ်ခုထပ်ဝယ်ပေါ့လို့ လွယ်လွယ်ပြောမယ့်သူ။

အခုတော့ ထန်းလက်ပြားက နောက်အသစ်တစ်ခုဝယ်လို့ရတာ မျိုးမဟုတ်။ ထန်းပင်က ထန်းလက်က ကြွေကျမှရတာမျိုး။ အခုလို မြို့ လည်ခေါင်ကြီးမှာ ထန်းလက်ပြားရှာဖို့ (ရဖို့) ကိစ္စဆိုတာ ဗြဟ္မာ့ပြည်က အပ်တစ်စင်းနဲ့ လူပြည်က အပ်တစ်စင်း (ကွန်ပျူတာအကူအညီမပါဘဲ) အသွားချင်းတိုက်ရဖို့ကိစ္စလို မလွယ်ကူတဲ့အဖြစ်။

'ဟိုက်… တွေ့ပြီ'

ကံအကြောင်းသင့်စွာပဲ တစ်ဖက်လမ်းဘေးမှာ ထန်းလက်ပြား ကလေးကို တွေ့လိုက်ရတယ်။

ကံဆိုးချင်တော့ ထန်းလက်ပြားကလေးကို ပြေးကောက်ဖို့ လာတုန်း ရှိသေးတယ်။ လမ်းလျှောက်လာတဲ့ ကျောင်းသားတစ်ဖွဲ့က ထန်းလက်ပြား ကို ဘောလုံးမဟုတ်မှန်း သိသိကြီးနဲ့ ခြေကမြင်းပြီး ကန်သွားကြတယ်။ ကန်ချက်ကလည်း ပြင်းသလားမမေးနဲ့။ ဝါးနှစ်ပြန်ခွဲလောက်တော့ ဝေးသွား တာပဲ။

မထူးပါဘူး။ လိုက်ကောက်ရုံ ရှိတော့တာပေါ့။

'တီ… တီ…'

ထန်းလက်ပြားကလေးကို ကောက်မလို့ ရှိသေး။ နောက်ထပ်တခြား

www.burmeseclassic.com



လိုက်ရတဲ့ ဆိုင်ကယ်ဟွန်းသံကြောင့် နောက်တစ်လှမ်းဆုတ်ပြီး ရှောင်ပေးလိုက်ရတယ်။

ဆိုင်ကယ်ကလည်း အိုဗာဝိတ်ဖြစ်လို့ လေးယောက်ကြီးများတောင် ပူးကပ်ထိုင်ပြီး စီးလာတာ။

"ဟိုက်... သွားပါပြီ"

အိုဗာဝိတ်ဆိုင်ကယ်ကြီးက နေသစ်ထန်းလက်ပြားကို တက်နင်းပြီး ထက်ခြမ်းခွဲသွားတာကိုး။

"သွားပြီ၊ သွားပြီ၊ ဒါ အစားထိုးမရတဲ့ ဆုံးရှုံးမှုပဲ၊ တောက်..."

❋

www.burmeseclassic.com

www.burmeseclassic.com

'နေပါဦး၊ နင်က ဘာလို့စတန့်ထွင်ပြီး ထန်းလက်ပြားကို စက်ဘီး ထိုင်ခုံ လုပ်လာရတာတုန်း'

စပါးက နေသစ်ကို ကရုဏာဒေါသနဲ့ ဟောက်တယ်။

နေသစ်က မဟောက်စဖူး အဟောက်ထူးပါတယ်လို့တွေးရင်း…

'ငါက စတန့်ထွင်လာတာ မဟုတ်ဘူး၊ ဒီကိုလာခါနီး စက်ဘီးထိုင်ခုံကို ဘယ်ကောင်ဖြုတ်သွားတာမှန်းမသိဘူး၊ ထိုင်စီးစရာ ထိုင်ခုံမရှိတာနဲ့ အဆောင်မှူးရဲ့ကလေးတွေ ဒန်းလွဲလုပ်စီးနေတဲ့ အဲဒီ ထန်းလက်ပြားကိုယူပြီး စီးလာခဲ့ရတာပဲဟာ၊ အခုတော့ စက်ဘီးတခြား လူတခြားနဲ့ လူလယ်ခေါင်မှာ အရှက်လည်းကွဲရသေးတယ်၊ ဟင်းသည် မိန်းမကြီးကိုလည်း နောက်တစ်နေ့အတွက် အရင်းပြန်ပေးလိုက်ရသေးတယ်၊ အဆောင်မှူးသား ဆော်မောင်နှစ်ယောက်ကလည်း သူတို့ထန်းလက်ပြားမရှိတော့ရင် ပြဿနာ ထ မိုးမီးလောင်တော့မယ်'

'ဟိ… ဟိ… ခွိ… ခွိ…'

နေသစ် တစ်ခါမှ မကြားဖူးတဲ့ ရယ်သံတစ်ခု။

အချိုလွင်ဆုံး ရယ်သံတစ်ခု…။

ပန်းဖူးတွေကို ပွင့်သွားစေမယ့် ရယ်သံ။ ကျေးငှက်တွေ အိပ်တန်းစ ဆားကို ရပ်တန့်နားစွင့်ရမယ့် ရယ်သံ။ စီးလက်စ စမ်းချောင်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရစ်တန့်သွားစေမယ့် ရယ်သံ။ ကြယ်တွေ လတွေ ခယလာရမယ့် ရယ်သံ။ နောက်ဆုံး နေသစ်ရဲ့ ရင်ခုန်သံစည်းချက်တွေ ပရမ်းပတာ စည်းလွတ်သွားစေတဲ့ ရယ်သံ။

ချိုလွင်စွာ ဖူးပွင့်သီကုံးထားတဲ့ ရယ်သံကလေး။

'စပါး... နင်... နင်... ရယ်တယ်နော်'

'အင်းလေ... ငါ... ရယ်တာပေါ့ ဟင်း... ဟင်း'

'ဟား... ဟား... ငါ... ငါ... ဝမ်းသာလိုက်တာဟာ'

❋

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၈)

စပါးရဲ့ရယ်သံဟာ ချစ်တယ်ဆိုတဲ့ အဖြေတစ်ခုရဖို့အတွက် တစ်
ကြိတ်သေချာမှုကို ဖော်ပြနေတာပဲ။ ဘာလို့လဲဆိုတော့ စပါးလို မိန်းကလေး
မျိုးက တော်ရုံတန်ရုံ ယောက်ျားလေးမျိုးဆို စဉ်းစားဖို့မပြောနဲ့ ခေါင်းအုံလေး
ပြီး ဦးနှောက်ဖိုင်ထဲမှာတောင် ထည့်ထားမှာ မဟုတ်ဘူးလေ။

နေသစ် ကိုယ့်အတွေးနဲ့ကိုယ် တွေးတွေးပြီး ပျော်နေတယ်။ အဲဒီ
အပျော်တွေကြောင့် သောက်လက်စ လက်ဖက်ရည်ဟာ ပိုပိုခါးလာတယ်လို့
ခံစားရတယ်။ ဆိုင်ထဲမှာဖွင့်ထားတဲ့ သီချင်းသံကလည်း အခါတိုင်းလို
ဆူညံဘဲ ပိုမိုငြိမ့်ညောင်းလာတယ်လို့ ထင်မိပြန်တယ်။ ချထားပေးလာတဲ့
နံ့နွေးကြမ်းအိုးကလည်း လက်ဖက်ခြောက်ပိုကျနေသလား မှတ်ရတယ်။
လမ်းပေါ်မှာ သွားလာနေတဲ့ ကျောင်းသူကျောင်းသားတွေကိုကြည့်ရတာ
လည်း အရောင်အသွေးတောက်ပ စိုပြည်သစ်လွင်နေတယ်ထင်တယ်။ ဆိုင်ထဲမှာ
ထိုင်သောက်နေကြတဲ့ ကျောင်းသူကျောင်းသားတွေလည်း လန်းဆန်းတက်ကြွ
ပြီး သွက်လက်နေသလိုပဲ။ (သွက်လက်နေမှာပေါ့၊ အစားစားနေကြတာကိုး
ငွေရှင် သူများက ဝင်တွယ်သွားမှာပေါ့)။

www.burmeseclassic.com



ဒါပဲလေ။ ဒီလိုပဲဖြစ်ရမှာပေါ့။ ချစ်သူ့အကြောင်းနဲ့ ပတ်သက်ပြီး ကြည်နူးချမ်းမြေ့စရာ ခံစားရတဲ့အခါ ကမ္ဘာပျက်တဲ့နေ့ကိုတောင် သာယာ လိုက်တာလို့ ပြောမိကြမလားမသိဘူး။

နေသစ် အဲဒီလို ရူတိုင်းသာ ဖြစ်နေတုန်းမှာပဲ ဖွန်ဖွန်နဲ့ မေသက် ပိုင်တို့ ရောက်လာကြတယ်။

'ဟော့… စပါးကရော'

နေသစ် ဟန်မဆောင်နိုင်ဘဲ လှမ်းမေးလိုက်ရတော့တယ်။

စပါးကို တွေ့ချင်လှပြီကိုး။

'အေး… စပါး နောက်က လာလိမ့်မယ်၊ ဟိုအနားမှာ သူ့ဆရာ နဲ့တွေ့လို့ စကားပြောကျန်ရစ်ခဲ့တယ်၊ ငါတို့ကတော့ အသာကလေး ထွက်ခဲ့တာ ဟီး… ဟီး…'

မေသက်ပိုင်နဲ့ ဖွန်ဖွန်တို့က သူတို့စားစရာသောက်စရာတွေ မှာတယ်။ စားစရာ သောက်စရာတွေ ရောက်လာပြီးမှ မေသက်ပိုင်က အရေးတကြီးလေသံမျိုးနဲ့…

'ဟဲ့… နေသစ်'

'ဟာ… ဘာလဲဟ၊ အလန့်တကြား'

'ငါက စပါးအကြောင်း ပြောစရာရှိလို့ဟ'

'ဘာလဲ၊ ဘာလဲ၊ စပါးအကြောင်းဆိုပြော'

စပါးအကြောင်းဆိုတာနဲ့ နေသစ် ပျာပျာသလဲ ဖြစ်သွားရတယ်။ ဆပ်ပြာသည်လင်ပျောက်သလိုဖြစ်နေရတာနဲ့ပဲ မေသက်ပိုင်က ဖွန်ဖွန့် မျက်စိတစ်ဖက်မှိတ်ပြလိုက်တာကို မမြင်လိုက်တော့ဘူး။ တစ်ခါတလေ မျောက်တွေတောင် သစ်ကိုင်းလွတ်တတ်ကြသေးတာပဲ။ နေသစ်လည်း ဘာ မျောက်မို့လို့လဲလေ။

'ပြောဟာ'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါ ပြောမယ်၊ နှင် စိတ်ခိုင်ခိုင်ထားနော်'

'ဟင်'

မေသက်ပိုင်က သူ့စကားနဲ့ သူ ကြိုတင်ပြီး (စိတ်ခိုင်ခိုင်ထားလို့ ညီး ပြောသေးရဲ့) စိတ်ဓာတ်ချောက်ချားအောင်လည်း လုပ်လေရဲ့။

'စပါးက မိန်းမစစ်စစ် မဟုတ်ဘူး'

'ဘာ'

'ဟုတ်တယ်၊ စပါးက မိန်းမစစ်စစ် မဟုတ်ဘူး၊ သူ့ကိုမွေးက ညီးက ပုံသဏ္ဍာန်မကွဲမပြားနဲ့ မွေးလာတာ၊ အဲဒါမျိုးမွေးတာတွေ နှင်လည်း ဘူးမှာပေါ့၊ မိန်းကလေးသိပ်လိုချင်နေတဲ့ သူ့မိဘတွေက သူ့ကို နိုင်ငံခြား သွားပြီး မိန်းကလေးဖြစ်အောင် ခွဲစိတ်ကုသခဲ့တာ၊ စပါးက မိန်းကလေး ဘာ မိန်းကလေးပဲ၊ ဒါပေမဲ့ ဟိုဒင်း… အင်း… ဘယ်လိုပြောရမလဲ၊ … အိမ်ထောင်ပြုလို့မရဘူး၊ အဲဒါဆို နှင် သဘောပေါက်ပါတယ်နော်'

'တော်… တော်… ဆက်မပြောနဲ့တော့ဟာ'

နေသစ် စိတ်ထဲမှာ ကမ္ဘာကြီး ချာချာလည်နေသလို ခံစားနေရ ယ်။ (တကယ်လည်း ကမ္ဘာကြီးက ချာချာလည်နေတာပါပဲ)။

စောစောက သာယာတယ်လို့ထင်ထားသမျှတွေဟာလည်း ည နာရီကျော်သွားတဲ့ ဆင်းဒရဲလားရဲ့ အဝတ်အစားတွေနဲ့ ဖိနပ်တစ်ဖက်လို ခြည်း ပျောက်ကွယ်သွားရတော့တယ်။

ဖြစ်မှဖြစ်ရလေ။

ဒီလိုအဖြစ်မျိုးက ဒီလောက်လှတဲ့ စပါးမှာမှ ဖြစ်ရတယ်လို့။ ကျကျရွေးချယ်ပြီး ရက်စက်တတ်တဲ့ ကံကြမ္မာကို (အကောင်အထည် ဖြလို့သာရရင်) နှပ်နှပ်စင်းပြီး စင်းကောကြော်စားပစ်လိုက်ချင်တယ်။

စပါးရယ်… သူ့စိတ်ထဲမှာ နှမြောတသဖြစ်လို့ မကုန်နိုင်။

ဒီလောက် အချိုးအဆစ်ကျကျ ဖွံ့ဖွံ့ဖြိုးဖြိုး လှနေတဲ့စပါးကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါအစိတ်အပိုင်းမပြည့်စုံသူ၊ ချွတ်ယွင်းသူလို့ စွပ်စွဲရမှာ မဝံ့မရဲစရာ
မထင်ရက် မတွေးရက်စရာမျိုး။ ရက်စက်လိုက်တဲ့ ကံကြမ္မာရယ်။ တကယ်
ဆို ဒီအဖြစ်မျိုး စပါးမှာဖြစ်မယ့်အစား ငါ့မှာ ဖြစ်လိုက်ပါတော့လား
အဲ… ဟုတ်သေးပါဘူး။ နေသစ် သူ့ဘာသူတွေးပြီး သူ့ဘာသူမှားမှန်းပြ
သွားတယ်။ သူ့မှာ အဲဒီလိုဖြစ်နေရင် စပါးကို သူ ဘယ်လိုလုပ်လက်ထပ်
ရတော့မှာလဲ။ ဘွာတေး… ဘွာတေး…။

အခုလို အနေအထားမျိုးမှာ စပါးကို လက်ထပ်ရဲပါ့မလား။ ကိုယ်
ကိုယ်ကိုယ် ပြန်မေးနေမိတယ်။

သားသား မီးမီးကလေးတွေ ရဖို့ဆို ထည့်မစဉ်းစားနဲ့ဦး။ လော
လောဆယ်မှာပင် အိမ်ထောင်ရေးသုခဟု ခေါ်ခေါ်နေကြတဲ့ ကိစ္စကြီး
လုပ် မဆောင်ရွက်နိုင်၊ မပြည့်စွမ်းနိုင်တဲ့ သူမကို ကြည်ဖြူနိုင်ပါ့မလား
ဒါဟာ အိမ်ထောင်ရေးရဲ့သော့ချက်တစ်ခု။

'ဟိုမှာ စပါး လာနေပြီ၊ ငါတို့သွားနှင့်မယ်၊ နှင်တို့ လွတ်
လပ်လပ် စကားပြောနှင့်ကြဦး၊ ဒီအကြောင်းတွေကိုလည်း စပါးကိုယ်တိုင်
ငါ့ကိုပြောခိုင်းလို့ ပြောလိုက်ရတာ၊ ငါ တကယ်စိတ်မကောင်းပါဘူး'

စပါး ခပ်လှမ်းလှမ်းအရောက်မှာပဲ မေသက်ပိုင်နဲ့ ဖွန့်ဖွန့်တ
ထဲက ထွက်သွားပြီး တစ်ဖက်လမ်းကို ကူးသွားကြတယ်။

စပါး လှမ်းလျှောက်ဝင်လာပုံကလေးကို ဆွေးဆွေးကလေး
ကြည့်နေမိတယ်။

'ဟိုနှစ်ကောင်က ဘယ်ထပြေးကြတာလဲ'

စပါးရဲ့အမေးစကားကို ပြန်မဖြေမိ။ ဆွေးမပြေတဲ့ မျက်ဝန်း
သာ ငေးစိုက်ကြည့်နေမိတယ်။

'ဟိုနှစ်ကောင်ကရောဆို'

'စပါး'



www.burmeseclassic.com

www.burmeseclassic.com



အမေးကိုမဖြေဘဲ ပြန်ပြီးခေါ်နေတဲ့ နေသစ်ကို စပါး ဘာပါလိမ့် ဆိုပြီး မော့ကြည့်တယ်။

'စပါးကို ကိုယ် လက်ထပ်မယ်'

'ရှင်'

'စပါး ဘာပဲဖြစ်ဖြစ် ဘယ်လိုဘဝမျိုးဖြစ်ဖြစ် ကိုယ် ဂရုမစိုက်တော့ဘူး'

'ကိုယ့်ဘဝမှာ ကျန်တာတွေ ဘာမှအရေးမကြီးဘူး၊ ဘာမှလည်း မလိုဘူး၊ စပါးရဲ့အချစ်ကလွဲရင် ဘာမှမလိုဘူး၊ စပါးဘဝကို ကိုယ်နားလည်တယ်၊ စပါးရဲ့ဘဝကို ကိုယ် သနားတယ်၊ စပါးရဲ့ဘဝကို နှမြောတယ်'

'ရှင်… ကျွန်မ… ကျွန်မဘဝက ဘာ… ဘာဖြစ်လို့လဲဟင်'

'ရှက်မနေပါနဲ့တော့ စပါးရယ်၊ မေသက်ပိုင်ပြောပြလို့ အကုန်သိပြီးပါပြီ၊ စပါးရဲ့ကံဆိုးမိုးမှောင်ကျတဲ့ဘဝထဲကို ကိုယ်ဝင်လာခဲ့မယ်'

'ဘုရားရေ'

နေသစ်ရဲ့ လက်တွေက စပါးရဲ့လက်ဖမိုးကို အုပ်ကိုင်လိုက်တယ်။

ရုတ်တရက် အငိုက်မိသွားတာမို့ စပါးလည်း မရှန်းသာဖြစ်သွားတော့တယ်။

'စပါးကို ကိုယ် သိပ်ချစ်တယ်၊ စပါးဆီက ကိုယ် ဘာကိုမှ မလိုအပ်ပါဘူး၊ စပါးရဲ့ အချစ်ကလေးတစ်ချစ်ကလွဲရင်ပေါ့၊ စပါးကို ကိုယ် သိပ်ချစ်တာပဲ၊ ဘာမှအားမငယ်နဲ့တော့နော် စပါး၊ ဒါ အားငယ်စရာလည်း မဟုတ်ဘူး၊ အတိတ်ဘဝက အကုသိုလ် ဝဋ်ကြွေးကြောင့် ဒီလိုဖြစ်ရတယ်လို့ သဘောထားလိုက်နော်'

'ဘာ… ဘာတွေပြောနေတာလဲ၊ နားမလည်တော့ဘူး'

'ဩော်… ဒါက စပါးက တရားဒေသနာတော်နဲ့ ဝေးနေလို့ပါ ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်း၊ ယောကျ်ားလည်းမဟုတ် မိန်းမလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဖြစ်ခြင်းဆိုတာ ဇာတိပဋိသန္ဓေမတည်ခင် အရင်ဘဝက…'

'ဟော်တော်… ဒုက္ခပါပဲ'

ခေါင်းကုတ်မလို့လုပ်ပြန်တော့လည်း လက်နှစ်ဖက်က နေသစ် ဆွဲထားတာနဲ့ လှုပ်လို့မရ။

နေသစ်ကတော့ တရားဟောလို့ကောင်းတုန်း။

'တကယ်တော့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးနဲ့ ဖွဲ့စည်းပြီး အပုပ်ကောင် ရုပ်ဆောင်နေတဲ့ ခန္ဓာကိုယ် အတ္တဘောကြီးကို မက်မောနေစရာ မလိုပါဘူး၊ ဒီတော့ ရုပ်နာမ် ခန္ဓ သင်္ခါရတွေဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်ဆုံးသွားတဲ့အခါ သောတာပတ္တိမဂ်ဉာဏ်ရရော၊ အဲဒီသောတပတ္တိမဂ်ဉာဏ်ကနေတစ်ဆင့် သကဒါဂါမ်၊ အနာဂါမ်၊ နိဗ္ဗာန်တိုင်အောင် တက်လှမ်းနိုင်၊ အဲ… ပြောရင်း ပြောရင်းနဲ့ တရားဖြစ်သွားပါလား၊ ဟုတ်သေးပါဘူး၊ စပါးကို ကိုယ် သိပ်ချစ်တာပဲ၊ စပါးကို ကိုယ်လက်ထပ်မယ်၊ စပါးရဲ့ဘဝဆိုးထဲကို ဝင်လာပြီ'

'လာပြန်ပြီ၊ ဒီဘဝဆိုး၊ ဒီနေ့ ဘာတွေဖြစ်နေတာလဲမသိဘူး'

စပါး စိတ်ပေါက်ပေါက်နဲ့ ရေရွတ်မိတယ်။

နေသစ်ကတော့ အဟုတ်တကယ် အသည်းအသန်ခံစားပြီး ရင်နှင့်အမျှ စကားတွေဖောင်ဖွဲ့လို့ကောင်းတုန်း။

ဒီမီးကိုမွေးခဲ့တဲ့ မေသက်ပိုင်နဲ့ ဖွန်ဖွန်ကတော့ ကွယ်ရာကနေ သူတို့ခြေယာန်လက်ဟန်တွေကို ချောင်းကြည့်ပြီး ရယ်လို့ကောင်းတုန်း။ ဖွန်ဖွန်က နေသစ်မသိအောင် နေသစ်ရဲ့ လွတ်အိတ်ကလေးထဲကို ရစ်ကော်ဒင်းခလုပ်နှိပ်ပြီးထည့်ထားခဲ့တဲ့ ကတ်ဆက်ကလေးရဲ့ တိပ်ခွေကလေးထဲမှာတော့ သူတို့ရဲ့အသံတွေ ဝင်လို့ပေါ့။

ဘာမှမသိရှာတဲ့ နေသစ်ကတော့ စကားတွေပြောလို့ကောင်းတုန်း။

❋

မြစ်ခွဲဇဝင်းတာယ်

www.burmeseclassic.com

www.burmeseclassic.com



'စပါးရယ်... ရယ်သံတစ်ခုရဲ့ နောက်ဆက်တွဲရလဒ်ဟာ ဝမ်းနည်းကြေကွဲစရာအလွမ်းတွေ၊ အဆွေးတွေတော့ မဖြစ်သင့်ပါဘူးနော်၊ ရယ်သံတစ်ခုရဲ့နောက်မှာ ဝမ်းသာစရာ၊ ပျော်ရွှင်စရာတွေပြည့်နေတဲ့ အချစ်အိမ်တစ်ခုပဲ ဖြစ်သင့်ပါတယ် စပါးရယ်...နော်၊ မဟုတ်ဘူးလား၊ နောက်ဆုံး ကိုယ်တို့ဖြတ်သန်းခဲ့တဲ့ ခေတ်တစ်ခေတ်လုံးရဲ့ရယ်သံတွေဟာ ချစ်ခြင်းနံ့ရဲ့ကို ဖောက်ခွင်းတဲ့ရယ်သံတွေပဲ ဖြစ်သင့်ပါတယ်နော်... စပါးရယ်...'

.....

.....

.....

*စာဖတ်ပရိသတ်များအား လေးစားကြိုးစားလျက်...*

www.burmeseclassic.com